# မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
၂၀၂၆ ခုနှစ်၊ ဧပြီ ၁၉ ရက်၊ တနင်္ဂနွေနေ့


**ကြည်နူး ရွှင်မြူး နှစ်ဦးမင်္ဂလာ**

...မကျန်မြားမြောင်၊ စေ့စုံအောင်လျှင်၊ ဆောင်ယောင်ထီးစည်၊ ဘွဲ့မည်ဌာနန်၊ ထိုက်တန်ဂုဏ်လျောက်၊ ထပ်ခါလျောက်မှ၊ ချီးမြှောက်ဖြိုးကဲ၊ လူခပဲအား၊ စွန့်ကြဲပေးကမ်း၊ လွေ့လွေ့ယမ်းနှင့်၊ ထောင်တမ်းလေးရပ်၊ မြဲစောင့်ကြပ်လျက်၊ ကျဉ်းကျပ်ခံသူ၊ လွတ်တော်မူ၍၊ မပူချမ်းမြေ့၊ လန်းလန်းကြွေ့သား၊ ရေတွေ့ငုံအာ၊ အိုင်ကြီးကြာသို့၊ မျက်နှာအထူး၊ လွန်ကြည်နူးသည်၊ ရွှင်မြူး လူရှင် ရဟန်းတည်း။ ။

မဃဒေဝ ပိုဒ်ရေ - ၇၀

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ချီးမြှင့်တော်မူအပ်သော ချမ်းသာပွားကြောင်းနှစ်သစ်မင်္ဂလာဆုတောင်းလွှာ

စာ - ၁၆ သို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်၏ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကား

**❖ မြန်မာပြည်တွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ပြည်ပမှာနေထိုင်ကြတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ ဟန်ချက်ညီစွာနဲ့ မေတ္တာတရားလက်ကိုင်ထားလျက် ခရီးဆက်နိုင်ကြပါစေ . . .**



**မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ မြန်မာနှစ်သစ်ကူးအခါသမယမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူနိုင်ငံသား မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများနဲ့တကွ ပြည်ပမှာရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားများ၊ ကမ္ဘာသူကမ္ဘာသားအားလုံး ဘေးရန်အပေါင်းမှ ဝေးကွာကြပါစေ၊ ကာယစိတ္တ နှစ်ဖြာသောသုခတို့နဲ့ ပြည့်စုံနိုင်ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက် မေတ္တာပို့သအပ်ပါတယ်။

ယနေ့ဟာ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်တာကြောင့် နှစ်ဟောင်းမှာကြုံတွေ့ခဲ့ရတဲ့အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို မိဘပြည်သူများနဲ့ အတူ ရင်ဆိုင်ကျော်ဖြတ်ခဲ့ကြရသလိုပဲ အခုနှစ်သစ်မှာလည်း မိမိတို့အားလုံး စည်းလုံးညီညွတ်မှု၊ လုံ့လဝီရိယ၊ မလျှော့သောစွမ်းပကားတို့နဲ့အောင်မြင်စွာဖြတ်သန်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်ဖို့အတွက် မူလဦးတည်ရည်မှန်းချက်အတိုင်း လွတ်လပ်ပြီး တရားမျှတမှုအပြည့်အဝရှိတဲ့

စာမျက်နှာ ၅ ကော်လံ ၁ ☆

**ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း**

စာ - ၆ သို့

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် အမိန့်အမှတ် ၃၉/၂၀၂၆ ထုတ်ပြန်**

စာ - ၇ သို့

**ဆောင်းပါး**

**ငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာ နှစ်သစ်မင်္ဂလာ**

စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၁၆ ခုနှစ်၊ မေ ၁၉ ရက်)

### အေးချမ်းသာယာပျော်ရွှင်စွာဖြင့် စည်းလုံးညီညွတ်သောမြန်မာ

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော ရဟန်းရှင်လူပြည်သူများအပေါင်းသည် နှစ်သစ်သို့ ရောက်ရှိလာသည့်အခါသမယတွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများပြည့်စုံ၍ နိုင်ငံနှင့် လူမျိုးကောင်းကျိုးသယ်ပိုးဆောင်ရွက်အောင်မြင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်မှ ၁၃၇၈ ခုနှစ်သို့ကူးပြောင်းသည့်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး အတာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ ဆင်နွှဲခဲ့ကြပြီးဖြစ်သည်။ အတာသင်္ကြန်ပွဲတော်ဆင်နွှဲနေသည့်မြင်ကွင်းများကို နိုင်ငံတကာကလည်း မြင်တွေ့ကြပြီးဖြစ်၍ မြန်မာတို့၏စည်းလုံးညီညွတ်မှု အင်အား၊ အေးချမ်းပျော်ရွှင်မှုတို့နှင့်အတူ နိုင်ငံ၏ဂုဏ်သိက္ခာသည်လည်း ပိုမိုမြင့်မားလာခဲ့ပြီဖြစ်သည်။

ရေလိုအေး၍ ပန်းလိုမွှေးစေခဲ့ပြီး အေးချမ်းပျော်ရွှင်နေသော ပြည်သူတို့၏ပုံရိပ်များကို မြင်တွေ့ရသည်မှာ မြန်မာနိုင်ငံ၏အနာဂတ်တွင် မကောင်းသောဘေးရန်အပေါင်းကင်းစင်၍ ကောင်းသောပျော်ရွှင်ကြည်နူးမှုများ ပြည့်စုံတော့မည့်နိမိတ်ကောင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိခြင်းနှင့်အတူ အဆိုပါစနစ်ကိုအောင်မြင်အောင်ဦးဆောင် အကောင်အထည်ဖော်ဆောင်မည့် ပြည်သူတို့တစ်ခဲနက်အားပေးသည့် အစိုးရတစ်ရပ်လည်းပေါ်ပေါက်နေပြီဖြစ်သည်။ နှစ်သစ်သို့ရောက်လေတိုင်း မိမိတို့ဘဝတိုးတက်သာယာရေးအတွက် နှစ်ဟောင်းကထက် ပိုမိုကြိုးပမ်းဆောင်ရွက်ကြသကဲ့သို့ မိမိတို့မှီတင်းနေထိုင်သည့်နိုင်ငံတော်ကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း ပြည်သူတစ်ရပ်လုံးက ညီညီညွတ်ညွတ်ရှိနေမည်ဆိုပါလျှင် ၁၃၇၈ ခုနှစ်မှာ ပျော်ရွှင်ကြည်နူးဝမ်းမြောက်ဖွယ်ကောင်းသည့်နှစ်သစ်ဖြစ်နေပေမည်။ ထိုသို့ဖြစ်နေစေရန်လည်း လူငယ်၊ လူရွယ်၊ လူကြီးအားလုံးက မိမိတို့တတ်စွမ်းသည့်ဘက်မှ ပါဝင်သယ်ပိုးဆောင်ရွက်ကြရမည်ဖြစ်သည်။ နှစ်သစ်သို့ရောက်ရှိလာတိုင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်သံဃာတော်များ၊ နိုင်ငံတော်အကြီးအကဲနှင့်အစိုးရအဖွဲ့ဝင်များ၊ ဘာသာရေးလူမှုရေးအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များက နှစ်သစ်ကိုကြိုဆိုသည့်နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်၏ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားတွင် **“ယခုလိုထူးခြားတဲ့ နှစ်သစ်ကူးနေ့ထူးနေ့မြတ်အခါသမယမှာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီအစိုးရအသစ်နဲ့ လွှတ်တော်များဟာလည်း ပြန်လည်အသက်ဝင်လာပြီဖြစ်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် စာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်ဦးဆောင်တဲ့ နိုင်ငံတော်အစိုးရသစ်အနေနဲ့ အခုနှစ်သစ်ကစပြီး တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမအားလုံးတို့ရဲ့ လိုအင်ဆန္ဒများနဲ့ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ထာဝရငြိမ်းချမ်းရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အောင်မြင်အောင် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲတစ်ယောက်အနေနဲ့ ကတိသစ္စာပြုထားတဲ့အတိုင်း အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံနဲ့ ပြည်သူအားလုံးအကျိုးကို သစ္စာရှိစွာနဲ့ ဦးထိပ်ပန်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်”**ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးမှာ အလွန်အရေးပါလှသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံမှာဖြစ်ပေါ်ခဲ့ရတဲ့ ထိခိုက်ဆုံးရှုံးမှုတွေကို ထောက်ရှုပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းအားလုံး လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး နိုင်ငံရေးလမ်းကြောင်းမှတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းခြင်းဖြင့် နိုင်ငံတော်၏ကောင်းကျိုးကိုရှေးရှုကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးတံခါးကိုထာဝရဖွင့်ထားပြီး လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိနိုင်ငံ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးကိုအလေးထားလုပ်ဆောင်သင့်ပြီဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည်မှာ ထာဝစဉ်လက်ကိုင်ပြုဆောင်ရွက်ရမည့်အမျိုးသားရေးတာဝန်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်ရန်အတွက် ဦးဆောင်မှုပြုနေချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးကလည်း လိုက်ပါဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ မိမိတို့တိုင်းရင်းသားအားလုံး စုပေါင်းနေထိုင်သည့် မြန်မာနိုင်ငံသည် “အေးချမ်းသာယာပျော်ရွှင်စွာဖြင့် စည်းလုံးညီညွတ်သောမြန်မာ” အဖြစ် ဂုဏ်သိက္ခာမြင့်မားစွာ တည်ရှိနေမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲကျင်းပ

**မင်းဘူး မေ ၁၈**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူးအခါသမယ နှစ်ဦးကောင်းမှုကုသိုလ် အလှူတော်မင်္ဂလာအဖြစ် အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲကို မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဧပြီလ ၁၇ ရက် ညနေပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲတွင် မင်းဘူးမြို့ ရွှေတွင်းကျောင်းပဓာနနာယက မြို့နယ်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသာသနနှင့် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်မှန်ကင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဇန အမှူးပြုသော ပင့်သံဃာဆရာတော်ကြီးများထံမှ မင်းဘူးခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ငါးပါးသီလခံယူဆောက်တည်ကာ ကမ္မဝါစာနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညို၍ လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကိုကျင်းပရာ အသက်သိက္ခာဂုဏ်ဝါကြီးမားကြကုန်သော သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းဟူသော မင်္ဂလာတရားတော်နှင့်အညီ အခမ်းအနားသို့ တက်ရောက်လာကြသူများက ဝန်ချတောင်းပန်ရှိခိုးကန်တော့ပြီး ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက နှစ်သစ်ကူးဆုတောင်းစကား ပြန်လည်ပြောကြားသည်။

ထို့နောက် သက်ကြီးဘိုးဘွားပူဇော်ပွဲတွင် မင်းဘူးမြို့ နမ္မဒါဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွား ၁၃ ဦးနှင့် မြို့ပေါ်ရပ်ကွက်များမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၄၀ ဦး စုစုပေါင်း ဘိုးဘွား ၅၃ ဦးအား ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက တစ်ဦးလျှင် အလှူငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၅၉၀၀၀၀ အပြင် အားဖြည့်အချိုရည်နှင့်ရေသန့်များ လှူဒါန်းပေးအပ်ကြပြီး ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သောဆေးဝါးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးကာ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့အစည်းများက ကြို/ပို့သွားလာနေထိုင်ရေးစသည့်လုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြကြောင်းသိရသည်။

**မောင်မောင်(မင်းဘူး)**

# ဆီဆိုင်မြို့နယ်ရှိ စော်ဘွားရေထိန်းတံခါးဆည်တွင် အပူရှောင်ရေကစားအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**ဆီဆိုင် မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် တဘက်ကျေးရွာအုပ်စု မဲဟိုင်းကျေးရွာအနီးရှိ စော်ဘွားရေထိန်းတံခါးဆည်တွင် နွေရာသီကာလ၌ အပူရှောင်ရေကစားအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

နွေရာသီကာလတွင် ရပ်နီးရပ်ဝေးရှိ ပြည်သူများအနေဖြင့် အပူရှောင်ရန်အတွက် စော်ဘွားရေထိန်းတံခါးဆည်သို့လာရောက်၍ ရေကစားခြင်း၊ ဈေးဆိုင်များရှိ ဒေသအစားအစာ ဝယ်ယူသုံးဆောင်ခြင်းတို့ဖြင့် မိသားစုဖြင့်လည်းကောင်း၊ သူငယ်ချင်းများစုပေါင်း၍လည်းကောင်း လာရောက်အပန်းဖြေသူများ စည်ကားလျက်ရှိကြသည်။

အဆိုပါ စော်ဘွားရေထိန်းတံခါးဆည်သည် ဆီဆိုင်မြို့အနောက်တောင်ဘက်ရှိ မဲဟိုင်းကျေးရွာအနီး တဘက်ချောင်းပေါ်တွင်တည်ရှိပြီး ဆီဆိုင်မြို့နှင့် လေးမိုင်ခန့်ကွာဝေးကာ မော်တော်ဆိုင်ကယ်၊ အိမ်စီးမော်တော်ယာဉ်ကားတို့ဖြင့် လာရောက်လည်ပတ်နိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၈**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ် နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၃၈၆၉၁၊ ၀၈၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ငဖဲမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့က အသက် ၈၀ နှစ်နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့



ငဖဲ ဧပြီ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲ မြို့နယ်ခန်းမ၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အသက် ၈၀ နှစ်နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ဧပြီလ ၁၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပူဇော်ကန်တော့ခံဘိုးဘွားများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအုန်းဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး တက်ရောက်လာကြသော တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များနှင့် ဘိုးဘွားများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ကာ ကုန်းမြင့်ရတနာဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသောမစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ကုန်းမြင့်ရတနာဘုန်းတော်ကြီးကျောင်း ဆရာတော်ဦးသောမစာရအား တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အသက် ၈၀ နှစ်နှင့်အထက် ဘိုးဘွား ၁၀၀ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ နှင့် လှူဖွယ်ပစ္စည်းစုစုပေါင်းတန်ဖိုးငွေ ငွေကျပ် ၅၃၇၀၀ ကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ပူဇော်ကန်တော့ကြကြောင်း သိရသည်။

မယု(ငဖဲ)

# ဂျပန်နိုင်ငံအတွက် မြန်မာလုပ်သားများခေါ်ယူရန် ကုမ္ပဏီ ၁၂၀ ကျော်မှ အလုပ်ကမ်းလှမ်းစာပို့လာ

ရန်ကုန် ဧပြီ ၁၈

ဂျပန်နိုင်ငံအတွက် မြန်မာလုပ်သားများခေါ်ယူရန် ကုမ္ပဏီ ၁၂၀ ကျော်မှ အလုပ်ကမ်းလှမ်းစာများပေးပို့လာကြောင်း တိုကျိုမြို့ရှိ မြန်မာသံရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"တိုကျိုမြို့ရှိ မြန်မာသံရုံးအနေနဲ့ Demand Letter တွေကို ဂျပန်ကုမ္ပဏီတွေဆီကနေ ပြန်ကြားစာလက်ခံရရှိတဲ့ ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးနေပါတယ်။ အခုလို ဆောင်ရွက်နိုင်ဖို့ စာရွက်စာတမ်း၊ အချက်အလက်တွေပေးပို့ပေးနိုင်အောင် ကုမ္ပဏီ ၁၂၇ ခုရဲ့စာရင်းကို (၈/၂၀၂၄) အနေနဲ့ ထုတ်ပြန်လိုက်ပါတယ်" ဟု ၎င်းကပြောသည်။

မြန်မာသံရုံးအနေဖြင့် ဂျပန်နိုင်ငံရှိ အလုပ်သမားကြီးကြပ်ရေးကုမ္ပဏီနှင့် အလုပ်ခေါ်ယူသည့်စက်ရုံ၊ ကုမ္ပဏီများ ဂျပန်နိုင်ငံ၌ တရားဝင်တည်ထောင်ထားခြင်း ရှိ၊ မရှိ စာရွက်စာတမ်းအထောက်အထားများစိစစ်ပြီး တွေ့ရှိချက်များ၊ သဘောထားမှတ်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အလုပ်သမားဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့သည့် လုပ်ငန်းစဉ်များအား ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ထုတ်ပြန်သည့်စာရင်းတွင် ဖော်ပြပါရှိသည့် ကုမ္ပဏီများအနေဖြင့် Demand Letter စိစစ်နိုင်ရန် အချက်အလက်များကို တိုကျိုမြို့ရှိ မြန်မာသံရုံးလိပ်စာသို့ လိပ်မူ၍ စာတိုက်မှတစ်ဆင့် ပေးပို့ပေးရမည်ဖြစ်ကြောင်း၊ ကြေညာချက်တွင်ပါရှိပါက ကြေညာချက်အမှတ်စဉ် ဖော်ပြပြီး စာရွက်စာတမ်းအထောက်အထားများကို စာတိုက်မှတစ်ဆင့် ပြန်လည်ပေးပို့ရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ဖြူဖြူ

# တောင်ငူမြို့နယ်အတွင်း နွေစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး ဧပြီလအတွင်း စတင်ရိတ်သိမ်းမည်



တောင်ငူ ဧပြီ ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်၌ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကုန်ပိုင်းက နွေစပါးစိုက်ဧကပေါင်း ၁၉၀၀၀ ကျော် စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းပြီး ယခုနှစ် ဧပြီလအတွင်း စတင်ရိတ်သိမ်းမည်ဖြစ်ကြောင်း တောင်ငူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တောင်ငူမြို့နယ်အတွင်း နွေစပါးများစိုက်ပျိုးရာတွင် ပသိဆည်၊ ကရင်ချောင်းဆည်၊ ကမ်းနီဆည်၊ ခပေါင်းဆည်နှင့် စစ်တောင်းမြစ်တို့မှ စိုက်ပျိုးရေများ အပြည့်အဝရရှိခြင်းနှင့် တောင်သူများ စနစ်တကျပြုစုပျိုးထောင်စိုက်ပျိုးခြင်းတို့ကြောင့် ဒေသအတွင်း နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဓိကအားဖြင့် အောင်နိုင်တိုး၊ ရေဆင်းပေါ်ဆန်း(၂)၊ နံ့ကောက်၊ ဆင်းသုခနှင့် ရက် ၉၀ စသည့်စပါးမျိုးများကို စိုက်ပျိုးထားပြီး အဆိုပါနွေစပါးများကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကုန်ပိုင်းမှစတင်စိုက်ပျိုးကာ နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ယခုနှစ် ဧပြီလအတွင်း စတင်ရိတ်သိမ်းမည်ဖြစ်သည်။

အဆိုပါနွေစပါးများ စိုက်ပျိုးရန်အတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများကို အချိန်မီဖြန့်ဝေပေးခဲ့သည့်အပြင် တောင်ငူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများကလည်း စံပြကွက်များဖော်ဆောင်၍ တောင်သူများအား မျိုးကောင်းမျိုးသန့်ရွေးချယ်ပုံ၊ ပျိုးထောင်ပုံနှင့် ပိုးမွှားကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဒေသခံ နွေစပါးစိုက်တောင်သူများကလည်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို အချိန်ကိုက်၊ အချိုးကျ စနစ်တကျအသုံးပြုခဲ့ကြသည့်အတွက် စပါးပင်များသန်စွမ်းပြီး အပင်ကြီးထွားနှုန်းကောင်းမွန်ကာ ပိုးမွှားကျရောက်မှုကင်းစင်ကြောင်း၊ တောင်ငူမြို့နယ်ရှိ တောင်သူများသည် ဒေသအတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် တခြားဒေသများသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် မိုးစပါး၊ နွေစပါးနှင့် မတ်ပဲတို့ကို အဓိကထားစိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# ညောင်ရွှေမြို့နယ် စိတ္တကျေးရွာ၌ RBF စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

ညောင်ရွှေ ဧပြီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်းခြံကေလာကျေးရွာအုပ်စု စိတ္တကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧပြီလ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက စိတ္တကျေးရွာ၌ RBF စီမံကိန်း ရန်ပုံငွေဖြင့် ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးသည်။

ထို့နောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုသည် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စိတ္တကျေးရွာ၌ ခရမ်းချဉ်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့ဝင် ၁၇ ဦးအား RBF စီမံကိန်းရန်ပုံငွေ ငွေကျပ် ၁၅ သန်းထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'မမစု ဘာလုပ်နေတာလဲ'

'ဒီလိုပါပဲ၊ ဟိုတွေး ဒီတွေးပေါ့'

'ဘိန်းဖြူပြတ်သွားပြီ မဟုတ်လား၊ ပြန်ပြီး စိုပြည်လာသလိုပဲ၊ ကျွန်တော် ဝမ်းသာလိုက်တာ'

ဝမ်းသာစကားပြောသော ညီလင်းညို၏မျက်လုံးများကို စုလှိုင်က စူးစိုက်၍ကြည့်လိုက်မိသည်။ ထိုစကားသည် ပါးစပ်ဖျားမှလာခြင်းလော၊ စိတ်ထဲမှလာခြင်းလော၊ အသည်းနှလုံး၏အတွင်းဘက်မှထွက်လာခြင်းလော သိလိုနေလေသည်။

'လုံးဝကို ပြတ်သွားပါပြီကွယ်'

'သိပ်ဝမ်းသာစရာ ကောင်းတာပဲ၊ ကျွန်တော်ချီးကျူးပါတယ်ဗျာ၊ မမစု တော်တယ်'

'ဘာလို့လဲ'

'တစ်ခါမှ မမှားဖူးတဲ့သူဟာ လူကောင်းတဲ့၊ ဒါပေမဲ့ အမှားထဲက ရုန်းထွက်နိုင်တဲ့ သူကတော့ လူတော်ပဲလေ'

ညီလင်းသည် ဒက်ဒီပြောသောစကားလုံးများကိုပင် အသုံးပြုကာ ပြောလေသည်ဟုတွေးရင်း စုလှိုင်သည် ပြုံးရယ်လိုက်မိလေသည်။

'ဒက်ဒီရဲ့ကျေးဇူးတွေပါကွယ်'

'ကျွန်တော်ကြားတယ်၊ မမစုရဲ့အဖေကိုတောင် လေးစားသွားမိတယ်'

'အဟုတ်လား'

'အဟုတ်ပြောတာပါ၊ ကျွန်တော် ကားထဲဝင်ထိုင်ရမလားဟင်'

ခွင့်တောင်းသလိုပြောသော ညီလင်းကို ငေးစိုက်၍ကြည့်ရင်း စုလှိုင်သည် အသာအယာခေါင်းညိတ်၍ ပြလိုက်သည်။ ညီလင်းသည် ကားတံခါးကိုဆွဲ၍ဖွင့်ကာ စုလှိုင်၏ဘေးတွင် ဝင်ထိုင်သည်။ သင်းပျံ့သောရေမွှေးနံ့လေးကို ရှူရှိုက်ရသော အခါတွင်ကား ယခင်ပုံစံအတိုင်း 'အားမွှေးလိုက်တာ'ဟုပြောလေသည်။

**''နန်းမိုးအေးဟူသည့် မိန်းမချောလေးသည် စုလှိုင်ကိုကြည့်ကာ လှိုက်လှိုက်လှဲလှဲပြုံးပြသည်။ သက်သက်က တစ်ခါပြောပြထားသောကြောင့် သူတို့အထက်တန်းက အချောဆုံးဟူသော စုလှိုင်ကို သူ ယခင်ကတည်းက သိနေသည်ဟုဆိုလေသည်။ သက်သက်၏သူငယ်ချင်း သူနာပြုဆရာမလေးကို စုလှိုင်က ငေးကြည့်ရင်း သူ့အကြောင်း ဘာတွေများပြောပြထားသလဲဟုစဉ်းစားနေမိသေးလေသည် . . .''**

'ကျွန်တော့်ကိုယ်ကတော့ နံစော်လို့၊ ကမာရွတ်မှာ ကားပျက်နေလို့ နှိုက်ချွတ်ပြီး ပြင်ခဲ့သေးတယ်'

ညီလင်းက အားနာသလိုပြောသည်။ သူ့လက်နှစ်ဖက်စလုံး စက်ဆီများနှင့် မည်းနေကာ ပါးပြင်တွင်ပါ အမည်းစင်းတစ်စင်း ထင်နေလေသည်။

'ကျွန်တော် စကားပြောချင်လို့သာ လာတာ၊ အမှန်ဆိုရင် မလာသင့်ဘူး၊ ကြည့်ပါလား ကျွန်တော့်သုံးဘီးလေး အလကားရပ်ထားရပြီ၊ နေ့တွက်နဲ့ငှားတာဆိုတော့ အချိန်တိုင်း တန်ဖိုးရှိနေတာ'

'ကဲကွယ် ဒီလိုဆိုရင် စုကို ခရီးသည် အနေနဲ့ပဲ သဘောထားလိုက်ပေါ့၊ ညီလင်း ပြန်တော့ သုံးဘီးခပေးလိုက်မယ်လေ'

'ဟာဗျာ၊ ကျွန်တော် ဒီလောက်မဆင်းရဲပါဘူး'

'အိုကွယ် စုက ဒီလိုသဘောပြောတာ မဟုတ်ပါဘူး၊ စုနဲ့စကားပြောနေတဲ့အချိန်အတွက် ညီလင်းကိုမနစ်နာစေချင်လို့ပါ'

'ဒီလိုဆို တကယ်ပေးမှာလား'

'တကယ်ပါ'

ညီလင်းကရယ်ကာ စုလှိုင်၏လက်ကလေးကို လှမ်း၍ဆုပ်ကိုင်လိုက်သည်။ သူ့လက်တွင်ပါ စက်ချေးများပေသွားသည်ကိုသိသော်လည်း စုလှိုင်မရုန်းမိပေ။

'သုံးဘီးခက ထောင့်ငါးရာတန်တယ် မမစုရဲ့'

'ဒါပေမဲ့ ငါးရာနှစ်ဆယ့်ရှစ်ကစပြီး မီတာချိုးရမှာပေါ့ ညီလင်းရယ်'

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ကြည့်ကာ ရယ်မိကြလေသည်။ စုလှိုင်၏ လက်ခုံတွင် မည်းသွားသည်ကိုတွေ့သော အခါ ညီလင်းသည် အားနာသွားသလို သူ့အိတ်ထဲမှလက်ကိုင်ပဝါကို ထုတ်ယူကာ ပြန်၍သုတ်ပေးလေသည်။ သို့သော် သူ့လက်က မည်းပေနေသဖြင့် သုတ်ရင်း မည်းရင်းနှင့် လုံးလည်ချာလည် လိုက်နေလေသည်။

'ထွန်းဆီကနေ စုရဲ့သတင်းအကုန်သိရတယ်၊ ထွန်းက ကျွန်တော့်သူငယ်ချင်းလေ'

'အင်း၊ ထွန်းပြောပြတယ်၊ တစ်လောကခေါင်းတုံးကြီးနဲ့ ဖြစ်သွားသေးတယ်ဆို၊ ဒါနဲ့ ညီလင်းက စုရဲ့သတင်းကို ဘာလို့ စုံစမ်းနေတာလဲ'

'စုံစမ်းတာမဟုတ်ပါဘူးဗျာ၊ ခရီးသွားဟန်လွှဲကြုံလို့ မေးကြည့်တာ'

ညီလင်းက စုလှိုင်ကို ဖျတ်ခနဲကြည့်လိုက်ပြီးမှ ခပ်ပေါ့ပေါ့ဖြေသည်။

'သြော်'

ရယ်ရွှင်နေသော စုလှိုင်၏မျက်လုံးအိမ်သည် အတန်ငယ်ကျဉ်းသွားလေသည်။ သံသယမျက်လုံးနှစ်စုံသည် တစ်စုံနှင့်တစ်စုံရင်ဆိုင်ကြည့်မိကြပြီး မရယ်ချင့်ရယ်ချင်ရယ်လိုက်ကြသည်။

ညီလင်းသည် စုလှိုင်၏နဖူးပြင်ပြန့်ပြန့်လေးကို အသာအယာရှိုက်နမ်းလိုစိတ်ဖြစ်ပေါ်လာရင်း စိုင်းမင်းအောင်ကို သတိရလာသည်။ သူနှင့် စုလှိုင်တို့ ရှစ်မိုင်ပျော်ပွဲစားရုံတွင် တစ်ခါတွေ့ကြစဉ်က စုလှိုင်၏ဘေးတွင် စိုင်းမင်းအောင်ပါလာခဲ့သည်။ နှစ်ငါးဆယ်တက္ကသိုလ် ရွှေရတုသဘင်ပွဲတုန်းကလည်း စုလှိုင်ဟူသည့် မိန်းမလှလေးသည် စိုင်းမင်းအောင်၏လက်မောင်းကို မှီတွယ်ပြီး လျှောက်လည်နေခဲ့သေးလေသည်။

'ဘယ်သူ့အကြောင်း တွေးနေသလဲ ညီလင်း'

'စိုင်းမင်းအောင်အကြောင်းပါ'

'ထင်သားပဲ'

'အခု သူဘယ်ရောက်သွားပြီလဲဟင်'

'မသိဘူး၊ ဖရက်ဒီမသေခင်ကပြောသွားတာတော့ ယိုးဒယားဘက် ရောက်နေတယ်တဲ့၊ သူ့ညီလေးနဲ့တော့ စုနဲ့ဗိုလ်ချုပ်ဈေးထဲမှာ တစ်ခါတွေ့သေးတယ်'

စုလှိုင်သည် စိုင်းနှင့်ဗိုလ်ချုပ်ဈေးထဲတွင် ပြန်၍ဆုံဖြစ်သည်။ စိုင်း၏ဘေးတွင် လှပချောမွေ့သော မိန်းကလေးတစ်ဦးပါလာလေသည်။ စုလှိုင်က ပြုံး၍နှုတ်ဆက်သောအခါမှ စိုင်းသည် ပြန်လည်ပြုံးရယ်လာလေသည်။ သူ့ဘေးမှ မိန်းကလေးနှင့်စုလှိုင်ကို မိတ်ဆက်ပေးသည်။

'သူက ကျွန်တော့်ရဲ့နန်းမိုးအေးပါ မမစု၊ သူနာပြုဆရာမလေးပါ'ဟု စိုင်းက ဂုဏ်ယူသောလေသံလေးနှင့်ပြောလေသည်။

နန်းမိုးအေးဟူသည့် မိန်းမချောလေးသည် စုလှိုင်ကိုကြည့်ကာ လှိုက်လှိုက်လှဲလှဲပြုံးပြသည်။ သက်သက်က တစ်ခါပြောပြထားသောကြောင့် သူတို့အထက်တန်းက အချောဆုံးဟူသော စုလှိုင်ကို သူ ယခင်ကတည်းက သိနေသည်ဟုဆိုလေသည်။ သက်သက်၏သူငယ်ချင်း သူနာပြုဆရာမလေးကို စုလှိုင်ကငေးကြည့်ရင်း သူ့အကြောင်း ဘာတွေများပြောပြထားသလဲဟုစဉ်းစားနေမိသေးလေသည်။ စိုင်းသည် သူ့အစ်ကို စိုင်းမင်းအောင်၏ အကြောင်းကို လေသံပင်မတိမ်းခဲ့ပေ။

'စိုင်းမင်းအောင်နဲ့စုနဲ့ ကြိုက်ခဲ့ကြသလားဟင်'

ညီလင်းက မေးသည်။ ညီလင်း၏ မျက်လုံးအစုံတွင် မနာလိုသော အရိပ်အယောင်များကို ဖျတ်ခနဲတွေ့လိုက်ရသဖြင့် စုလှိုင်ကျေနပ်သွားလေသည်။

'စု ဘယ်သူ့ကိုမှ မကြိုက်ဘူး'

'ထားပါတော့၊ ကျွန်တော်နဲ့ဖြစ်သလိုရော'

'ဒါတော့ ဖြစ်ခဲ့ဖူးတယ်'

'စုရယ်'

ညီလင်းက သက်ပြင်းချလိုက်သည်။ စုလှိုင်သည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ မျက်တောင်တဖျပ်ဖျပ်ခတ်နေမိလေသည်။

'ညီလင်းရော ဒီကြားထဲမှာ ဘာမှမဖြစ်ခဲ့ဘူးလား'

'ကျွန်တော်လား၊ ကျွန်တော် ဘယ်သူ့ကိုမှ ချစ်လို့မရခဲ့ဘူးလေ'

ညီလင်း၏အသံက ဒေါသနှင့်အဖျားခတ်ကာ တုန်၍နေလေသည်။ စုလှိုင်သည် စိတ်မကောင်းဖြစ်မိသော်လည်း ယခုကဲ့သို့ ညီလင်းတစ်ယောက် မလိုတမာဖြစ်နေသည်ကို သဘောကျနေမိသည့်အတွက် ကိုယ့်ကိုယ်ကိုပင် သိပ်နားမလည်ချင်ပေ။ သူ့စကားနှင့်ပင်သူ့ကို 'ညီလင်းရေ အပြုစားခံနေရပြီလား'ဟု မေးလိုက်ချင်စိတ်ပေါက်လာသည်။ **ဆက်လက်ဖော်ပြပါမည်။**

## သာပေါင်းမြို့နယ်၌ ဆောင်းသီးနှံ ဗိုလ်ကိတ်ပဲ ဧက ၃၀၀၀ ကျော် နှုတ်သိမ်းပြီးစီးပြီဖြစ်

သာပေါင်း ဧပြီ ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲဧက ၃၀၀၀ ကျော် နှုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ၁၃၉၇၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သောဗိုလ်ကိတ်ပဲများကို ယခုနှစ် မတ်လ ပထမပတ်က စတင်နှုတ်သိမ်းခဲ့ရာ ၃၂၁၉ ဧက နှုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ တစ်ဧကလျှင် ၁၆ ဒသမ ၅၈ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

''သာပေါင်းမြို့နယ်မှာ ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ၁၃၉၇၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဗိုလ်ကိတ်ပဲတွေ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးကလည်းကောင်းပါတယ်။ လက်ရှိမှာ ဧက ၃၀၀၀ ကျော် နှုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူကပြောသည်။

သာပေါင်းမြို့နယ်၌ နှုတ်သိမ်းရန်ကျန်ရှိသောဗိုလ်ကိတ်ပဲများကို ဆက်လက်နှုတ်သိမ်းလျက်ရှိကြောင်း၊ ဗိုလ်ကိတ်ပဲများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

## စစ်ကိုင်းမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ

စစ်ကိုင်း ဧပြီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက်နေ့ (ဧပြီလ ၁၇ ရက်)က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးနွယ်က ဇီဝိတဒါနငါးလွှတ်ရခြင်းရည်ရွယ်ချက်နှင့် ဧရာဝတီမြစ်အတွင်း ငါးမြစ်ချင်း၊ ငါးခုံးမကြီး ငါးသားပေါက်အကောင်ရေ ၅၀၀၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဧရာဝတီမြစ်အတွင်း ဇီဝိတဒါနငါးလွှတ်ခဲ့ကြသည်။



ဆက်လက်ပြီး ရွာထောင်ဘိုးဘွားရိပ်သာ၌ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများစုပေါင်း၍ ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပရာ တာဝန်ရှိသူတစ်ဦးက သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဘိုးဘွား ၃၇ ဦးအား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများဖြင့် လှူဒါန်းပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

★ ရှေ့ဖုံးမှအဆက်

အထွေထွေရွေးကောက်ပွဲကြီးကို ဂုဏ်သိက္ခာရှိရှိအောင်အောင်မြင်မြင်နဲ့ကျင်းပနိုင်ခဲ့ပါတယ်။ ဒါဟာလည်း ပါတီစုံဒီမိုကရေစီကိုချစ်မြတ်နိုးတဲ့မဲဆန္ဒရှင်ပြည်သူများရဲ့ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်ကြောင်း လေးစားစွာမှတ်တမ်းတင်ပြောကြားလိုပါတယ်။

ယခုလိုထူးခြားတဲ့ နှစ်သစ်ကူးနေ့ထူးနေ့မြတ်အခါသမယမှာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီအစိုးရအသစ်နဲ့ လွှတ်တော်များဟာလည်းပြန်လည်အသက်ဝင်လာပြီဖြစ်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်အတွက်စာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်ဦးဆောင်တဲ့ နိုင်ငံတော်အစိုးရသစ်အနေနဲ့ အခုနှစ်သစ်ကစပြီးတိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမအားလုံးတို့ရဲ့ လိုအင်ဆန္ဒများနဲ့ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ ထာဝရငြိမ်းချမ်းရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အောင်မြင်အောင်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲတစ်ယောက်အနေနဲ့ ကတိသစ္စာပြုထားတဲ့အတိုင်း အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံနဲ့ပြည်သူအားလုံးအကျိုးကိုသစ္စာရှိစွာနဲ့ ဦးထိပ်ပန်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနဲ့ နိုင်ငံ့ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ နိုင်ငံတော်တည်ငြိမ်ရေး၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာအလွန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီးကျွန်တော်တို့အစိုးရအနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါသဘောတူညီချက်များအတိုင်း တစိုက်မတ်မတ် အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ငြိမ်းချမ်းရေးပန်းတိုင်ဟာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ ပဋိပက္ခတွေကြောင့် အလှမ်းဝေးနေဆဲဖြစ်ပါတယ်။ ဒါ့ကြောင့်လက်နက်ကိုင်ပဋိပက္ခတွေကြောင့် နိုင်ငံမှာဖြစ်ပေါ်ခဲ့ရတဲ့ ထိခိုက်ဆုံးရှုံးမှုတွေကိုထောက်ရှုပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းအားလုံး လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီးနိုင်ငံရေးလမ်းကြောင်းကတစ်ဆင့်နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းဆောင်ရွက်သွားကြဖို့ အလေးအနက်တိုက်တွန်းလိုပါတယ်။ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ထာဝရဖွင့်ထားပြီးလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ ဒီ့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးတည်ဆောက်မှုနဲ့အတူ တစ်ဆက်တည်းမှာပဲ နိုင်ငံရဲ့အဓိကလိုအပ်ချက်ဖြစ်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့လူဦးရေဓလေ့ထုံးတမ်းအစဉ်အလာ၊ ပထဝီအနေအထားနဲ့ သဘာဝအရင်းအမြစ်တွေအရ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကို နည်းလမ်းတကျဆောင်ရွက်ပြီး ထုတ်ကုန်များကိုတိုးမြှင့်ကြဖို့ လိုအပ်ပါတယ်။ အဲဒီကတစ်ဆင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်တွေအပေါ်မှာ အခြေပြုတဲ့အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSMEs)တွေကိုအားပေးမြှင့်တင်ပြီး ပြည်တွင်းစားသုံးမှုလိုအပ်ချက် ဖူလုံတဲ့အပြင်ပြည်ပကိုတင်ပို့နိုင်တဲ့အထိ ကုန်ထုတ်လုပ်မှုကဏ္ဍမြင့်မားအောင်ဆောင်ရွက်ကြမယ်ဆိုရင် တစ်ဦးချင်းကအစ နိုင်ငံတော်အဆင့်ထိဖွံ့ဖြိုးတိုးတက်လာမယ်ဆိုတာ အသိပေးပြောကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့အတွက်အဓိကလိုအပ်ချက်ကတော့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံးအသိပညာ၊ အတတ်ပညာမြင့်မားရေးပဲဖြစ်ပါတယ်။ ပညာရည်နိမ့်ပါးသူတွေနဲ့ နိုင်ငံတော်ကိုတိုးတက်ဖို့၊ ရှေ့ဆက်လျှောက်လှမ်းဖို့ ခက်ခဲနေမှာဖြစ်တယ်ဆိုတာ ဒီနေ့ကြုံတွေ့နေရတဲ့ဖြစ်စဉ်တွေက သက်သေပြနေတာအားလုံးအသိပဲဖြစ်ပါတယ်၊ ဒါ့ကြောင့်အနာဂတ်နိုင်ငံအတွက်အင်အားသစ်တွေဖြစ်တဲ့ ကျောင်းသားကျောင်းသူ လူငယ်များဟာ ပညာရေး၊ ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကောင်းမွန်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်းစတဲ့ ဗလငါးတန်နဲ့ ပြည့်ဝကြဖို့လိုပါတယ်။ ဒါမှသာ နိုင်ငံ့ရှေ့ရေးဟာဘက်စုံပြည့်ဝထူးချွန်တဲ့ လူတော်လူကောင်းလူငယ်တွေရဲ့ဦးဆောင်မှုနဲ့အများကြီးပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်၊ တစ်ဦးချင်းကအစ တစ်မျိုးသားလုံး စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ရေးနဲ့ အတွေးအခေါ်အယူအဆ ဆင်ခြင်တုံတရားပြည့်ဝဖို့ အလွန်အရေးကြီးပါတယ်။ကျွန်တော်တို့အစိုးရအနေနဲ့လည်း အဲဒီအခြေခံဖြစ်တဲ့ ပညာရေးကဏ္ဍနဲ့ကျန်းမာရေးကဏ္ဍကို ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီနေ့လူငယ်တွေကို အတတ်ပညာသာမက အသိပညာပါထက်မြက်ပြီး အနာဂတ်အတွက် အားကိုးအားထားဖြစ်နိုင်မယ့် ဘက်စုံထူးချွန်သူများဖြစ်အောင် မိဘများ၊ ဆရာဆရာမများနဲ့ တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြပါလို့ အလေးအနက်ထားမှာကြားလိုပါတယ်။

နောက်တစ်ချက်ကတော့ ပြည်တွင်းစည်းလုံးညီညွတ်မှုကို နည်းမျိုးစုံနဲ့ဖြိုခွဲပြီး တိုင်းပြည်ကိုဒုက္ခရောက်အောင်လုပ်ဆောင်နေကြတဲ့ ပြည်တွင်းပြည်ပ ပယောဂများနဲ့ အဖျက်အမှောင့်တွေရဲ့အန္တရာယ်ကို သတိတရားနဲ့မှန်မှန်ကန်ကန်ရှုမြင်သုံးသပ်ကြဖို့ အလွန်အရေးကြီးပါတယ်။ ဒီနေ့နိုင်ငံတော်မှာဖြစ်ပျက်နေတဲ့ အဖျက်အမှောင့်တွေနဲ့ ဆူပူအကြမ်းဖက်မှုတွေရဲ့ အခြေခံဟာ ဒါပဲဖြစ်ပါတယ်။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုတဲ့ ယုံကြည်ခံယူချက်နဲ့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံးဟာ နိုင်ငံချစ်စိတ်၊ တိုင်းပြည်နဲ့လူမျိုးကိုချစ်တဲ့စိတ်၊ပြည်ထောင်စုစိတ်ဓာတ်တွေနဲ့ နိုင်ငံကိုတည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံးဟာ **"ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်" "ရေကိုသား၍ ကြားမထင်"** ဆိုတဲ့ စကားတွေနဲ့အညီချစ်ကြည်ရင်းနှီးစည်းလုံးညီညွတ်မှုအပြည့်အဝနဲ့ သာယာလှပတဲ့နိုင်ငံတော်သစ်ကို စိတ်တူကိုယ်တူတည်ဆောက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား**

နှစ်သစ်ကို မျှော်လင့်ချက်အသစ်တွေနဲ့ ကျွန်တော်တို့အားလုံး အတိတ်ကခါးသီးမှုအတွေ့အကြုံတွေကို သင်ခန်းစာယူပြီး သာယာဝပြောတဲ့နိုင်ငံတော်သစ်ဆီကို ညီညီညွတ်ညွတ် အတူတကွလျှောက်လှမ်းကြဖို့ပြောကြားလိုပါတယ်။ **"စည်းလုံးခြင်းသည်အင်အား"** ဆိုတဲ့အတိုင်းကျွန်တော်တို့အားလုံးဟာ စည်းလုံးညီညွတ်မှု ခိုင်မြဲနေမယ်ဆိုရင်ဘယ်လိုအခက်အခဲမျိုးမဆို ကျော်ဖြတ်အောင်မြင်နိုင်မယ်လို့ ကျွန်တော်အပြည့်အဝယုံကြည်ပါတယ်။ ဒါ့ကြောင့်လည်း အနာဂတ်နိုင်ငံတော်အတွက် မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးရဲ့ ပူးပေါင်းပါဝင်မှုဟာ အလွန်အရေးကြီးကြောင်းနဲ့ ကျွန်တော့်အနေနဲ့ များစွာတန်ဖိုးထားမျှော်လင့်ပါကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ယနေ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ကစပြီး မြန်မာပြည်တွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ပြည်ပမှာနေထိုင်ကြတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ ဟန်ချက်ညီစွာနဲ့ မေတ္တာတရားလက်ကိုင်ထားလျက် ခရီးဆက်နိုင်ကြပါစေကြောင်း၊ မိမိတို့နိုင်ငံ၊မိမိတို့လူမျိုး၊ မိမိတို့ဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုးမြှင့်ထမ်းဆောင်နိုင်ကြပါစေကြောင်းနဲ့ အန္တရာယ်ဟူသမျှ ကင်းဝေးကြပါစေကြောင်း နှစ်သစ်အခါသမယဆုမွန်ကောင်းတောင်းလိုက်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်

ပွင့်ဖြူ ဧပြီ ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နှမ်းဧက ၄၀၀၀၀ ကျော်စိုက်ပျိုးထားပြီး လျာထားဧကထက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၃၃၇၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး မတ်လမှစတင်စိုက်ပျိုးခဲ့ရာလက်ရှိတွင် ၄၅၂၀၆ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ်လျာထားဧကထက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

"ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီစားသုံးမှုဖူလုံစေဖို့နဲ့သီးနှံစိုက်ပျိုးစွမ်းအားဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နှမ်း ၃၃၇၃၇ ဧက စိုက်ပျိုးဖို့လျာထားပြီး မတ်လက စတင်စိုက်ပျိုးခဲ့တာလက်ရှိမှာ ၄၅၂၀၆ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး သီးနှံအထွက်နှုန်းကောင်းမွန်စေဖို့၊ အရည်အသွေးပြည့်ဝတဲ့ သီးနှံတွေထွက်ရှိစေဖို့အတွက် ဒေသခံတောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးကြဖို့၊ စိုက်ဧကတွေ တစ်နှစ်ထက်တစ်နှစ်တိုးချဲ့စိုက်ပျိုးကြဖို့၊ GAP နည်းစနစ်တွေနဲ့အညီ စိုက်ပျိုးကြဖို့၊ စိုက်ပျိုးရေးသွင်းအားစုတွေ အချိန်ကိုက် စနစ်တကျသုံးစွဲကြဖို့၊ ပိုးမွှားမကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းကြဖို့ စတဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပြည်တွင်း၌ နှမ်းကို အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုကိုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ်တင်ပို့ရောင်းချနိုင်ကြောင်း၊ ပြည်ပသို့တင်ပို့ရောင်းချရာမှ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဖျော်ဖြေခဲ့ကြသည့် ကိုရီးယားအနုပညာရှင်များ ရန်ကုန်မြို့တွင်းလှည့်လည်လေ့လာ

ရန်ကုန် ဧပြီ ၁၈

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော် လမ်းလျှောက်သင်္ကြန်ပွဲတော် ဖျော်ဖြေရေးအစီအစဉ်များတွင်ပါဝင်ဖျော်ဖြေခဲ့ကြသည့်ကိုရီးယားအနုပညာရှင်များပါဝင်သည့် K-Pop အဖွဲ့သည်ယနေ့တွင် ရန်ကုန်မြို့တွင်း လှည့်လည်လေ့လာကြသည်။

အဆိုပါအဖွဲ့သည် နံနက်ပိုင်းတွင်ရန်ကုန်မြို့ မင်းဓမ္မကုန်းရှိလောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့သွားရောက်ဖူးမြော်ကြည်ညို လေ့လာပြီးရန်ကုန်မြို့တွင်းရှိ အထင်ကရနေရာများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။မွန်းလွဲပိုင်းတွင် အနုပညာရှင်များသည်သန်လျင်မြို့နယ်ရှိ သဘာဝတရားရိပ်သာသို့ ဆန်၊ ဆီ၊ ကြက်သွန်၊ ကြက်ဥနှင့် မုန့်မျိုးစုံတို့ကို သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



**မြဝတီ**

# နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဧပြီ ၁၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**(မိုး/ဇလ)**

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၆**

**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်**

**(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နိုင်ငံတော်အတွက် ထူးကဲစွာအမှုထမ်းသူ၊ အကျိုးဆောင်သူများဖြစ်သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**သုဓမ္မသင်္ဂဟဘွဲ့**

**မဟာသီရိသုဓမ္မဘွဲ့**

၁။ ဦးညိုစော — ဒုတိယသမ္မတ

၂။ ဒေါ်နန်းနီနီအေး — ဒုတိယသမ္မတ

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**သတိုးမဟာသရေစည်သူဘွဲ့**

၁။ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း) ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

**မဟာသရေစည်သူဘွဲ့**

၁။ ဦးညိုစော — ဒုတိယသမ္မတ

၂။ ဦးခင်ရီ — ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်

၃။ ဦးအောင်လင်းဒွေး — ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

၁။ ဦးစိုးဦး — အဖွဲ့ဝင်(ငြိမ်း) — ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ဝဏ္ဏကျော်ထင်ဘွဲ့**

၁။ ဦးဇော်ဝင်း — သယံဇာတရေးရာဝန်ကြီး(ငြိမ်း) ကရင်ပြည်နယ်အစိုးရအဖွဲ့

**(ပုံ) မင်းအောင်လှိုင်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော မိဘပြည်သူများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မြန်မာ့နှစ်သစ်ကူး အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခုနှစ် နှစ်သစ်ကူးကာလမှာ နိုင်ငံသားအားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြန်လည်ကူးပြောင်း စတင်လျှောက်လှမ်းနေတဲ့အချိန်နဲ့ တိုက်ဆိုင်နေတာကြောင့် ယမန်နှစ်များထက် ပိုမိုထူးခြားလေးနက်ပြီး မင်္ဂလာကျက်သရေ ပိုမိုပြည့်ဝလျက်ရှိပါတယ်။ နှစ်သစ်မှာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ဆန္ဒနဲ့အညီ ထာဝရငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကျွန်တော်တို့အားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူများရဲ့ လူမှုစီးပွားဘဝများ အဘက်ဘက်က မြင့်မားတိုးတက်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပြည်ထောင်စုကြီးရဲ့ ရှေ့ဆက်ရမယ့် ခရီးလမ်းဖြောင့်ဖြူးသာယာအောင်မြင်စေဖို့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်မှု၊ နားလည်မှု၊ ယုံကြည်မှု၊ အပြန်အလှန်တန်ဖိုးထားလေးစားမှု၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေကိုမြှင့်တင်ပြီး စုပေါင်းအင်အားနဲ့အကောင်အထည်ဖော်တည်ဆောက်သွားကြပါစို့လို့ ဆန္ဒပြုတိုက်တွန်းအပ်ပါတယ်။

ယခုနှစ်သစ်ကစပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးလိုအင်ဆန္ဒမှန်သမျှ ပြည့်ဝကြပါစေ၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နိုင်ငံနှင့်ပြည်သူတို့ကို အကျိုးပြုနိုင်သူများဖြစ်ကြပါစေ၊ အေးချမ်းသာယာစွာနဲ့ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင့်**

၂၀၂၆ ခုနှစ် မြန်မာနှစ်သစ်ကူးအခါသမယမှာ မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။

ယခုအချိန်မှာ ကျွန်မတို့မြန်မာနိုင်ငံတော်ကြီးဟာ ပြည်သူများလိုလားတောင့်တချက်နှင့်အညီ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြန်လည်ရောက်ရှိပြီး နိုင်ငံတော်သစ်ကြီးကို စတင်တည်ဆောက် အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်သစ်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ထာဝရငြိမ်းချမ်းရေးတို့ကို ကျွန်မတို့ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြဖို့လိုအပ်ပါတယ်။

နိုင်ငံတော်ရှေ့ဆက်ရမယ့် ခရီးကိစ္စအဝဝအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဟာ အဓိကကျပါတယ်။ ဒါ့ကြောင့် ဒီနေ့ ကျွန်မတို့ကြုံတွေ့နေရတဲ့ ဆူပူအကြမ်းဖက်မှုတွေနဲ့ လက်နက်ကိုင်တိုက်ပွဲတွေ အမြန်ချုပ်ငြိမ်းပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာကြဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ မိဘပြည်သူများအားလုံးက နိုင်ငံတော်ငြိမ်းချမ်းသာယာရေးကို အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။



ဆက်လက်ပြီးတော့ ပြည်သူများလိုအင်ဆန္ဒနဲ့အညီ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အတူတကွလက်တွဲတည်ဆောက်ကြဖို့နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ငြိမ်းချမ်းသာယာတဲ့ လူမှုပတ်ဝန်းကျင်ကို တည်ဆောက်ပြီး ပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါ့ကြောင့် မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့ စည်းလုံးညီညွတ်သောအင်အား၊ ပြည်ထောင်စုစိတ်ဓာတ်တို့နဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ပေးကြပါ၊ နိုင်ငံနဲ့လူမျိုးအကျိုးကို ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းရင်း အားလုံးနှစ်သစ်ကစပြီး ဘဝတစ်လျှောက်လုံး ရွှင်လန်းချမ်းမြေ့ကြပါစေ၊ အေးချမ်းသာယာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် အမိန့်အမှတ် ၃၉/ ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၃၉ / ၂၀၂၆**
**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်**
**(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် (ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်) မတိုင်မီကျူးလွန်ခဲ့သောပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းတို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပေးလိုက်သည်-

(၁) သေဒဏ်ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းလဲကျခံစေရန်၊

(၂) ထောင်ဒဏ်တစ်သက်နှင့် နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန်(ယခင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲထားသူများမပါ)၊

(၃) ထောင်ဒဏ် နှစ် ၄၀ အထက် ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ ပြောင်းလဲကျခံစေရန်၊

(၄) ထောင်ဒဏ်နှစ် ၄၀ နှင့် အောက်ကျခံနေရသူများကို ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၄၀/ ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၄၀ / ၂၀၂၆**
**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်**
**(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ သူ ၄၃၃၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၄၁/ ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၄၁ / ၂၀၂၆**
**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်**
**(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကိုရှေးရှု၍လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/ သူ ၁၇၉ ဦးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က) အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် ၄၂/ ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၄၂ / ၂၀၂၆**
**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်**
**(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည် တောင်ငူအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားထောင်ဝင်အမှတ် တင/၂၃/၀၀၀၃၅/က ဝင်းမြင့်(ဘ)ဦးထွန်းကျင်အား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၄/ ၂၀၂၆)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများမြှင့်တင်ရန်နှင့် ကာကွယ်ရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၉ တို့အရ နိုင်ငံတော်သမ္မတရုံးသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် အမိန့်အမှတ် (၃၀/၂၀၂၆) ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေတွင် ပြဋ္ဌာန်းပေးအပ်ထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ လုပ်ငန်းတာဝန်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ နိုင်ငံတော်သမ္မတသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယဖြစ်သော ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်) နေ့တွင် ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကိုရှေးရှု၍လည်းကောင်း၊ နိုင်ငံတော်သမ္မတ ရုံး အမိန့်အမှတ် (၃၉/၂၀၂၆)၊ အမိန့်အမှတ် (၄၀/၂၀၂၆)၊ အမိန့်အမှတ် (၄၁/၂၀၂၆) နှင့် အမိန့်အမှတ် (၄၂/၂၀၂၆) တို့ဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ သူများကို ယင်းတို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးမှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ အကျဉ်းသား/ သူ ၄၃၃၅ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ ပြစ်ဒဏ်ကျခံနေသည့် နိုင်ငံခြားသား အကျဉ်းသား/သူ ၁၇၉ ဦးတို့ကို ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်း၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းတို့ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများနှင့် ယင်းတို့၏သက်ဆိုင်ရာမိသားစုဝင်များနည်းတူ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်းနှင့် နိုင်ငံတော်၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်များသည် လူ့အခွင့်အရေးရှုထောင့်နှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးရှုထောင့်တို့အရ ကောင်းမွန်သည့်ရလဒ်များရရှိစေသည်ဖြစ်ရာကော်မရှင်အနေဖြင့် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့်တာဝန်ရှိသူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဧပြီ ၁၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ဒေသခံတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များနှင့် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ညောင်ပင်သာမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်သည်။

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိစစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်၍ အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား အောင်သပြေခက်များ၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်ဝမ်းမြောက်စွာသောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုကြပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားကာ အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဇီးကုန်းမြို့နယ်နှင့်ကြို့ပင်ကောက်မြို့နယ်တို့၌ အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းနှင့် လိုအပ်သည့်အကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်





တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှနယ်မြေခံတပ်မတော်သားများက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်နေရာများ၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးစဉ်။

နေပြည်တော် ဧပြီ ၁၈

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်နှင့် သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်တို့၌ ဧပြီလ ၁၇ ရက် ညနေပိုင်းတွင် မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျခြင်း၊ နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးပေးခန်းများ ပြိုကျခြင်းနှင့် အမိုးလန်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ယနေ့တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် လိုအပ်သည့် အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်ရှိ ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ နေအိမ် ၃၇၅ လုံးနှင့် ဘုန်းတော်ကြီးကျောင်း၅ကျောင်းထိခိုက်ပျက်စီး၍နေအိမ် ၁၀ လုံး ပြိုကျပျက်စီးခဲ့ပြီး သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်ရှိ ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ နေအိမ် ၆၃၉ လုံး၊ ဘုန်းတော်ကြီးကျောင်း ၈ ကျောင်း၊ စာသင်ကျောင်း ၂ ကျောင်းနှင့် ကျေးလက်ဆေးပေးခန်း ၁ လုံးတို့ အမိုးလန်၊ ထိခိုက်ပျက်စီး၍ နေအိမ် ၅၇ လုံး ပြိုကျပျက်စီးခဲ့ကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မိုးသက်လေပြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်များနှင့် ကျေးရွာများသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက သွားရောက်ကာ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အသုံးအဆောင်ပစ္စည်းများ ကူညီရွှေ့ပြောင်းပေးခြင်း၊ လဲကျနေသော သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ပြိုကျပျက်စီးနေသော အဆောက်အအုံများနှင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် အခြားလိုအပ်သည့် အကူအညီပေးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့်လမ်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၁၈

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် နန်းတော်ဦးလောကမာရဇိန်စေတီတော်ကြီး၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှနယ်မြေခံတပ်မတော်သားများက ချုံနွယ်ပေါင်းမြက်များရှင်းလင်းပေးစဉ်။

(၁၈)ဖြာမင်္ဂလာ

# အေးချမ်းသူ(နိဗ္ဗာနသစ္စိကိရိယာ စ)

ကိုဇော်ဒွေး(ယဉ်ကျေးမှု)



ထိုနေ့က စိုးသူတို့သူငယ်ချင်းတစ်သိုက် ပိုင်စိုးအိမ်၌ တီဗွီ ထိုင်ကြည့်နေကြပါသည်။ ကြည့်သည့်အခွေမှာ ယဉ်ကျေးမှုမှ မင်းသမီး "ခိုင်သဇင်သင်း" ကသော အငြိမ့်ခွေဖြစ်ပါသည်။

လူ့ရှင်တော်ပြက်လုံး ပြက်တိုင်း စိုးသူတို့သူငယ်ချင်းတစ်သိုက် အားရပါးရ ရယ်မောကြပါသည်။ ထိုစဉ် ပိုင်စိုးအိမ်ပေါ်သို့ တင်ခ တက်လာသည်၊ သူ့လက်ထဲ၌လည်း ဗီစီဒီခွေတစ်ခွေကိုင်ထားပါသည်။

"ဘာခွေလဲကွ"

"မြဝတီရုပ်သံမှာ တရားဟောနေတဲ့ ရဟန္တာဖြစ်သွားတယ်ဆိုတဲ့ ဆရာတော်ကြီးရဲ့ ဈာပနအခွေပါ''

"မင်းကြည့်မလို့လား" ဟု ပိုင်စိုးက မေးလိုက်ပါသည်။

"မဟုတ်ပါဘူး၊ တို့ဆရာတော်က ဂွကန်ကျောင်းက ဆရာတော်ဆီက ငှားခိုင်းလိုက်လို့ ငါငှားလာတာ" ဟု ပြန်ဖြေပါသည်။ တင်ခအဖြေကြောင့် အိမ်ဦးခန်း၌ စာထိုင်ဖတ်နေသော ပိုင်စိုးဖေဖေက

"ဖွင့်ကြည့်ရအောင်ကွာ" ဟု ဆိုလာပါသည်။ တစ်ဆက်တည်းပင် "သားပိုင်စိုး ဖွင့်ကွာ" ဟု ပြောလိုက်ပါသည်။

ဆရာတော်၏ ဈာပနခွေကို စိုးသူတို့သူငယ်ချင်းတစ်သိုက် ကြည့်ပြီးသောအခါ

"အင်း... ကြည်ညိုစရာကောင်းတယ်ကွာ" ဟု ပိုင်စိုးဖေဖေက ဆိုပါသည်။ ပိုင်စိုးက

"ဖေဖေ ရဟန္တာဂူမှာတရားကျင့်ကြံနေတဲ့ဘုန်းကြီးလည်း အဲဒီလိုဖြစ်နိုင်လားဟင်" ဟု မေးလိုက်ပါသည်။ ပိုင်စိုးဖေဖေက

"ဖြစ်နိုင်တာပေါ့ သားပိုင်စိုးရ" ဟု ပြန်ဖြေပါသည်။ တစ်ဆက်တည်းမှာပင်

"ရဟန္တာဆိုတာ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ကျင့်ကြံနေကြတာပဲလေ'' ဟု ဆိုပါသည်။

"နိဗ္ဗာန်ဆိုတာ ဘယ်လိုနေရာလဲဟင်" မောင်လတ်က ဝင်မေးပါသည်။

"အေးချမ်းတဲ့နေရာပေါ့ကွာ၊ တရားသဘောအရဆိုရင်တော့ တဏှာ လောဘ ကင်းရှင်းရာ၊ ကုန်ဆုံးရာ အရပ်ဒေသတစ်ခုပေါ့" ဟု ပိုင်စိုးအဖေက ပြန်ဖြေပါသည်။

ပြီးမှ "သားတို့ လန်ဒန်မြို့ကိုရောက်ဖူးလား"ဟု ရုတ်တရက် ကောက်မေးလာပါသည်။

တင်ခက "အင်္ဂလန်နိုင်ငံက လန်ဒန်မြို့လား ဦးလေး" ဟု မေးလိုက်သည်။

ပိုင်စိုးဖေဖေက "ဟုတ်တယ်" ဟု ဖြေပါသည်။ စိုးသူတို့ ခေါင်းယမ်းပြလိုက်ပါသည်။

"ရန်ကုန်မြို့လိုနေမှာပေါ့" ဟု တင့်လွင်ကဆိုပါသည်။ "မန္တလေးမြို့ကြီးလို ရှေးဟောင်း နေပြည်တော်ဖြစ်နိုင်တယ်" ဟု စိုးသူကလည်း ဝင်ပြီးထင်မြင်ချက်ပေးပါသည်။

ပိုင်စိုးဖေဖေက ပြုံးပါသည်။

"လန်ဒန်မြို့ကို မရောက်ဖူးတဲ့သူက သားတို့ထင်သလိုပဲ ရန်ကုန်မြို့ မန္တလေးမြို့တို့နဲ့တူသလို လိုထင်ကြမှာပဲလေ၊ တကယ်တော့ လန်ဒန်မြို့ကို ရောက်ဖူးသူက လန်ဒန်မြို့ရဲ့ကြီးကျယ်သာယာပုံ၊ စည်းကမ်းရှိပုံတွေကို ပြောပြလို့ လန်ဒန်မြို့ကြီး သာယာတယ်လို့ သိကြရတာပေါ့၊ အဲဒီလိုပဲ နိဗ္ဗာန်အကြောင်းကိုသိတဲ့သူက ပြောပြောနေလို့သာ နိဗ္ဗာန်ဆိုတာ တဏှာကင်းရာ လောဘကင်းရာအရပ်လို့ ဖေဖေတို့ပြောပြနိုင်တာပေါ့၊ အေးချမ်းရာအရပ်ဒေသလို့ တင်စားနိုင်တာပေါ့" ဟု ပိုင်စိုးဖေဖေက စကားကို အဆုံးသတ်လိုက်ပါသည်။

ပူလောင်ခြင်းနှင့် အေးချမ်းခြင်းတို့၏ သဘာဝတရားကို စိုးသူတို့ သူငယ်ချင်းတစ်သိုက် နားလည်သွားကြပါသည်။ ဉာဏ်မမီသေးသော်ငြားလည်း ထိုသို့သော အေးချမ်းမှုကိုရရှိနေကြသည့် ရဟန္တာသံဃာတို့ကို စိုးသူ ဦးချနေမိပါသည်။ ။

## ဆိုရိုးစကား အလေးထား

### မိဘကျေးဇူး မြင်းမိုရ်ဦး

မိဘတို့၏ ကျေးဇူးသည် မြင်းမိုရ်တောင်တမျှ ကြီးမားလှသည်။

**"တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးဘိသည်၊ မွေးမိဖခင်၊ ကျေးဇူးရှင်နှင့်၊"** [၈၅၀-ခန့်] ဟံချုပ်။ ၁၂။

"**မြင်းမိုရ်ဦးသို့၊ ကျေးဇူးဆဆ၊** ကြီးမြတ်လှသား၊ မိဘဘိုးဘွား၊ သက်ကြီး အားလျှင်၊ ပြစ်မှားကျူးထွေ၊ မရှိသေက၊ သရေမတက်၊ ဂုဏ်ရည်ပျက်၏။" [၁၁၂၂] သြပျို့ * ၂၁။

"မိဘဖြစ်သူတို့မှာ ... **မိဘကျေးဇူး မြင်းမိုရ်ဦး** ဆိုသည့်အတိုင်း မြင်းမိုရ်တောင်တမျှများစွာပင် ရှိကြသည်။" [၁၃၁၄] မင်မြ။ ၂၃၃။

### နံနက် ၄က်ပျော၊ ညဦး သဘော်

ကျန်းမာရေးအတွက် နံနက်အချိန်၌ ၄က်ပျောသီးစားရသည်၊ ညအချိန်၌ သဘော်သီးစားရသည်။ "ရှေးမြန်မာ လူကြီးသူမများ အနေနှင့် ကျန်းမာရေး စောင့်ရှောက်တတ်မှု... ဆိုရိုးဆောင်ပုဒ်ကလေးများအနက် **နံနက် ၄က်ပျော၊ ညဦး သဘော်** ဟူသော အသိပညာပေး စကားကလေးလည်း အပါအဝင် ဖြစ်လေသည်။" [၁၃၅၆] ငွေတာရီ၊ ၄၀၈။ ၁၄၃။

### ပညတ်သွားရာ ဓာတ်သက်ပါ

ခေါ်ဝေါ်ပညတ်သည့် အမည်နာမ၊ ပြောဆိုသည့် နိမိတ်စကားနှင့်အညီ ဖြစ်တတ်သည်။

"**ပညတ်ရှိရာ ဓာတ်သက်ပါ**ဆိုသော စကားအတိုင်း မြန်မာလူမျိုးမှန်လျှင် နုနုံ့နုနုံ့နှေးနှေးနှင့် အပျော့စားတွေ မဖြစ်စေရ၊ အရာရာတွင် ခေါင်းမာလျက် ထက်မြက်မြန်ဆန်သူတွေသာ ဖြစ်ဖို့ရှိ၏။" [၁၂၉၆] ဒဂုန်၊ ၁၅၊ ၁၇၁။ ၁၈၇။

"**ပညတ်သွားရာ ဓာတ်သက်ပါ**ဟူသော စကားကဲ့သို့ အပျော်အပါးဟူသည်မှာလည်း အပျော်တွေများနေကြမည်ဆိုလျှင် တစ်နေ့ကျပါက ပစ္စည်းဥစ္စာလည်း ပါး၊ လူမှာလည်းဖားရှ၍ နေကြပေလိမ့်မည်။" [၁၂၉၆-ခန့်] သမီးဂုဏ်။ ၄၄ ။

### ဘယ်သူမပြုမိမိမှု

မိမိကောင်းကျိုး၊ ဆိုးကျိုးခံစားရသည်မှာ မိမိပြုခဲ့သော ကောင်းမှု၊ မကောင်းမှုကြောင့်ပင် ဖြစ်သည်။ (**မည်သူမပြု မိမိမှု**- ဟူ၍လည်း အဆိုရှိသည်။)

**ကိုယ့်တရား ကိုယ်စီရင်** - နှင့် နှိုင်းယှဉ်။

"**သုံးဘုံရပ်သူ၊ ဤမျှလူကား၊ မည်သူမပြု မိမိမှု**ကြောင့်၊ အထုအထ တကွကွလျှင်၊ နှိမ့်ချပုဆစ်၊ ယမရာဇ်၌၊ အပြစ်အလျောက်၊ ကြားလျှောက်ကျုံကျုံ ဆုံးဖြတ်ခံ၍၊" [၈၅၃] ပါမီ * ၇၅၊

"**ကောင်းစားဆိုးစား၊ ဤနှစ်ပါးကား၊ အခြားနတ်လူ၊ မည်သူမပြု မိမိမှု** တည်း၊" [၁၂၆၆] မဃ * ၂၄၂။

"လောကမှာ ဘယ်အမှုကိစ္စမျိုးမဆို **ဘယ်သူမပြု မိမိမှု** ဆိုတဲ့စကားအတိုင်း ကိုယ်လုပ်မှ ကိုယ်အကျိုး ဖြစ်ထွန်းအောင်မြင်နိုင်တာပဲ။" [၁၂၈၆] ဒေတိ။ ၉၇။ ၂၊ မိမိဆိုးကျိုးခံစားရသည်မှာ မိမိပြုခဲ့သော မကောင်းမှုကြောင့်ပင် ဖြစ်သည်။

"မည်သူ့ကိုမျှ အပြစ်တင်ရန် မစဉ်းစားတော့ဘဲ **ဘယ်သူမပြု မိမိမှု** ဟူသော အဆုံးအဖြတ်ဖြင့် အံကိုခဲကာ ကြိတ်၍...၊" [၁၃၁၃] နဝေ။ ၂၁၂။

"**ဘယ်သူမပြု မိမိမှု**ဆိုတဲ့ စကားအတိုင်း ငါ ဒီလိုဖြစ်ရတာဟာ ငါ့ကြောင့်ပဲ၊ ငါ့ကြောင့်။ ငါမလိမ္မာလို့၊ ငါမိုက်ခဲ့လို့။" [၁၃၁၆] မာန။ ၂၃၃။

### မြင်းမစီးတတ်တော့ အုံးပေါက်၊ ကွမ်းမစားတတ်တော့ ထုံးပေါက်

မြင်းမစီးတတ်ဘဲ စီးလျှင် အုံးပေါက်သည်။ ကွမ်းမစားတတ်ဘဲ စားလျှင် ထုံးပေါက်သည်။

"**မြင်းမစီးတတ်တော့ အုံးပေါက်၊ ကွမ်းမစားတတ်တော့ ထုံးပေါက်** ဟု တောင်သူကြီးတို့ ရှေးစကားရှိသည်။ ထုံးသည် ငန်သော အရသာမရှိပေမည့် ကွမ်းတစ်ယာ၏ အလေးအပေ့ါ ဆိုသောနေရာတွင် ထုံးကို လိုတိုးပိုလျှော့ ပြုရ၏။" [၁၃၃၅] ရှေ့သို့၊ ၂၃၊ ၄။ ၁၂။

"**ကွမ်းမစားဖူးဘဲ စားတော့ ထုံးပေါက်သည်၊ မြင်းမစီးဖူးဘဲ စီးတော့ ကုန်းပေါက်သည်**။ ။ ထုံးလွန်ကဲသွားသော် ကွမ်းစားလေ့မရှိသူအဖို့ အာခေါင်တွင် ထုံးပေါက်ပြီး ကျိန်းစပ်နေတတ်သည်။ မြင်းကိုလည်း စီးပုံစီးနည်း စနစ်တကျနှင့် စီးတတ်ရ၏။ အရမ်းမဲ့စီးသော် ကုန်းနှီး (မြင်းကျောပေါ်တွင် လူထိုင်ရန်အဝတ်ဖြင့် ပြုလုပ်ထားသောအရာ) ဒဏ်ကြောင့် အသားများပေါက်ပြဲ၍ နာကျင်ခြင်းဝေဒနာကို ခံစားရတတ်သည်။" [၁၃၄၅] ကားပုံဖွင့်။ ၈၂။

**မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့က ထုတ်ဝေသည့် "မြန်မာဆိုရိုးစကား" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**



## နှမ်းပေါ်ပေး

ဖိုးထောင်တစ်ယောက် နေပြည်တော်သင်္ကြန်ကအပြန် အကြံကောင်းတွေ သယ်လာပုံက...

"နောက်နှစ်အတွက် ကျုပ် အကြံရလာပြီ အဘရေ၊ ကျုပ်တို့လယ်ထယ်ရေးပြင်ထဲကို သင်္ကြန်စတိတ်စင် ဆောက်မယ်ဗျာ"

"ဆောက်ပြီးတော့..."

"မြို့ပေါ်က မော်ဒယ်တွေငှားပြီး ကျင်းပမှာပေ့ါဗျ"


"အေး...အဲ့ဒီတော့"

"အဘကလည်းဗျာ၊ မော်ဒယ်တွေအရှိန်နဲ့ သင်္ကြန်စည်ကားပြီး ရေတွေပက်ကြတော့ ဟော... သင်္ကြန်ပြီးတာနဲ့ အဆင်သင့် နှမ်းကြဲရုံပဲလေ"

"နင့်မော်ဒယ်တွေက နှမ်းပေါ်ပေးနဲ့ ငှားလို့ရမှာတဲ့လား ဖိုးထောင်ရဲ့"။ ။

ဖိုးစလုံး

# မြောင်းမြမြို့၌ (၈၉) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



မြောင်းမြ ဧပြီ ၁၈

ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့၌ ဧပြီလ ၁၇ ရက်က (၈၉) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နမော တဿသုံးကြိမ်ရွတ်ဆိုပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန္ဒာအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်နှင့်တာဝန်ရှိသူများက (၈၉) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြို့နယ်အတွင်းမှ သံဃာတော်အပါး ၂၅၀၀ ကျော်အား မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်များမှ အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း မှျင်ငါးပိ ပိဿာ ၆၂၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဧပြီ ၁၈

ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း မှျင်ငါးပိ ပိဿာ ၆၂၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်၌ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ကေသီ၏ပြောပြချက်အရ သိရသည်။

ဖျာပုံမြို့နယ်မှ ဒေသထွက်မှျင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့်ဖေဖော်ဝါရီလက မှျင်ငါးပိ ပိဿာ ၄၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း မှျင်ငါးပိ ပိဿာ ၆၂၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့သည်။

ဖျာပုံမြို့နယ်၌ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသခံရေလုပ်သားများ ပင်လယ်ပြင်မှဖမ်းယူရရှိသော မှျင်ကောင်များကိုဝယ်ယူပြီး မှျင်ငါးပိအဖြစ်ထုတ်လုပ်ရောင်းချကြကြောင်း၊ အဆိုပါ မှျင်ငါးပိထုတ်လုပ်ရောင်းချသည့် လုပ်ငန်းသည် ဖျာပုံမြို့နယ်၌နေထိုင်သော ဒေသခံများအတွက် ဒေသထုတ်ကုန်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး မှျင်ငါးပိလုပ်ငန်းတစ်ခုလျှင် လုပ်သားငါးဦးမှ ၁၀ ဦးအထိ အလုပ်အကိုင်ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

သုတကျော်

# ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၏ နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ်ကုန်စည်ပြပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်၏ နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ်အဖြစ် Build – smart & Biggest Myanmar Expo 2026 ကုန်စည်ပြပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲကျင်းပနိုင်ရန် အကြိုညှိနှိုင်းအစည်းအဝေးများပြုလုပ်လျက်ရှိသည်။

"အသင်းချုပ်အနေနဲ့ ဆောက်လုပ်ရေးလောကသားတွေအတွက်ရည်ရွယ်ပြီးလုပ်ဆောင်ခဲ့တာ နှစ် (၃၀) ပြည့် ပါပြီ။ အသင်းရဲ့ဆောင်ရွက်ချက်တွေအနေနဲ့ အသင်းသားတွေရဲ့အကျိုးစီးပွားတွေ၊နိုင်ငံသားတွေရဲ့ကိစ္စတွေ၊ အခု ဆိုသဘာဝဘေးအမျိုးမျိုးကြုံခဲ့ရတာတွေကိုလည ်ား နိုင်ငံ တော်နဲ့အတူ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

Build – smart & Biggest Myanmar Expo 2026 ကုန်စည်ပြပွဲကို မေလ ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ပါဝင်ပြသလိုသည့်ကုမ္ပဏီများအနေဖြင့် သဃ်န်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်၌ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဖြူဖြူ

# ကျောင်းကုန်းမြို့နယ်၌ ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း ဧပြီ ၁၈

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးသူ၏ ပြောဆိုချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်၌ ဒေသထွက် ကြက်ဟင်းခါးသီးများ ဧပြီလဆန်းပိုင်းမှစပြီး အရောင်းအဝယ်ကောင်းမွန်နေပြီး တစ်ရက်လျှင် အလုံးရေ ၄၀၀၀ မှ ၅၅၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ လက်ရှိဒေသမှာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားတဲ့ ကြက်ဟင်းခါးသီးတွေ အရောင်းအဝယ်ဖြစ်နေတာပါ။ ကြက်ဟင်းခါးသီးတွေက အရည်အသွေးကောင်းပြီး ပိုးမွှားကင်းရှင်းပါတယ်"ဟု ဒေါ်အေးသူက ပြောသည်။

ကျောင်းကုန်းမြို့နယ်၌ စိုက်ပျိုးထွက်ရှိသည့် ကြက်ဟင်းခါးသီးနှင့် တခြားကုန်စိမ်းများကို ပုသိမ်၊ ရေကြည် စသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိရာ စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



သုတကျော်

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၇ သိန်းကျော်တင်ပို့ထား

ရန်ကုန် ဧပြီ ၁၈

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၇ သိန်းကျော်တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ထိုသို့တင်ပို့ရာတွင် ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်အထိ ဆန်နှင့်ဆန်ကွဲ ၂၇၄၀၇၁၅ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၅၂ သန်း ရရှိခဲ့ကြောင်း သိရသည်။

လအလိုက်တင်ပို့မှုများအနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီလတွင် အမေရိကန်ဒေါ်လာ ၅၂ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၄၂၇၈၈ တန်၊ မေလတွင် အမေရိကန်ဒေါ်လာသန်း ၉၀ တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၂၅၉၅၀၁ တန်၊ ဇွန်လတွင် အမေရိကန်ဒေါ်လာ ၇၁ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၂၁၂၄၁၆ တန်၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၇၇ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၂၃၀၆၇၂ တန်၊ ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၆၅ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၉၂၉၈၅ တန်၊ စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၅၂ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၆၈၀၄၆ တန်၊ အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၉၂ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၃၁၆၉၂၀ ၊ နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၇၆ သန်းတန်ဖိုးရှိဆန်နှင့် ဆန်ကွဲ ၂၆၃၈၁၅ တန်၊ ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ၉၁ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၃၃၁၈၆၄ တန်၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ သန်း ၆၀ တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၂၀၈၈၄၇ တန်၊ ဖေဖော်ဝါရီလတွင် အမေရိကန်ဒေါ်လာ ၅၅ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၇၈၁၇၁ တန်၊ မတ်လတွင် အမေရိကန်ဒေါ်လာ ၇၁ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂၃၄၆၉၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ရာတွင် ဧည့်မထ/ ငစိန်အုပ်စုဝင်များဖြစ်သည့် ဆင်းသုခ၊ သီးထပ်ရင်၊ ရတနာတိုး၊ ငစိန်၊ ရာကျော်၊ ကရင်မ၊ ထွန်းပု၊ ဧယာ၊ ငွေတိုး၊ မင်းရော၊ ရွှေမန်း စသည့် ဆန်ကြမ်းများကို အဓိကတင်ပို့နေကြောင်း သိရသည်။



ထိုသို့တင်ပို့ရာတွင် အာရှနိုင်ငံများအပြင် ဥရောပ၊ အာဖရိကနိုင်ငံများသို့ပါ တင်ပို့လျက်ရှိကြောင်း သိရသည်။

ဝါဝါ

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ ၁၃၈၈ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့အတွက် နှစ်သစ်ကူးဩဝါဒကထာ



အားလုံးမင်္ဂလာပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူနိုင်ငံသားတွေအားလုံး ဘေးအန္တရာယ်တွေ ကင်းစင်ပြီး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ၊ လိုရာဆန္ဒပြည့်ကြပါစေ။

သင်္ကြန်- သင်္ကြန်ကာလကို လွန်မြောက်ပြီး နှစ်ဆန်းတစ်ရက်နေ့ ရောက်လာတဲ့အခါ၊ သင်္ကြန်ဆိုတာပြောင်းလဲ၊ ပြောင်းလဲနေတာ သင်္ကြန်ပဲ။ အချိန်ကာလကပြောင်းလဲနေတယ်။ ဒီနေ့ ပြောလိုတာက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုတာလည်း တိုင်းဒေသကြီး၊ ပြည်နယ်တွေ စုပေါင်းထားတယ်၊ ခရိုင်တွေစုပေါင်းထားတယ်၊ မြို့နယ်တွေစုပေါင်းထားတယ်၊ ရပ်ရွာတွေစုပေါင်းထားတယ်၊ မိသားစုတွေစုပေါင်းထားတယ်။ မိသားစုထဲမှာ လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီးဆိုတဲ့ အရွယ်မျိုးစုံ စုပေါင်းထားကြတယ်။ တစ်နေ့ တစ်ရက်အနေနဲ့ကတော့ အချိန်ကုန်ပြီး သင်္ကြန် ပြောင်းလဲနေတာဟာ သင်္ကြန်အခါပါပဲ။

သင်္ကြန်အခါ လွန်မြောက်တဲ့အချိန်မှာ အသိတရားလေးတစ်ခုက ဖြစ်စေပါတယ်။ လူငယ်ဘဝမှနေပြီး လူရွယ်ဘဝကို ကူးပြောင်းတာ၊ လူရွယ်ဘဝမှလည်း လူလတ်ဘဝကို ကူးပြောင်းတာ၊ လူလတ်ဘဝမှနေ လူကြီးဘဝကို ကူးပြောင်းတာ။ ဒါက သဘာဝအမှန်တရားပါပဲ။ လူငယ်ဆိုတာ အတတ်ပညာ၊ အသိပညာတွေ နုနယ်ငယ်သေးတော့ တတ်သထက် တတ်အောင်၊ သိသထက်သိအောင် သင်ယူရမယ်ဆိုတဲ့ ဆန္ဒတန်ခိုးဣဒ္ဓိပါဒ်နဲ့ ကြိုးစားကြတယ်။ လူရွယ်ဖြစ်လာတဲ့အခါကျတော့ ကိုယ့်ရည်မှန်းချက်၊ ကိုယ့်ရည်ရွယ်ချက်ကို ဝီရိယဣဒ္ဓိပါဒ်နဲ့ အကောင်အထည်ဖော်ရတယ်။

လူရွယ်မှနေ လူလတ်ဖြစ်လာတဲ့အခါကျတော့ မိသားစုတစ်ခုမှာ၊ အဖွဲ့အစည်းမှာ၊ နိုင်ငံမှာ၊ လစ်လပ်နေတဲ့ နေရာရှိခဲ့ရင် အဲ့ဒီနေရာကို ကိုယ်ကဝင်ပြီး တာဝန်ယူနိုင်ရမယ်။ လူငယ်တုန်းက သင်ယူလေ့လာခဲ့တာတွေ၊ လူရွယ်မှာ ရည်ရွယ်ချက် အကောင်အထည်ဖော်တာတွေ၊ အဲ့သလို အတွေ့အကြုံတွေ ရင့်ကျက်လာတဲ့အခါမှာ လူလတ်ဘဝကျတော့ လိုအပ်နေတဲ့ ကွက်လပ်ကို ဖြည့်နိုင်ရမယ်။ ဒါက အသိဉာဏ်ပညာ ရင့်ကျက်လာတာ။ လူငယ်ကနေ ပြောင်း လူရွယ်ဖြစ်၊ လူရွယ်ကနေ ပြောင်း လူလတ်ဖြစ်၊ လူလတ်ကနေ ပြောင်းပြီးတော့ လူကြီးဖြစ်လာတဲ့အခါကျတော့ စိတ်ဓာတ်တွေက ကြီးမားမြင့်မြတ်လာတယ်။

အဲဒီတော့ ကိုယ်တတ်ထားသမျှ သိထားသမျှတွေ ပညာရပ်တွေ အကုန်လုံးကို ကိုယ့်မိသားစု၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်နိုင်ငံကို နောက်မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်း သင်ပေးရမှာက လူကြီးတွေလုပ်နိုင်တဲ့ ကြီးကျယ်မြင့်မြတ်တဲ့အလုပ်ကြီးပဲ။ ဒါကြောင့်မို့ သင်္ကြန်ကို လွန်မြောက်လို့ အခုလိုနှစ်ဆန်းတစ်ရက် အခါသမယမှာ လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီး အသီးသီးတွေအနေနဲ့ မိမိတို့က ဘယ်အရွယ်မှာ ရောက်နေနေ၊ အဲဒီအရွယ် အားလျော်စွာ ရှိတဲ့တာဝန်ထမ်းဆောင်ရမယ့် ဝတ္တရားလေးမျိုးလုံးကို ဣဒ္ဓိပါဒ်တန်ခိုးလေးပါးနဲ့ တာဝန်ကျေပွန်စွာဆောင်ရွက်မယ်ဆိုရင် အိမ်တိုင်းအိမ်တိုင်း ကြီးပွားတိုးတက်ပါတယ်၊ အဖွဲ့အစည်းတိုင်း ကြီးပွားတိုးတက်ပါတယ်၊ တစ်ဆင့်နဲ့တစ်ဆင့်တစ်နိုင်ငံလုံးလည်း ကြီးပွားတိုးတက်ပါတယ်။

ယနေ့ မြန်မာ့နှစ်ဆန်းတစ်ရက် ၁၃၈၈ ခုနှစ် နှစ်ကူးအစမှစ၍ အိမ်တိုင်း၊ လူတိုင်း၊ မြို့တိုင်း၊ တိုင်းပြည်ကြီးတစ်ခုလုံးကြီးပွားတိုးတက်အောင်မြင်အောင် ဆုတောင်းဆန္ဒပြုရင်းနဲ့ အေးချမ်းဖို့ မေတ္တာပေးလိုက်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာကြီးပွားတိုးတက်အောင်မြင်ကြပါစေ။

# လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တ နိမလ၏ ၂၀၂၆ ခုနှစ် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ



၁၃၈၇ ခုနှစ်ကုန်ဆုံး၍ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းသည့် နှစ်သစ်ကူးနှစ်ဦးမင်္ဂလာအခါသမယ၌ ရဟန်းရှင်လူ၊ နိုင်ငံသူနိုင်ငံသားအားလုံး မြတ်ဗုဒ္ဓ၏ ဆုံးမဩဝါဒကိုလိုက်နာကျင့်သုံးသူများ ဖြစ်ကြပါစေလို့ အထူးဆုမွန်ပတ္ထနာပြုအပ်ပါသည်။

မနောပုဗ္ဗင်္ဂမာဓမ္မာ မနောသေဋ္ဌာမနောမယာ
မနသာစေပဒုဋ္ဌေန-ဘာသတိဝါကရောတိဝါ
တတောနံဒုက္ခမန္ဝေတိ-ဆာယာဝအနုပါယိနီ
ဓမ္မပဒပါဠိတော်

ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို စီမံအားထုတ်ပြုလုပ်သောအရာ၌ စိတ်သာလျှင်ပြဋ္ဌာန်း၏။ စိတ်သာလျှင်မြတ်၏။ စိတ်သာလျှင်ပဓာနဖြစ်၏။ ကြည်ညိုမြတ်နိုးသောစိတ်ဖြင့်ပြုအပ်သော ကောင်းမှုကုသိုလ်ကံသည် လူ့ပြည်သို့လည်းကောင်း၊ နတ်ပြည်သို့လည်းကောင်း ကျင်လည်ပြောင်းရွှေ့ရသော ပုဂ္ဂိုလ်တို့၏နောက်သို့ အရိပ်သမျှ ပမာဏကဲ့သို့ မိမိကိုယ်ကို မစွန့်မူ၍ ထက်ကြပ်မကွာ ချမ်းသာသည်၊ အစဉ်တစိုက်လိုက်၏ဟု မြတ်ဗုဒ္ဓဘုရားရှင်သည် ဆုံးမတော်မူခဲ့၏။ ထိုမြတ်ဗုဒ္ဓဘုရားရှင်၏ ဆုံးမဩဝါဒတို့ကို လိုက်နာကျင့်သုံးကြသော ရဟန်းရှင်လူ၊ ပြည်သူပြည်သား၊ နိုင်ငံသူနိုင်ငံသားများဖြစ်ကြ၍ ပြည်လုံးချမ်းသာအေးမြစွာဖြင့် ငြိမ်းချမ်းပန်းကို ပန်ဆင်နိုင်ကြပါစေ။

မနောပုဗ္ဗင်္ဂမာဓမ္မာ မနောသေဋ္ဌာမနောမယာ
မနသာစေပဒုဋ္ဌေန -ဘာသတိဝါကရောတိဝါ
တတောနံဒုက္ခမန္ဝေတိ-စက္ကံဝ ဝဟတောပဒံ
ဓမ္မပဒပါဠိတော်

ရဟန်းတို့ မကောင်းမှုကံမည်သည်ကား ဝန်ကိုရွက်ဆောင်သော နွားလား၏ နင်းတိုင်းနင်းတိုင်းသော ခြေရာကို လှည်းဘီးစက်သည် ထက်ကြပ်မကွာ နင်းကာသာလျှင် လိုက်ဘိသကဲ့သို့ ထိုမကောင်းကံကို ပြုအပ်သောသူအား ဆင်းရဲသည် အစဉ်မပြတ်ထက်ကြပ်မကွာ လိုက်သည်သာတည်းဟု မြတ်ဗုဒ္ဓဘုရားရှင်၏ ဆုံးမဩဝါဒကို နာခံမှတ်သား၍ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားပြီး မကောင်းမှုမှ အထူးရှောင်ကြဉ်ကြသော ရဟန်းရှင်လူ၊ ပြည်သူပြည်သား၊ နိုင်ငံသူနိုင်ငံသားများဖြစ်ကြ၍ ပြည်လုံးတစ်ခွင်သောကစင်၍ ငြိမ်းချမ်းခြင်းနှင့် ပြည့်စုံကြပါစေဟု နှစ်သစ်ကာလအခါသမယတွင် လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေငြိမ်းပြီး မေတ္တာပွား၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေဟု အထူးမေတ္တာပို့ ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

## အောင်ပါစေကြောင်း အောင်ရေလောင်း

❀ သော်တာစန်းလ၊ စိတြကြယ်ယှဉ်
ရာသီသာလှ၊ မိဿခေါ်တွင်
ကံ့ကော်လန်းသင်း၊ ပန်းမင်းတော်ဝင်
လတန်ခူး၊ နှစ်ဦးပွဲတော်ဆင်။

❀ နှစ်ဦးကာလ၊ ဒါနကိုမင်
ကုသိုလ်ကောင်းမှု၊ ပေါင်းစုပါဝင်
သဒ္ဓါတိုးပွား၊ စိတ်ထားဖြူစင်
အတာကူး၊ နှစ်ဦးရေသဘင်။

❀ ရေသဘင်ပွဲ၊ ဆင်နွှဲပျော်ရွှင်
အားမာန်တွေနိုး၊ ရွှေဒိုးသံလွင်
နံ့သာရေဖျန်း၊ မွှေးလန်းကြည်လင်
လက်ဆင့်ကမ်း၊ ထုံးတမ်း ဓလေ့ပင်။

❀ မြန်မာ့ဓလေ့၊ သိမ်မွေ့လို့ယဉ်
ဒြပ်မဲ့တန်ဖိုး၊ မြတ်နိုးတွယ်ခင်
ကမ္ဘာတစ်လွှား၊ ထင်ရှားပေါ်လွင်
စံတင်ရ၊ ကမ္ဘာ့ စာရင်းဝင်။

❀ မြန်မာ့အလှ၊ မြန်မာ့ဂုဏ်အင်
လေးစားမြတ်နိုး၊ တန်ဖိုးမြှင့်တင်
ရိုးရာစရိုက်၊ နှစ်မြိုက်ခုံမင်
မြန်မာမျိုး၊ စည်ဖြိုးထိန်ဝေလွှင်။

❀ နှစ်သစ်နှစ်ဦး၊ ဆုထူးပန်ဆင်
ဥပါဒ်ရန်ဘေး၊ ကင်းဝေးစေချင်
သတ္တဝါများ၊ သနားချစ်ကြင်
မေတ္တာမိုး၊ သွန်းဖြိုးထာဝစဉ်။

❀ နှစ်သစ်နှစ်ကူး၊ နှစ်ဦးခါတွင်
ရွှင်လန်းပျော်မြူး၊ ကြည်နူးဘဝင်
ကိုယ်ရောစိတ်ရော၊ ဆေးကြောသန့်စင်
ရေစင်လောင်း၊ သာကြောင်း မာကြောင်းပင်။

❀ စိတ်သစ်ကိုယ်သစ်၊ သစ်သစ်လွင်လွင်
ဉာဏ်ရည်ထက်မြက်၊ သွက်လက်လျင်လျင်
ကောင်းမှုကောင်းကျိုး၊ သယ်ပိုးလို့ပင်
အောင်စခန်း၊ အောင်ပန်း ကိုယ်စီဆင်။

❀ အောင်ရေသွန်းလောင်း၊ အောင်ကြောင်းအောင်မြင်
အောင်စွဲအောင်စိတ်၊ အောင်သိဒ္ဓိတင်
အောင်သရဖူဆောင်း၊ အောင်မောင်းသံလွင်
အောင်အမြဲ၊ အောင်ပွဲ အောင်လံတင်။ ။

ရေနံ့သာမောင်ကျော်ညွှန့်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

**လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ မိဘပြည်သူညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား–**

မြန်မာ့နှစ်သစ်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၍ ဘေးဘယာဝေးကွာပြီး တိုးတက်အောင်မြင်ကြပါစေကြောင်း ကျွန်တော် ဦးခင်ရီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တစ်ရပ်လုံးရဲ့ကိုယ်စား ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့အချိန်အခါဟာ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်မှ နှစ်သစ်ဖြစ်တဲ့ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလာတဲ့ကာလဖြစ်ပြီး နိုင်ငံတော်အတွင်းမှာလည်း အစိုးရသစ်နဲ့ နိုင်ငံရေးအခင်းအကျင်းအသစ်တွေ ပေါ်ပေါက်ခဲ့ပြီလည်းဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ ကျွန်တော်တို့ရဲ့ ဥပဒေပြုမဏ္ဍိုင်အဖြစ်လွှတ်တော်များလည်း ပြန်လည်ဖြစ်ပေါ်လာတာနဲ့အမျှ လွှတ်တော်တွေရဲ့ အဓိကဆောင်ပုဒ်ဖြစ်တဲ့ **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဆိုတဲ့အတိုင်း–နိုင်ငံသူ နိုင်ငံသားတို့ရဲ့ရင်တွင်းက အသံတွေ၊ ဖြစ်ချင်ကြတဲ့ ဆန္ဒတွေနဲ့ မျှော်လင့်ချက်တွေကိုဖြည့်ဆည်းဆောင်ရွက်ပေးဖို့က ကျွန်တော်တို့လွှတ်တော်ရဲ့ အန္တိမရည်မှန်းချက်လည်း ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ဒီရည်မှန်းချက်တွေအောင်မြင်ရေးအတွက် လွှတ်တော်အတွင်းမှာ နိုင်ငံတစ်ဝန်းမဲဆန္ဒနယ်မြေအသီးသီးက ပြည်သူတွေရွေးချယ်ခဲ့ကြတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာ လွှတ်တော်အတွင်းမှာသော်လည်းကောင်း၊ လွှတ်တော်ရပ်နားထားချိန်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်မြေတွေမှာသော်လည်းကောင်း၊ ရောက်ရှိနေကြမှာဖြစ်ပြီး ပြည်သူတွေရဲ့အကျိုးအတွက် ပူးပေါင်းဆောင်ရွက်မှုတာဝန်တွေကို စတင်ထမ်းဆောင်နေကြပြီလည်းဖြစ်ပါတယ်။ အဲ့ဒီနောက်မှာ နိုင်ငံတော်အစိုးရနဲ့ ချိတ်ဆက်ပြီး ပြည်သူ့ဆန္ဒကို ဖော်ဆောင်ပေးနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။

**မိဘပြည်သူညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား –**

ကျွန်တော်တို့လွှတ်တော်ဟာ ဥပဒေပြုရေးတာဝန်ကိုလည်း ထမ်းဆောင်ရမှာဖြစ်လို့ တည်ဆဲဥပဒေများကို ပြန်လည်ဆန်းစစ်ခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက အသစ်ပြဋ္ဌာန်းခြင်း စတာတွေနဲ့ ပြည်သူတွေအားလုံး ဥပဒေရဲ့အကာအကွယ်အောက်မှာ အပြည့်အဝစိတ်အေးချမ်းသာနေနိုင်ဖို့လည်း ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ရည်မှန်းချက်တာဝန်ဖြစ်တဲ့ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်လာဖို့အတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပြည်သူ အချိတ်အဆက်မိမိ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများရဲ့ လိုအင်ဆန္ဒနဲ့ မျှော်မှန်းချက်တွေကို ဖော်ဆောင်ပေးနိုင်ဖို့ ကျွန်တော်တို့လွှတ်တော်က အထူးကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မိဘပြည်သူညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား –**

နိဂုံးချုပ်အနေနဲ့ နှစ်ဟောင်းမှာကြုံခဲ့ရတဲ့ အခက်အခဲနဲ့ မအောင်မြင်မှုတွေကို အေးချမ်းတဲ့ အတာရေသဘင်နဲ့ ဆေးကြောသန့်စင်




နိုင်ပြီး နှစ်သစ်မှာ ဘေးကင်းရန်ကင်းကွာ ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေ။

ပြည်သူများအနေနဲ့ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ယုံကြည်စွာလက်တွဲပြီး ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေ။

အနာဂတ်မှာ ပိုမိုခိုင်မာ ပြည့်မြန်မာကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ယခုနှစ်သစ်ကစလို့ နားလည်မှု၊ စာနာမှု၊ ခွင့်လွှတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အတူ ရှေ့ခရီးကို ဦးတည်သွားကြပါစို့လို့ ပြင်းပြတဲ့ဆန္ဒနဲ့ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားအပ်ပါတယ်ခင်ဗျား။

မိဘပြည်သူ နိုင်ငံသူနိုင်ငံသားအားလုံး အေးချမ်း၊ သာယာ၊ ငြိမ်းချမ်း၊ ပြည့်စုံနိုင်ကြပါစေ။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၏ မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်ကနေ ၁၃၈၈ ခုနှစ်ကို ကူးပြောင်းတဲ့ နှစ်သစ်ကူး နှစ်ဦးအချိန်အခါမှာ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားညီအစ်ကို မောင်နှမများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ရွှင်လန်းကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

မြန်မာတို့ရဲ့ ရှေးအစဉ်အဆက် အစဉ်အလာများအတိုင်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ကမ္ဘာက အသိအမှတ်ပြုခံထားရတဲ့ မြန်မာတို့ရဲ့ မဟာသင်္ကြန်ပွဲတော်မှာ နှစ်ဟောင်းက ကိုယ်စိတ်နှစ်ပါး အညစ်အကြေးတွေကို အတာရေအေးနဲ့ ဆေးကြောသန့်စင်ပြီး နှစ်သစ်မှာ စိတ်သစ် လူသစ်နဲ့အတူ လူမှုစီးပွားဘဝများ တိုးပွားကြွယ်ဝအောင် စွမ်းဆောင်နိုင်ကြပါ




စေကြောင်း ထပ်လောင်းလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဒီနှစ်သစ်ဟာ ထူးခြားစွာနဲ့ပဲ နှစ်ဟောင်းနှစ်သစ်အကူးအပြောင်း ကာလလေးမှာ ပြည်သူတွေ ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်ကြီးများရဲ့ ဥပဒေပြုလွှတ်တော်နဲ့ နိုင်ငံတော် အစိုးရသစ်တို့ ပေါ်ထွန်းလာကာ နှစ်သစ်ကို လူသစ်စိတ်သစ်နဲ့ ကူးပြောင်းလာကြတာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ မျှော်မှန်းထားတဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကို တည်ဆောက်ဖို့ဆိုရင် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနဲ့ တက်ညီလက်ညီ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

မိဘပြည်သူ နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ အနေနဲ့လည်း အမိမြန်မာနိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာမှာ စုစည်းညီညာစွာနဲ့ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်လို့ ယုံကြည်ပါတယ်။

ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်များအနေနဲ့လည်း နိုင်ငံတော်ရဲ့ အကျိုး၊ ပြည်သူလူထု တိုင်းရင်းသားညီအစ်ကို မောင်နှမများရဲ့အကျိုးကို အစဉ်တစိုက်ရှေးရှုပြီး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း နှစ်သစ်ကူး နှစ်ဦးအချိန်အခါမှာ မိဘပြည်သူများကို ကတိပြုတင်ပြလိုပါတယ်။

မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး နှစ်သစ်မှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

## အောင်လံမြို့နယ်၌ စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ထားမှု ကွင်းဆင်းကြည့်ရှု

**အောင်လံ ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ဧပြီလ ၁၈ ရက် နံနက်ပိုင်းတွင် အောင်လံမြို့နယ် ကျီရပ်ကုန်းကျေးရွာအုပ်စုရှိ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းခွင်သို့သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်ထားမှုများ ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကြည့်ရှုရာတွင် ဝန်ကြီးချုပ် ဦးတင်ကိုကိုအား စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများက ကျီရပ်ကုန်းကျေးရွာအုပ်စုအတွင်း စနစ်ကျလယ်ယာမြေ ၁၆၈ ဒသမ ၈၅ ဧက ဖော်ထုတ်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသတွင်း နှမ်းသီးနှံများစိုက်ပျိုးအောင်မြင်နေမှုအခြေအနေများကိုလည်းကောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒုရဲတိုင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရန် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့်ဒေသခံတောင်သူများက မိမိတို့၏လိုအပ်ချက်များနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကိုတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တောင်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် စိုက်ပျိုးရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးဆိုင်ရာများ ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေအတွင်း စိုက်ပျိုးဖြစ်ထွန်းနေမှုများနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

### သဇင်(FM)အသံလွှင့်အစီအစဉ်

၁၉-၄-၂၀၂၆(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ |
| ၂။ | ၁၀:၄၀ | နိပါတ်တော်လာသိမှတ်စရာ |
| ၃။ | ၁၃:၃၀ | Music Crazy |
| ၄။ | ၁၄:၅၅ | Sporty Zone |
| ၅။ | ၁၈:၂၀ | Relaxing Moment |
| ၆။ | ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

# ငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာနှစ်သစ်မင်္ဂလာ

ဘုန်းမောင်ဝင်း(ဖျာပုံ)

လူတိုင်းသည် မျှော်လင့်ချက်ဖြင့်အသက်ရှင်သန်နေထိုင်ကြသူများဖြစ်သည်။ လူ့ဘဝကိုဖြတ်သန်းနေသူတိုင်း နေ့စဉ်လူမှုစီးပွားကိစ္စရပ်များဆောင်ရွက်ရာတွင်အဆင်ပြေပြေချောချောမွေ့မွေ့ဖြစ်စေချင်သည်။ လူမှုပတ်ဝန်းကျင်တွင် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုအောက်တွင်နေထိုင်ကာ လူမှုစီးပွားဆောင်ရွက်လိုကြသည်။ စိတ်လက်ချမ်းသာကိုယ်ကျန်းမာနှင့် မိမိတို့၏စားဝတ်နေရေးကောင်းမွန်စွာဆောင်ရွက်နိုင်ခြင်းကိုအလိုရှိကြသည်။

ယခုအခါ မြန်မာတို့အဖို့ သက္ကရာဇ် ၁၃၈၈ ခုနှစ်သို့ကူးပြောင်းရောက်ရှိလာသည့်အခါသမယတွင် နှစ်သစ်နှင့်အတူ စိတ်သစ်၊ လူသစ်၊ ခံစားချက်အသစ်ဖြင့်ဖြတ်သန်းလိုကြသည်၊ နှစ်ဟောင်းတွင်ကြုံတွေ့ခဲ့ရသောအခက်အခဲများအားလုံးချုပ်ငြိမ်းစေချင်သည်၊ လူတိုင်းက ငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာနှင့် နှစ်သစ်ကိုမင်္ဂလာရှိစွာကြိုဆိုဖြတ်သန်းရန် တူညီသောဆန္ဒရှိနေကြသည်။

ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသောနှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ မြန်မာပြည်သူများအနေဖြင့် "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" ဟူသောသဗ္ဗညုတဉာဏသခင်မြတ်စွာဘုရားရှင်တို့၏ ဩဝါဒဓမ္မဒေသနာတော်နှင့်အညီ နေထိုင်ကြမည်ဆိုပါက ကောင်းမွန်သောလူမှုစီးပွားဘဝများကို ပိုင်ဆိုင်ကြမည်ဖြစ်သည်။ မကောင်းမှုကိုရှောင်ကြဉ်ခြင်းအားဖြင့် ဥပဒေဘောင်အတွင်းမှာ ဘေးကင်းရန်ကွာနေထိုင်နိုင်ကြမည်ဖြစ်သည်။ ကောင်းမှုကိုဆောင်ထားခြင်းအားဖြင့် မိမိ၏ဒါန၊ သီလ၊ ဘာဝနာတို့ တိုးပွားနေမည်ဖြစ်သည်။ ထိုသို့ဆိုပါလျှင် မိမိတို့တစ်ဦးချင်းစီ၏စိတ်သည် ဖြူစင်နေမည်ဖြစ်သည်။ စိတ်ထားဖြူစင်သောနိုင်ငံသားများနေထိုင်ကြသည့် မြန်မာနိုင်ငံသည် အေးချမ်းသာယာ၍ပျော်ရွှင်ဖွယ်ဖြစ်ပေလိမ့်မည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသောနိုင်ငံဖြစ်သည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကိုလက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်နေသောနိုင်ငံဖြစ်သည်။ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကို လေးစားမြတ်နိုးတန်ဖိုးထားသော နိုင်ငံ့ခေါင်းဆောင်များပေါ်ထွန်းလာနေသည်မှာ ဂုဏ်ယူဝမ်းမြောက်စရာဖြစ်သည်။ ယခုမြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်သို့ကူးပြောင်းသည့်အခါကာလတွင် ဒီမိုကရေစီနိုင်ငံသစ်ကို ဆက်လက်တည်ဆောက်အကောင်အထည်ဖော်မည့် နိုင်ငံ့ခေါင်းဆောင်သစ်သည် အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကိုလေးစားမြတ်နိုးတန်ဖိုးထားသောခေါင်းဆောင်ဖြစ်၍ မြန်မာတစ်မျိုးသားလုံးအနေဖြင့် နိုင်ငံ့ခေါင်းဆောင်သစ်၊ အစိုးရသစ်နှင့်အတူ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသားရေးစရိုက်လက္ခဏာများ မြင့်မားခိုင်မြဲလာအောင် လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နှစ်သစ်တွင်မျှော်လင့်ချက်အသစ်များထားရှိကာ အတိတ်ကခါးသီးမှုအတွေ့အကြုံများကို သင်ခန်းစာယူပြီး သာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့ ညီညီညွတ်ညွတ် အတူတကွလျှောက်လှမ်းကြရမည်ဖြစ်သည်။ "စည်းလုံးခြင်းသည်အင်အား" ဆိုသည့်အတိုင်း တိုင်းရင်းသားအားလုံးစုစည်းညီညွတ်မှုရှိနေကြရမည်ဖြစ်သည်။ အဆိုးရွားဆုံးနှင့်အကျည်းတန်ဆုံးလုပ်ရပ်ဖြစ်သော အကြမ်းဖက်လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရမည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်သူများ၏လူမှုစီးပွားဘဝတည်ငြိမ်အေးချမ်းမှုသာ နိုင်ငံတော်သည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စည်းလုံးညီညွတ်ခြင်းအင်အားဖြင့် အနာဂတ်နိုင်ငံတော်ကိုအကောင်းဆုံးတည်ဆောက်ကြရန်အတွက်ပထမဦးဆုံးဆောင်ရွက်ရမည်မှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းကြရန်ဖြစ်သည်။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင်နိုင်ငံတော်တည်ငြိမ်ရေး၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးမှာ ပြည်သူများ၏အမျှော်လင့်ဆုံးဆန္ဒဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း တစိုက်မတ်မတ် အလေးထားဆောင်ရွက်လျက်ရှိသည်။ သို့သော် ငြိမ်းချမ်းရေးပန်းတိုင်မှာ မဖြစ်သင့်မဖြစ်ထိုက်သောပဋိပက္ခများကြောင့်အလှမ်းဝေးနေဆဲဖြစ်သည်၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတွင်ဖြစ်ပေါ်ခဲ့ရသည့် ထိခိုက်ဆုံးရှုံးမှုများကိုထောက်ရှုပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းအားလုံးလက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး နိုင်ငံရေးလမ်းကြောင်းကတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းမှာနိုင်ငံနှင့်လူမျိုးတိုးတက်ကြီးပွားရေးအတွက်အထောက်အပံ့ကောင်းတစ်ခုဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးတံခါးကိုဖွင့်လှစ်ထားပြီး လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းကို ပြည်သူတစ်ရပ်လုံးက ထောက်ခံကြိုဆိုလျက်ရှိသည်။

ယခုအခါ ပြည်သူများဆန္ဒနှင့်အညီ တစ်ခဲနက်ရွေးချယ်တင်မြှောက်ပေးလိုက်သော ပြည်သူ့အစိုးရတစ်ရပ်ပေါ်ထွန်းလာပြီဖြစ်သည်၊ ထို့အတူ တိုင်းရင်းသားများအရေး၊ နိုင်ငံသားများအရေးမှန်သမျှကိုတောင်းဆိုနိုင်ရန်အတွက် လွှတ်တော်များလည်းပေါ်လာနေပြီဖြစ်သည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်အတွက် ကောင်းမွန်သောအခင်းအကျင်းများကိုမြင်တွေ့နေကြရပြီဖြစ်သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးမဏ္ဍိုင်များက နိုင်ငံတော်နှင့်နိုင်ငံသားများကောင်းကျိုးကို ရှေးရှုကာ အကောင်းဆုံးဆောင်ရွက်မည်ဖြစ်သကဲ့သို့ ပြည်သူလူထုအနေဖြင့်လိုက်ပါလုပ်ဆောင်ပေးကြရမည်ဖြစ်သည်။

မြန်မာ့နှစ်သစ်ကူးနှင့်အတူ အေးမြသောအတာရေ ပက်ဖျန်းရင်း စိတ်သစ်ကိုယ်သစ်ဖြင့် ကျန်းမာ၊ ချမ်းသာ၊ ဝမ်းသာစရာအပေါင်းနှင့်ပြည့်စုံပြီး ကောင်းမွန်သောလိုအင်ဆန္ဒမှန်သမျှပြည့်ဝပါစေ၊ ဘေးဒုက္ခအပေါင်းမှကင်းဝေးပြီး သာသနာ၊ ဘာသာနှင့်နိုင်ငံ၏ကောင်းကျိုးများကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုကြသည်မှာလူသားတို့ကောင်းကျိုးကို အလေးထားဆုတောင်းပေးနေခြင်းဖြစ်သည်။ တိုင်းရင်းသားမိဘညီအစ်ကိုအပေါင်းနှင့်ပြည်သူများတောင့်တမျှော်မှန်းခဲ့သည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဖြောင့်တန်းစွာချီတက်နိုင်ရန်မှာ လူတိုင်းက တရားသတိ၊ ပညာအသိအမြင်၊ ဖြူစင်သောဆန္ဒများရှိနေကြရမည်ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုး၏ကောင်းကျိုးကို အထောက်အပံ့ပြုစေပြီး အဖျက်ကိုရှောင်၊ အပြုကိုဆောင်ကာ ငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာနှင့် နှစ်သစ်ကို မင်္ဂလာအပေါင်းပြည့်ဝစွာဖြင့် ဖြတ်သန်းကြရမည်ဖြစ်သည်။

"မကျန်မြားမြောင်၊ စေ့စုံအောင်လျှင်၊ ဆောင်ယောင်ထီးစည်၊ ဘွဲ့မည်ဌာနန်၊ ထိုက်တန်ဂုဏ်လျောက်၊ ထပ်ခါလှောက်မှ၊ ချီးမြှောက်ဖြိုးကဲ၊ လူခပဲအား၊ စွန့်ကြဲပေးကမ်း၊ လွှေ့လွှေ့ရမ်းနှင့်၊ ထောင်တမ်းလေးရပ်၊ မြဲစောင့်ကြပ်လျက်၊ ကျဉ်းကျပ်ခံသူ၊ လွှတ်တော်မူ၍၊ မပူချမ်းမြေ့၊ လန်းလန်းကြွေ့သား၊ ရေတွေ့ငုံအာ၊ အိုင်ကြီးကြာသို့၊ မျက်နှာအထူး၊ လွန်ကြည်နူးသည်၊ ရွှင်မြူးလူရှင်ရဟန်းတည်း" ဟူ၍ မဃဒေဝတွင်ဖွဲ့ဆိုထားသည့်အတိုင်း နိုင်ငံတော်အစိုးရအနေဖြင့် နှစ်သစ်အချိန်အခါတွင် ဂုဏ်ပြုချီးမြှင့်ထိုက်သူများအား ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းနှင့် ပြစ်ဒဏ်ကျခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များပေးခဲ့သည်မှာ ကောင်းမွန်သောမင်္ဂလာသတင်းကောင်းများဖြစ်သည်။

ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့်အတူ တစ်ဆက်တည်းမှာပဲ နိုင်ငံ၏အဓိကလိုအပ်ချက်ဖြစ်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေ၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ ပထဝီအနေအထားနှင့်သဘာဝအရင်းအမြစ်များအရ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို နည်းလမ်းတကျဆောင်ရွက်ပြီး ထုတ်ကုန်များကိုတိုးမြှင့်ကြရန် လိုအပ်သည်။ ထိုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များအပေါ်တွင် အခြေပြုသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs)များကို အားပေးမြှင့်တင်ပြီး ပြည်တွင်းစားသုံးမှုလိုအပ်ချက်ဖူလုံသည့်အပြင် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကုန်ထုတ်လုပ်မှုကဏ္ဍမြင့်မားအောင် ဆောင်ရွက်ကြမည်ဆိုပါက တစ်ဦးချင်းကအစ နိုင်ငံတော်အဆင့်ထိ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသောဆောင်ပုဒ်များမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်သာယာရေးအတွက် လိုက်ပါလုပ်ဆောင်ရမည့်ကိစ္စရပ်များကို ညွှန်းဆိုဖော်ပြထားခြင်းဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုမြင့်မားနေရမည်ဖြစ်သည်။ ပြည်ပပို့ကုန်များပြားနေမှ နိုင်ငံခြားဝင်ငွေများစွာရရှိမည်။ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်နေမည်ဖြစ်သည်။ ထို့အတူ လုပ်ငန်းဆောင်တာအားလုံးအတွက် အဓိကသော့ချက်သည် ပညာဖြစ်သည်။ အတန်းပညာ၊ အသိပညာ၊ အတတ်ပညာမှန်သမျှကို တတ်မြောက်ကျွမ်းကျင်ထားကြမည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးလာမည်ဖြစ်သည်။ နေ့စဉ်တိုးတက်နေသည့် ပညာရပ်များကို အမှီလိုက်နိုင်ခြင်းအားဖြင့် မိမိကိုယ်ကို တိုးတက်အောင်လုပ်ဆောင်နေသလို နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးလာမည်ဖြစ်သည်။

လူတိုင်းက မိမိတို့နေထိုင်သည့် အိမ်ခြံမြေကို သန့်ရှင်းအောင်နေ့စဉ်ဆောင်ရွက်နေကြသလို မိမိတို့နေထိုင်သည့်သဘာဝပတ်ဝန်းကျင်ကိုလည်းမပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်သည် လူသားတို့အသက်ရှင်သန်နေထိုင်ရေးအတွက် အရေးပါသည့်အခြေအရံတစ်ခုဖြစ်ပေရာ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် နိုင်ငံသာယာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာရှိနေသောအရပ်ဒေသကို လူတိုင်းနှစ်သက်သဘောကျကြသည်။ မြန်မာနိုင်ငံအတွင်းနေထိုင်ကြသူအားလုံးအနေဖြင့် မိမိတို့နေထိုင်ရာနေရာဒေသကိုထိုကဲ့သို့ဖြစ်စေလိုပါလျှင် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းရေးကို အလေးထားလုပ်ဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရသစ်၏ဦးဆောင်မှုနှင့်အတူငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာနှစ်သစ်မင်္ဂလာအချိန်အခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်၍ အေးချမ်းသာယာသောနိုင်ငံတော်အဖြစ်သို့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။ ။

**✤ ✤ ✤ ယခုမြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်သို့ကူးပြောင်းသည့်အခါကာလတွင် ဒီမိုကရေစီနိုင်ငံသစ်ကို ဆက်လက်တည်ဆောက်အကောင်အထည်ဖော်မည့် နိုင်ငံ့ခေါင်းဆောင်သစ်သည် အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကို လေးစားမြတ်နိုးတန်ဖိုးထားသောခေါင်းဆောင်ဖြစ်၍ မြန်မာတစ်မျိုးသားလုံးအနေဖြင့် နိုင်ငံ့ခေါင်းဆောင်သစ်၊ အစိုးရသစ်နှင့်အတူ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ အမျိုးသားရေးစရိုက်လက္ခဏာများ မြင့်မားခိုင်မြဲလာအောင် လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ် . . .**

**✤ ✤ ✤ တိုင်းရင်းသားမိဘညီအစ်ကိုအပေါင်းနှင့် ပြည်သူများတောင့်တမျှော်မှန်းခဲ့သည့် စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဖြောင့်တန်းစွာချီတက်နိုင်ရန်မှာ လူတိုင်းက တရားသတိ၊ ပညာအသိအမြင်၊ ဖြူစင်သောဆန္ဒများရှိနေကြရမည်ဖြစ်၊ တိုင်းပြည်နှင့်လူမျိုး၏ကောင်းကျိုးကို အထောက်အပံ့ပြုစေပြီး အဖျက်ကိုရှောင်၊ အပြုကိုဆောင်ကာ ငြိမ်းငြိမ်းချမ်းချမ်းသာသာယာယာနှင့် နှစ်သစ်ကို မင်္ဂလာအပေါင်းပြည့်ဝစွာဖြင့် ဖြတ်သန်းကြရမည်ဖြစ် . . .**

# ကွမ်းစားခြင်းနှင့် ကျန်းမာရေးအန္တရာယ်

ပေါက်ပေါက်

မြန်မာနိုင်ငံလူဦးရေ၏ ခုနစ်သန်းကျော်သည် ဆေးရွက်ကြီးထွက်ပစ္စည်း(ဓာတုပစ္စည်းများ) ပါသောကွမ်းယာကို သုံးစွဲနေကြပြီး ဆေးရွက်ကြီးထွက်ပစ္စည်းများစားသုံးမှုကြောင့် ရောဂါဖြစ်ကြကာ သေဆုံးသူဦးရေကလည်း တစ်နှစ်လျှင် ခြောက်သောင်းကျော်ရှိကြောင်း သုတေသနတစ်ခုက ဆိုထားသည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း ကွမ်းစားခြင်းနှင့် ဆေးရွက်ကြီးငုံခြင်းကြောင့်ဖြစ်လာနိုင်သည့် ကျန်းမာရေးအန္တရာယ်များအကြောင်း အသိပညာပေးအမျိုးသားအဆင့်လှုပ်ရှားမှုတစ်ရပ်ကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မှ စတင်ပြုလုပ်ခဲ့ကြသည်။

ရှေးဘုရင်များလက်ထက်ကတည်းက ကလေးငယ်ကို ကွမ်းခွံ့မင်္ဂလာပွဲဆင်နွှဲခဲ့ကြပြီး ထီးသုံးနန်းသုံးသာမက ကျေးလက်တောရွာများပါမကျန် စားသုံးလာကြသည်။ ကွမ်းစားခြင်းဓလေ့သည် အရှေ့တောင်အာရှနိုင်ငံများ၌ ရှေးနှစ်ပေါင်းများစွာကပင် စတင်ခဲ့ပြီး မြန်မာနိုင်ငံ၌သာမက အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ဗီယက်နမ်၊ မလေးရှား၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း ရှိကြသည်။

သို့သော် ခေတ်ကာလများရွေ့လျားလာသည့်အလျောက် ကွမ်းစားသည့်ပုံစံမှာ ဘိုးဘေးလက်ထက်က စားသုံးပုံနှင့်မတူတော့ဘဲ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများနှင့် အရောင်ချွတ်ဆေး၊ ပွဆေးကဲ့သို့သော ဓာတုပစ္စည်းမကင်းသည့် ကွမ်းရွက်၊ ကွမ်းသီးတို့အပြင် ဆေးရွက်ကြီးများသာမက ပြည်ပမှလာသော နှပ်ဆေး၊ စားဆေးများ ထည့်လာကြသည်။ ကွမ်းစားရင်း ဆေးငုံလာကြသည်။ ယနေ့ကာလ ကွမ်းစားခြင်းဖြင့် ကွမ်းကိုစွဲလမ်းစေသောဓာတ်များ ပါဝင်သောကြောင့် ဆိုးကျိုးပိုများလာသည်။

### ကွမ်းစားခြင်း၏ ဆိုးကျိုးများ

ခံတွင်းနံ့ကောင်းစေဖို့ ကွမ်းစားတယ်၊ ခံတွင်းချဉ်လို့ ကွမ်းငုံတယ်၊ ကွမ်းဝါးနေရင် အိပ်ငိုက်ပြေစေတယ် စသည့်အကြောင်းပြချက်အမျိုးမျိုးတို့ဖြင့် ကွမ်းစားကြသည်။ တချို့ကလည်း ဆေးလိပ်ဖြတ်ချင်လို့ ကွမ်းစားတယ်ဟုဆိုကာ ကွမ်းစားကြသော်လည်း ဆေးလိပ်မပြတ်ဘဲ ကွမ်းကိုပါ စွဲလမ်းသွားကြသည်။

ကွမ်းစားခြင်းကြောင့် အဆိုးရွားဆုံးဖြစ်သည့်ရောဂါမှာ ခံတွင်းကင်ဆာဖြစ်သည်။ ပါးစပ်ထဲရှိ အနာများမှတစ်ဆင့် ထုံးနှင့် ကွမ်းစားဆေးတွင်ပါရှိသော ဓာတုပစ္စည်းများကြောင့် ကင်ဆာအဖြစ်သို့ ပြောင်းသွားသည်။ ခံတွင်းကင်ဆာဟူသည်မှာ လျှာကင်ဆာအပါအဝင် အစာရေမျိုပြွန်လမ်းကြောင်းကင်ဆာများ အားလုံးကိုဆိုလိုသည်။ ဒုတိယအဆိုးရွားဆုံးမှာ ကွမ်းစားသူ၏သွားများတွင် ရေစီးကမ်းပြိုဖြစ်တတ်သည်။ ထုံးကြောင့် သွားပတ်ပတ်လည်ရှိ အရိုးများနိမ့်သွားတတ်သည်။ ထိုအခါ သွားများယိုင်ပြီး အမြစ်များပေါ်လာကာ ယင်းသွားများ အလွယ်တကူကျွတ်ထွက်တတ်သည်။

အထက်ဖော်ပြပါခံတွင်းကင်ဆာနှင့် ရေစီးကမ်းပြိုတို့အပြင် ကွမ်းစားခြင်း၏တခြားဆိုးကျိုးများအနေဖြင့်-

ပါးစောင်၏အတွင်း လျှာမှာအလုံးအကျိတ်ဖြစ်ခြင်း၊ သွားပေါက်နာဖြစ်ခြင်း၊ သွားပိုးစားခြင်း၊ သွားအလွှာများကိုပျက်စီးစေခြင်း၊ နှုတ်ခမ်း၊ သွားနှင့်သွားဖုံးများကို အရောင်စွန်းစေခြင်း၊ နှလုံးနှင့်သွေးကြောရောဂါများဖြစ်စေခြင်း၊ ဆီးအိမ်ရောဂါဖြစ်ခြင်း၊ ခန္ဓာကိုယ်၏ဇီဝရုပ်ဖြစ်ပျက်မှုကို ပျက်စီးစေခြင်း၊ အဝလွန်စေခြင်း၊ တခြားအစားအစာများ၊ ဆေးများနှင့်မတည့်သောအခါ အဆိပ်ဖြစ်စေခြင်း၊ ပဋိဇီဝဆေးများ၏အာနိသင်ကို လျော့ကျစေခြင်း၊ ကွမ်းကိုစွဲလမ်းသွားစေခြင်း၊ မျိုးဆက်ပွားပြဿနာ (မွေးဖွားလာသောကလေးတွင် ပေါင်မပြည့်ခြင်း) နှင့် ကွမ်းတံတွေးသည် ပတ်ဝန်းကျင်ကိုညစ်ပေစေခြင်း စသည်တို့ မလွဲမသွေဖြစ်စေနိုင်သည်။

> "ကွမ်းစားသူတိုင်း ဆေးလိပ်သောက်သည်ဟု မဆိုလိုသော်လည်း ကွမ်းစားသူအများစုက ဆေးလိပ်သောက်ကြသကဲ့သို့ ဆေးလိပ်၊ ဆေးရွက်ကြီးငုံသူအများစုကလည်း ကွမ်းစားတတ်ကြသည်။ ကွမ်းယာ၊ ဆေးရွက်ကြီးနှင့် ဆေးလိပ်ကို တစ်နည်းနည်းသုံးစွဲနေခြင်းတို့မှာ ယင်းတို့၏ အန္တရာယ်ကိုမသိ၍မဟုတ်ဘဲ သိပင်သိလျက် အစွန့်ရခက်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် ကွမ်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးများ မစွဲလမ်းသေးဘဲ အစပြု၍ စားသုံး၊ သောက်သုံးနေသူများအနေဖြင့် ယနေ့(ယခုချက်ချင်း)တွင်ပင် ရပ်သင့်ပါသည်. . ."

အထက်ပါအကြောင်းရင်းများကြောင့် အမေရိကန်ပြည်ထောင်စုရှိ အစားအစာနှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှုဌာနမှ ကွမ်းကိုမဝါးသင့်၊ မစားသင့်သောစာရင်းတွင် ထည့်ထားသည်။ ထို့ပြင် အဆိပ်ဖြစ်စေသော အပင်များအနေဖြင့်လည်း သတ်မှတ်ထားသည်။ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ခြင်းဌာနကလည်း ကွမ်းစားခြင်းကြောင့်ဖြစ်စေတတ်သော ရောဂါများကို ထုတ်ပြန်ထားသည်။

နေ့စဉ် အကန့်အသတ်မရှိ ကွမ်းစားသုံးနေမည်ဆိုပါက ခန္ဓာကိုယ်ထဲတွင် ထုံးဓာတ်လွန်ကဲပြီး အထက်တွင် ရေးသားဖော်ပြထားသော ရောဂါများအပြင် ဆီးကျောက်တည်ရောဂါ ဖြစ်ပွားနိုင်သည်။ ဆီးကျောက်တည်သောအခါ ကျောက်ကပ်၊ ဆီးပြွန်၊ ဆီးအိမ်နှင့်ကျင်ချောင်း တစ်လျှောက် ကျောက်တည်ပြီး လူကိုဒုက္ခပေးသည်။ လူတချို့က တစ်ရက်လျှင် ကွမ်းယာစုစုပေါင်း နှစ်ဆယ်ကျော်အထိ လွန်လွန်ကျူးကျူးစားသုံးကြသကဲ့သို့ တချို့ကလည်း ညအိပ်သည့်အချိန်ထိပင် ထွေးမထုတ်ဘဲ ငုံအိပ်တတ်ကြသည်။ ထိုလူများတွင် ဆီးကျောက်တည်ဝေဒနာဖြစ်ရန် ပို၍ရာခိုင်နှုန်းများစေသည်။ ထို့ပြင် နှိုင်းယှဉ်ကြည့်ရာ၌ ထိုလူများသည် ကွမ်းလုံးဝမစားသူများထက် ပါးစပ်နှင့် လျှာကင်ဆာ၊ ခံတွင်းကင်ဆာ ၄၆ ရာခိုင်နှုန်းအထိ ဖြစ်ပွားလေ့ရှိကြောင်း ပညာရှင်များက သတိပေးထားကြသည်။

### ခံတွင်းကင်ဆာကုသခြင်း

ခံတွင်းကင်ဆာရောဂါက လွန်စွာဆိုးရွားသည်။ လည်ပင်း၊ လည်ချောင်း၊ အသက်ရှူလမ်းကြောင်း၊ အစာရေမျိုပြွန်တို့နှင့် ခံတွင်းက လွန်စွာနီးကပ်သည်။ ထို့ကြောင့် ကင်ဆာဆဲလ်များ အလွယ်တကူပျံ့နှံ့လွယ်သည်။ ပါးစပ်အနီး သို့မဟုတ် လည်ပင်းအနီးတွင် အကျိတ်များထွက်လာသည်။ ယင်းနေရာတို့ကို ခွဲထုတ်ရန်ခက်ခဲသည်။ ကင်ဆာရောဂါအဆင့် (၃)၊ အဆင့် (၄) သို့ရောက်လျှင် မေးရိုးကိုပါ ဖြတ်ထုတ်ရသည်။ မေးရိုးတစ်ခြမ်းလုံးဖြတ်ထုတ်ရသော လူနာများလည်းရှိသည်။ ထို့ကြောင့် ကွမ်းကို အလေ့အကျင့်လုပ်၍ လုံးဝမစားခြင်းသည် အကောင်းဆုံးဖြစ်ပြီး ကွမ်းစွဲသူများကလည်း စိတ်အလိုမလိုက်ဘဲ တဖြည်းဖြည်းကြိုးစားဖြတ်ရပါမည်။

### မိဘများဆင်ခြင်သင့်

မိခင်၊ ဖခင်တို့နှင့် မိသားစုအတွင်း ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားဆေးငုံခြင်းအလေ့အကျင့်တို့က သား၊ သမီးများကိုပါ အလိုအလျောက်ကူးစက်သွားစေပြီး လူငယ်များအတွင်း ကျန်းမာရေးနှင့်အပြုအမူဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာစေသည်။ အသက် ၁၃ နှစ်မှ ၁၇ နှစ်ကြားဆယ်ကျော်သက်များအတွင်း အာဟာရချို့တဲ့သူ ၁၈ ရာခိုင်နှုန်း၊ အဝလွန်သူ ၁၀ ရာခိုင်နှုန်း၊ သံဓာတ်ချို့တဲ့သွေးအားနည်းသူ ၅၀ ရာခိုင်နှုန်းရှိနေပြီး ဆေးလိပ်၊ ကွမ်းအပြင် အရက်သုံးစွဲမှုများပါ မြင့်တက်နေခြင်းမှာ သတိပြုဆင်ခြင်စရာဖြစ်သည်။

### ကွမ်းစားခြင်းလျော့နည်းစေရန်

ကွမ်းစားသူတိုင်း ဆေးလိပ်သောက်သည်ဟု မဆိုလိုသော်လည်း ကွမ်းစားသူအများစုက ဆေးလိပ်သောက်ကြသကဲ့သို့ ဆေးလိပ်၊ ဆေးရွက်ကြီးငုံသူအများစုကလည်း ကွမ်းစားတတ်ကြသည်။ ကွမ်းယာ၊ ဆေးရွက်ကြီးနှင့် ဆေးလိပ်ကို တစ်နည်းနည်းသုံးစွဲနေခြင်းတို့မှာ ယင်းတို့၏ အန္တရာယ်ကိုမသိ၍မဟုတ်ဘဲ သိပင်သိလျက် အစွန့်ရခက်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် ကွမ်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးများ မစွဲလမ်းသေးဘဲ အစပြု၍ စားသုံး၊ သောက်သုံးနေသူများအနေဖြင့် ယနေ့(ယခုချက်ချင်း) တွင်ပင် ရပ်သင့်ပါသည်။ အကယ်၍ ကွမ်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးတို့ကို စွဲသွားပြီဆိုလျှင် ဖြတ်တောက်ရန် ယေဘုယျနည်းများသုံးခြင်းထက် မိမိတစ်ဦးချင်းစီအလိုက် စွဲလမ်းမှုအနေအထားအရ ဆရာဝန်နှင့်တိုင်ပင်၍ဖြတ်ခြင်းက များစွာသင့်လျော်ပါသည်။

ထို့ပြင် ကွမ်းစွဲနေသူများက ကွမ်းစားသုံးသောအလေ့အကျင့်ကို အကျင့်တစ်ခုအနေဖြင့် တဖြည်းဖြည်းချင်းလျှော့စားသင့်သည်။ ပါးစပ်ထဲမှာ ကွမ်းရှိနေသောအချိန်လျော့သွားလျှင် ရောဂါဖြစ်ပွားမှုနှုန်းလည်းနည်းသွားသည်။ ခံတွင်းချဉ်ပျောက်ရုံသာ အာသာပြေစားရန်၊ ကွမ်းသီးနှင့် ကွမ်းဖတ်တို့ကို တာရှည်ငုံမထားဘဲ ထွေးပစ်ပြီး ခံတွင်းတစ်ခုလုံးကို ရေဖြင့်အာလုတ်နာနာကျင်း၍ သန့်ရှင်းစွာထားရန်လိုသည်။ အကယ်၍ ထွေးမပစ်ဘဲ ပါးစောင်တွင်ငုံထားပါက အမှတ်မထင် ကွမ်းသီးအချွန်အတက်များနှင့် ပွတ်တိုက်ထိတွေ့မှုများပြီး ထုံးပေါက်ကာ အနာရောဂါအဖြစ် ခံတွင်းကင်ဆာ၊ လျှာကင်ဆာဖြစ်လာအောင် မိမိကိုယ်ကို နှိပ်စက်နေခြင်းသာဖြစ်ကြောင်းကို သိနားလည်ထားကြစေလိုသည်။

အချုပ်အားဖြင့်ဆိုရသော် ကွမ်းယာ၊ ဆေးလိပ်၊ ဆေးရွက်ကြီးတို့ကို စွဲမြဲစွာစားသုံးခြင်းဖြင့် ကနဦးထိခိုက်သူမှာ ကာယကံရှင်ကိုယ်တိုင်ဖြစ်သည်။ ကွမ်းယာ သို့မဟုတ် ဆေးလိပ်နှင့် ဆေးရွက်ကြီးကို တစ်နည်းနည်းသုံးစွဲနေခြင်းတို့မှာ ယင်းတို့၏အန္တရာယ်ကို မသိ၍မဟုတ်ဘဲ သိပင်သိလျက် အစွန့်ခက်နေကြခြင်းဖြစ်၍ ထိုသူများအား အသိပညာပေးမှုများ မည်မျှပင်လုပ်စေကာမူ အောင်မြင်နိုင်မည်မဟုတ်ပေ။ တရားဥပဒေနည်းလမ်းနှင့် အုပ်ချုပ်ရေးဆိုင်ရာနည်းလမ်းများကို တိတိကျကျကျင့်သုံးပြီး စဉ်ဆက်မပြတ် ထိထိရောက်ရောက်ပြုလုပ်နိုင်မှသာ ကွမ်းယာ၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှု သိသိသာသာ လျော့ကျလာမည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

## ကျောက်ဆည်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ



ကျောက်ဆည် ဧပြီ ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဧပြီလ ၁၈ ရက်တွင် ကျောက်ဆည်မြို့နယ် အရှေ့အေးမြသာစည်ရပ်ကွက်၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ကျန်းမာရေးမှူး ဒေါ်ဇာဇာစိမ်းက အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး တတ်နိုင်သမျှ အရိပ်ရ၍ အေးမြသောနေရာ၌ နေထိုင်ရန်၊ ခန္ဓာကိုယ်အား နေရောင်ခြည်ဖြင့် တိုက်ရိုက်မထိတွေ့စေရန်၊ အရောင်ဖျော့သည့် ချည်ထည်များကိုဝတ်ဆင်ရန်၊ မဖြစ်မနေအပြင်ထွက်ရပါက ထီး၊ ဦးထုပ်တို့ကို ဆောင်းရန်၊ ရေများများသောက်ရန်အပြင် အပူဒဏ်ကြောင့် ဖြစ်တတ်သောရောဂါများအကြောင်းကို အသိပညာပေးဟောပြောသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ရန်၊ အရက်သေစာသောက်စားခြင်းသည် အပူဒဏ်ကို ပိုမိုခံစားရသည့်အတွက် ရှောင်ကြဉ်ကြရန် စသည့် အပူဒဏ်အန္တရာယ်ကာကွယ်ရမည့် အကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့်ပြည်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဓာတ်ဆားထုပ်များနှင့် သက်ကြီးရွယ်အိုများအတွက် အားတိုးဆေးများ၊ အချိုရည်ဘူးများ ဝေငှပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# နေပြည်တော်ကောင်စီနယ်မြေနှင့် မကွေးတိုင်းဒေသကြီး ဒေသတစ်ဝိုက်တို့၌ နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေနှင့် မကွေးတိုင်းဒေသကြီး ဒေသတစ်ဝိုက်တို့၌ နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအားသောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် ဧပြီ ၁၈**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် နေပြည်တော်ကောင်စီနယ်မြေနှင့်မကွေးတိုင်းဒေသကြီး ဒေသတစ်ဝိုက်တို့၌ နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများအနေဖြင့်၎င်းတို့၏ လူမှုဘဝတွင် စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအားစွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သောရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ပူဇော်ကန်တော့ပွဲ ပြုလုပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ပူဇော်ကန်တော့ပွဲသို့ မတက်ရောက်နိုင်သည့် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် အလှူငွေများကိုပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၁၈**

ကချင်ပြည်နယ်အတွင်းရှိ သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကန်တော့ခံသက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၃၉ ဦးအား ရှိခိုးကန်တော့၍ ကန်တော့ခံပစ္စည်းများပေးအပ်ကြပြီး တိုင်းမှူးက သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ပူဇော်ကန်တော့ပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပူဇော်ကန်တော့ပွဲသို့ မတက်ရောက်နိုင်သည့် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၃၃ ဦးအတွက် အလှူငွေများကိုပေးအပ်ရာ သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူပြီး သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် အဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက်တိုင်းစစ်ဌာနချုပ်ရှိနယ်မြေခံဆေးတပ်ရင်းမှ ဆေးကုသရေးအဖွဲ့များက ကန်တော့ခံသက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးကြရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။ အလားတူ တိုင်းစစ်ဌာနချုပ်၊ ကွပ်ကဲမှုအောက်ရှိတပ်နယ်အသီးသီး၌လည်း သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ပူဇော်ကန်တော့ပွဲများကို တပ်နယ်များအလိုက် ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

● **ကျောဖုံးမှအဆက်**

ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

ဒေသခံတိုင်းရင်းသားပြည်သူများနေ့စဉ်လူမှုဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး၊ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအားစွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားကာ အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# 86th Singapore Open Track & Field Championships 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပြေးခုန်ပစ်အသင်းရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခုရရှိ

**ရန်ကုန် ဧပြီ ၁၈**

စင်ကာပူနိုင်ငံတွင် ၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် 86th Singapore Open Track & Field Championships 2026 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ပြေးခုန်ပစ်အသင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု စုစုပေါင်းဆုတံဆိပ်လေးခုဆွတ်ခူးရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသမီး မီတာ ၁၀၀၀၀ လမ်းလျှောက် (Race Walk) ပြိုင်ပွဲတွင် မြန်မာကစားသမား ဇင်မေထက်က ၅၄:၃၂.၆၄ မိနစ်ဖြင့် ပထမဆု(ရွှေတံဆိပ်) ဆွတ်ခူးရရှိခဲ့ပြီး စံချိန်သစ်တင်နိုင်ခဲ့သည်။

ထို့အတူ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် မြန်မာအပြေးသမား ရဲရင့်အောင်က ၃:၅၈.၆၃ မိနစ်ဖြင့် ဒုတိယဆု(ငွေတံဆိပ်)ကို ဆွတ်ခူးရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံအပြေးသမားက ၃:၅၄.၃၄ မိနစ်ဖြင့် ပထမဆု(ရွှေတံဆိပ်)ရရှိခဲ့ပြီး စင်ကာပူနိုင်ငံအပြေးသမားက ၄:၀၀.၇၇ မိနစ်ဖြင့် တတိယဆု(ကြေးတံဆိပ်)ဆွတ်ခူးရရှိခဲ့သည်။

အခြားပွဲစဉ်တစ်ခုဖြစ်သည့် အမျိုးသား မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နိုင်လင်းထွန်းက ၄၉:၃၉.၁၆ ဖြင့် ဒုတိယဆု(ငွေတံဆိပ်)ရရှိခဲ့သည်။

အလားတူ အမျိုးသားလှံတံပစ် (Javelin Throw)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာကစားသမား ချစ်မင်းအောင်က ၆၃.၂၂ မီတာဖြင့် တတိယဆု (ကြေးတံဆိပ်)ရရှိပြီး ယင်းပြိုင်ပွဲတွင် တရုတ်(တိုင်ပေ) ကစားသမားက ၆၈.၃၈ မီတာဖြင့် ပထမဆု(ရွှေတံဆိပ်)နှင့် စင်ကာပူနိုင်ငံကစားသမားက ၆၄.၁၀ မီတာဖြင့် ဒုတိယဆု(ငွေတံဆိပ်)ရရှိခဲ့ကြသည်။

မြန်မာအားကစားအသင်းအား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ထူးအောင် ဦးဆောင်ပြီး နည်းပြဦးရှိုင်းအောင်နှင့် အားကစားသမားလေးဦးတို့က ပြိုင်ပွဲအမျိုးအစားလေးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဆုတံဆိပ်လေးခုရရှိခဲ့ကြသည်။ အဆိုပါ နိုင်ငံ့ဂုဏ်ဆောင်အားကစားအဖွဲ့အား စင်ကာပူနိုင်ငံရှိ မြန်မာနိုင်ငံသံအမတ်ကြီးက လာရောက်တွေ့ဆုံအားပေးပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဝန်းရံခ**



# အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ချီးမြှင့်တော်မူအပ်သော ချမ်းသာပွားကြောင်းနှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ယနေ့သည် မြန်မာတို့၏ ၁၃၈၇ ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၁၃၈၈ ခုနှစ်ဟု ဆိုအပ်သော မြန်မာနှစ်သစ်ကာလ ချိန်ခါသမယသို့ စတင်ရောက်ရှိသည့် မင်္ဂလာရှိသောနေ့ထူးနေ့မြတ် ဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံသော နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့သည် "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" ဟူသော သဗ္ဗညုတဉာဏသခင်မြတ်စွာဘုရားရှင်တို့၏ သြဝါဒဓမ္မဒေသနာတော်နှင့်အညီ မကောင်းသောအကျိုးကိုပေးတတ်သော အကုသိုလ်၊ ဒုစရိုက်တရားများကို ရှောင်ကြဉ်ကြလျက် ကောင်းသောအကျိုးကိုပေးတတ်သော ဒါန၊ သီလ၊ ဘာဝနာဟုဆိုအပ်သော ကုသိုလ်တရားများကို ကြိုးစားမယုတ်၊ အားထုတ်ကြ၍ မိမိတို့၏စိတ်အစဉ်ကို သတိ၊ ပညာတို့ဖြင့် ဖြူစင်အောင် ထိန်းသိမ်းစောင့်ရှောက်ကြပြီး ဘေးဥပဒ်အန္တရာယ်ရန်စွယ်အပေါင်း မကောင်းဟူသမျှပြစ်ဒေါသတို့မှကင်းပကြလျက် ယခုမျက်မှောက်ဘဝ၌ မိမိတို့အလိုရှိအပ်၊ တောင့်တအပ်သော ကောင်းကျိုးချမ်းသာ အဖြာဖြာတို့နှင့် ပြည့်စုံကြစေရန်...

"လူ့ပြည်ဘဝ၊ လူ့လောက၌၊ ထကြွရေးရာ၊ လိမ္မာစွာနှင့်၊ ဖွေရှာရငြား၊ ဥစ္စာများကို၊ ပျက်ပြားမပျောက်၊ ယွင်းမထောက်အောင်၊ စောင့်ရှောက်နိုင်ထ၊ သီလ၊ သဒ္ဓါ၊ ပညာရှိပေါင်း၊ မိတ်ကောင်းအမြဲ၊ မှီဝဲပေါင်းဖော်၊ မမော်မကြွား၊ ပလွှားမဝါ၊ မျှကာသက်မွေး၊ ကျင့်ရေးစတု၊ ဤလေးခုတို့၊ ယခုဒိဋ္ဌ၊ ပစ္စက္ခ၌၊ ဟိတချမ်းသာ၊ ပွားကြောင်းလာ၏။" ဟူသော မဃဒေဝလင်္ကာသစ်၌ မိန့်ဆိုထားသည်နှင့်အညီ...

-ဤလူ့ဘဝ လူ့လောက၌ ထကြွလုံ့လဝီရိယရှိပြီး ကျွမ်းကျင်လိမ္မာစွာဖြင့် ရှာဖွေရရှိထားသော မိမိတို့၏ ဥစ္စာပစ္စည်းများကို ရေ၊ မီး စသောရန်သူမျိုးငါးပါးတို့ မလုယက်၊ မဖျက်ဆီးနိုင်အောင် စောင့်ရှောက်ကာကွယ်ထားခြင်း၊

- သဒ္ဓါ၊ သီလ စသော သူတော်ကောင်းတရားတို့နှင့်ပြည့်စုံ၍ လောကရေး ဓမ္မရေး၌ တိုးတက်ကြီးပွားကြောင်း နည်းလမ်းကောင်းကို ညွှန်ပြတတ်သော ပညာရှိ၊ မိတ်ကောင်းဆွေကောင်းတို့ကို မှီဝဲဆည်းကပ်ပေါင်းဖော်ခြင်း၊

- အမျိုး၊ ပညာ၊ ဥစ္စာ စသော ဂုဏ်များဖြင့် မိမိကိုယ်ကိုမြှောက်၍ သူတစ်ပါးတို့ကို မထီမဲ့မြင်မပြုဘဲ မော်ကြွားပလွှား၍ မနေခြင်း၊

- ဥစ္စာရွှေငွေ အဝင်များ၍ အထွက်နည်းအောင် ညီညွတ်မျှတသော အသက်မွေးမှုမျိုးဖြင့် အသက်မွေးခြင်းဟူသော တရားလေးပါးတို့ကို ပြည့်စုံအောင် ဆောင်ရွက်နိုင်ကြပြီး ယခုပစ္စုပ္ပန်ဘဝ နှစ်သစ်မင်္ဂလာ ကောင်းမြတ်သောအချိန်အခါမှစ၍ စည်းစိမ်ချမ်းသာအဖြာဖြာတို့ ကြီးပွားတိုးတက်နိုင်ကြပါစေကြောင်း မွန်မြတ်သော အာသီသမနသိကာရ စိတ်ထားကောင်းဖြင့် ဆုတောင်းပတ္ထနာ ပြုအပ်ပါသတည်း။



# ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရမေဒိနီစာသင်တိုက်ကြီး၏ ဦးစီးပဓာနမဟာနာယကဆရာတော် သာ - သီ - ဓ၊ ဂဏဝါစက၊ ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇအဂ္ဂမဟာမင်္ဂလဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒဓဇ ချီးမြှင့်တော်မူအပ်သော နှစ်ကူးမင်္ဂလာ နှုတ်ခွန်းဆက်တရားတော်

၁၃၈၇ ခုနှစ်ဟုဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၁၃၈၈ ခုနှစ်ဟု ဆိုအပ်သော နှစ်သစ်မင်္ဂလာသို့ ရောက်ရှိသည့်အချိန်အခါမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့၊ ယခုကဲ့သို့ မင်္ဂလာရှိသော နှစ်သစ်အခါသမယတွင် ဘုန်းကြီးတို့၏ နိုင်ငံတစ်ဝန်းမှီတင်းနေထိုင်ကြသော သူတော်စင် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မာတို့၏ နေခြင်းတရားလေးပါး၊ တစ်နည်းအားဖြင့် အရိယာတို့၏ နေခြင်းတရားလေးပါးဖြင့် မင်္ဂလာရှိကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက် ကောင်းချီးမင်္ဂလာပြုပါသည်။

ဘုန်းကြီးအနေဖြင့် ပရိသတ်အပေါင်း သူတော်ကောင်းတို့အတွက် နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ဓမ္မလက်ဆောင် အနည်းငယ်ပေးသွားမှာပါ။

ယနေ့သည် နှစ်ဟောင်းတစ်နှစ်ကုန်ဆုံးပြီး နှစ်သစ်တစ်နှစ်ကိုကြိုဆိုသည့် ထူးခြားသည့်အချိန်အခါသမယလည်းဖြစ်ပါသည်။ ဘုန်းကြီးတို့ကော၊ တို့ဒါယကာ၊ ဒါယိကာမတို့ပါ ဖြတ်သန်းနေကြရသည့် လူသားတို့၏ ဘဝတွင် ကာလဟူသော "အချိန်"သည် အလွန်တန်ဖိုးကြီးမားလှပါသည်။ ကုန်ပြီးသမျှ အချိန်ဟူသမျှ ပြန်မရနိုင်သောအရာတစ်ခုဖြစ်ကြောင်း လေးလေးနက်နက်စဉ်းစားသင့်ကြပါသည်။ ဘုရားရှင်၏ ဒေသနာမှာတော့ "ကာလော ဃသတိဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။ ယော စ ကာလဃသော ဘူတော၊ သဘူတ ပစန် ပစိ" လို့ ဇာတကပါဠိတော်မှာ လာပါသည်။ အဓိပ္ပာယ်အနေနဲ့ အချိန်ကာလတရားဆိုတာ မိမိနဲ့အတူ အားလုံးကို တိုက်စားသွားနေသည်တဲ့။ ဒါကို အဖြောင့်ပါဠိအနေနဲ့ "ကာလော



ဂစ္ဆတိ၊ အာယု ခီယတိ" လို့လည်း သတိပေးတော်မူကြပါသည်။ ဒီအချိန်သည် တဖြည်းဖြည်းလျော့လျော့သွားသည်တဲ့။ အသက်လည်း တစ်နေ့တစ်နေ့ တရွေ့ရွေ့ ကုန်ဆုံးသွား ကြီးကြီးလာနေသည်တဲ့။ မိမိတို့ အသက်ထင်ရှားရှိစဉ် အချိန်မနှောင်းခင် လောကဓမ္မအကျိုးများတိုးပွားအောင်ဆောင်ရွက်ရန် အသိ၊ သတိပေးခြင်းဖြစ်သည်။

ဤကဲ့သို့ အချိန်၏ သတ္တဝါတို့အား မစောင့်တတ်သည့် သဘောသဘာဝကို နားလည်ဆင်ခြင်တတ်သည့်အခါ ယခုကဲ့သို့ နှစ်ဟောင်းကိုနှုတ်ဆက်၍ နှစ်သစ်ကိုကြိုဆိုသည့် အချိန်ကာလအတွင်းဝယ် "ဘဝကိုမည်သို့အသုံးချမလဲ" ဟု ပြန်လည်စဉ်းစားရပါမည်။

နှုတ်ဆက်သည့် နှစ်ဟောင်းအတွင်း ဖြတ်သန်းခဲ့ကြသည့် အပြုအမူများကို ပြန်လည်သုံးသပ်ကြည့်သောအခါ မကောင်းမှုများကိုပြုလုပ်ခဲ့မိကြသလား၊ မိဘဆရာသမား၊ မိသားစုများ၊ မိတ်ဆွေသင်္ဂဟများကို စိတ်မကောင်းဖြစ်စေခဲ့သလား၊ ကိုယ့်စိတ်ကို ထိန်းသိမ်းနိုင်ခြင်းရှိခဲ့ရဲ့လား စသည်ဖြင့် စဉ်းစားဆင်ခြင်၍၊ အကယ်၍ နှစ်ဟောင်းအတွင်း လိုအပ်ချက်များ ဖြည့်ဆည်းရမည်။ မကောင်းမှုလုပ်ခဲ့ပါက နောင်တရစရာများရှိခဲ့ပါက ကိုယ့်ကိုယ်ကိုယ် မညှာတမ်းပြင်ဆင်ရမည်ဖြစ်ပါသည်။

နှစ်ဟောင်းအတွင်း ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့သူအချင်းချင်း မေတ္တာတရားနှင့် ဖြတ်သန်းခဲ့သည်။ အချင်းချင်း ခန္တီတရားဖြင့် သည်းခံနိုင်ခဲ့သည်ဟု စဉ်းစားဆင်ခြင်နိုင်ခဲ့ပါက ဤကောင်းမှုများကို နှစ်သစ်တွင် ပို၍လုပ်ဆောင်နိုင်ရန် ကြိုးစားရမည်။ ဤနေရာမှာ ဘုရားရှင် ကိုယ်တော်တိုင် ဆုံးမလေ့ရှိသော ဂါထာလေးဖြင့် နှစ်သစ်ဓမ္မလက်ဆောင်ကို ပေးချင်ပါသည်။

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿူပ သမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

သဗ္ဗပါပဿ အကရဏံ- မကောင်းမှု အားလုံးကို မပြုလုပ်ခြင်း။

ကုသလဿ ဥပသမ္ပဒါ- ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်း။

သစိတ္တပရိယောဒပနံ- မိမိစိတ်ကို ဖြူစင်အောင် သန့်ရှင်းစေခြင်းတို့ဖြစ်သည်။ ဒီနေ့မှစ၍ နှစ်သစ်အတွက် လက်တွေ့ကျင့်သုံးနိုင်ရန် --

၁။ မကောင်းမှုမှ ရှောင်ကြဉ်ရာတွင် ယခုဖြစ်ပျက်နေသည့်လိမ်လည်ခြင်း၊ တစ်ဦးနှင့်တစ်ဦး မုန်းတီးခြင်း၊ လောဘဒေါသများနည်းပါးအောင် ကျင့်ကြံ၍ နှစ်သစ်ကို ဖြတ်သန်းနိုင်ကြရန် ကြိုးစားကြရပေမည်။


၂။ ကောင်းမှုတိုးပွားစေခြင်းအတွက် ဒါန-လှူဒါန်းခြင်း၊ သီလ-ကိုယ်နှင့်နှုတ် စည်းကမ်းထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဘာဝနာ- မိမိစိတ်ကို သိမ်မွေ့အောင် အလေ့အထလုပ်ခြင်းတို့ဖြင့် ဖြတ်သန်းကြရန်ဖြစ်သည်။ အထူးသဖြင့် နှစ်ကူးအခါသမယတွင် မဖြစ်မနေပွားများစေချင်သည့်တရားမှာ မေတ္တာဘာဝနာဖြစ်သည်။ မေတ္တာဘာဝနာတစ်ခုကို ပွားများဖြစ်သည်နှင့် ကျန်သည့် ဗြဟ္မဝိဟာရတရားများလည်း အလိုလိုကိစ္စပြီးမြဲဖြစ်သည်။

၃။ စိတ်ကို ဖြူစင်စေခြင်း၊ သန့်ရှင်းစေခြင်းအတွက် စိတ်ကောင်းစိတ်မြတ်များ မွေးမြူရေးပင် ဖြစ်သည်။ မေတ္တာစသော ဗြဟ္မဝိဟာရတရားနှင့် ဖြတ်သန်းလေသော စိတ်သည် ဖြူစင်နေမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုနှစ်သစ်နေ့မှစ၍ အသစ်စတင်သည့် အချိန်အခါကို အခွင့်အရေးတစ်ရပ်သဖွယ် အသုံးပြု၍ မကောင်းမှုလျော့နည်းအောင်၊ ကောင်းမှုတိုးပွားအောင်၊ စိတ်ကိုသန့်ရှင်းအောင် လေ့ကျင့်နိုင်ကြပါစေ။ နောက်ဆုံးအနေဖြင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ၊ လိုအင်ဆန္ဒပြည့်ဝကြပါစေ၊ တရားထူးတရားမြတ်များ ပြည့်စုံအောင် ကျင့်ကြံနိုင်ကြပါစေ။

**မြန်မာနိုင်ငံတော်သူ၊ နိုင်ငံတော်သား အားလုံး - မင်္ဂလိကာ သုခါ ဟောန္တု၊**
**လဒ္ဓဇယာ ပမောဒိကာ ဟောန္တု။**

# ရွှေကျင်နိကာယသာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ အဘိဇမဟာရဋ္ဌဂုရု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နှစ်ဦးနှုတ်ခွန်းဆက်သံဝေဂကထာ



**အတ္တဒတ္ထာ ဘယံ ဇာတံ၊ ဇနံ ပဿထ မေဓဂံ**
**အတ္တဒတ္ထာ= အတ္တကမ္မ၊ အတ္တနောဒုစ္စရိတကမ္မ။**
**မိမိဒဏ်ဟူသည် မိမိ၏ကံဖြစ်သည်။**

ရောဟိနီမြစ်၏တစ်ဖက်စီ၌ နေကြကုန်သော သာကီယနှင့် ကောလိယမင်းတို့ ရေလုစစ်ပွဲဆင်နွှဲကြသည့်အခါ ဘုရားကြွလာ၍ ဟောတော်မူပါသည်။

ကိုယ်ပြုတဲ့ ကိုယ့်အမှုတွေကြောင့် ဘေးဒုက္ခတွေဖြစ်တာတဲ့။ ဆွေမျိုးသားချင်း၊ လူသားအချင်းချင်း ဆန့်ကျင်သောအယူဝါဒ၊ အယူအဆတွေကြောင့် အချင်းချင်း ဆန့်ကျင်ဘက်တွေဖြစ်နေကြပြီး အချင်းချင်းသတ်ဖြတ်နှိပ်စက်နေကြသည်ကို ရှုကြကုန်လော့၊ ဒီနေ့လူသားတွေဟာ အိုင်ထဲက ရေနည်းငါးတွေလို ဖြစ်နေကြပြီး။ ရေအိုင်ကြီးတစ်ခုမှာ ရေအပြည့်၊ ငါးအပြည့်နေကြစဉ်က ငါးတွေထိတ်လန့်တုန်လှုပ်ခြင်းမဖြစ် ချမ်းသာစွာကူးခပ်သွားလာနေကြသည်။ ရေနည်းလာလေ ကျဉ်းမြောင်းကျပ်တည်းလာလေဖြစ်ပြီး တိုးဝှေ့နေကြကာ ထွက်ပေါက်ရှာနေကြပြီ၊ ငါးတွေအားလုံး တုန်လှုပ်နေကြပြီး ထွက်ပေါက်မတွေ့ဖြစ်နေကြသည်ကို ငါဘုရား သံဝေဂယူသည်။

သင်တို့ (သာကီဝင်နှင့် ကောလိဝင်)ဆွေမျိုးသားချင်းများလည်း သံဝေဂယူကြဟု မြတ်စွာဘုရားမိန့်တော်မူပါသည်။

**သံဝေဂံ ကိတ္တယိဿာမိ၊ ယထာ သံဝိဇိတံ မယာ။**

ငါဘုရားသည် ဘုရားမဖြစ်ခင်ကပင်အချင်းချင်း ဆန့်ကျင်ဘက်တွေဖြစ်၊ အချင်းချင်း ဖောက်ပြန်စွာကျင့်၊ အချင်းချင်းနှိပ်စက်နေကြသည်တို့ကို သံဝေဂယူခဲ့ပြီ။

သံဝေဂယူကြကုန်လော့…၊

**သီတဂူစန်းလပမာ ချမ်းမြသာယာရှိပါစေ။**

# ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ(အောင်ဆန်းဆရာတော်)၏ နှစ်သစ်ကူးဆုတောင်းလွှာ

ယနေ့ ၁၃၈၇ ခုနှစ်ကနေ ၁၃၈၈ ခုနှစ်ဆို နှစ်သစ်ကို ပြောင်းရွှေ့သွားတဲ့ နှစ်ကူးသွားတဲ့ နှစ်သစ်မင်္ဂလာအချိန်အခါဖြစ်ပါတယ်။ နှစ်သစ်မင်္ဂလာအချိန်အခါ ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာ၊ ကောင်းသောအချိန်ဖြစ်ကြပါစေ။

ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာ၊ ကောင်းသောအချိန်ကိုယူပြီးတော့ ၁၃၈၈ ခုနှစ် နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ သက်တမ်းတွေရှည်လျားပြီး အားလုံးသော မြန်မာနိုင်ငံအတွင်းရှိ ဆရာတော်၊ သံဃာတော်များ၊ ခုနစ်ရက်သားသမီးများ၊ နိုင်ငံတော်သမ္မတကြီးနဲ့ အစိုးရ၏တာဝန်ကိုဆောင်ရွက်နေကြသော အစိုးရမင်းများနဲ့တကွ တိုင်းသူပြည်သားအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းပြည့်စုံကြပါစေ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ ဟီရိဩတ္တပ္ပ၊ သူတော်ကောင်းတရားနဲ့အစဉ်ကိန်းဝပ်ပြီး ကောင်းကျိုးချမ်းသာ ခံစားစံစားရရှိနိုင်ကြပါစေ။

မြန်မာနိုင်ငံတော်ကြီးက ထေရဝါဒ ငါးနိုင်ငံတွင် ပါဝင်တဲ့တစ်နိုင်ငံဖြစ်ပြီး မြတ်စွာဘုရားရဲ့အဆုံးအမဖြစ်တဲ့ သူတော်ကောင်းတရားခုနစ်ပါး အမြဲတမ်းကိန်းဝပ်ကြပါစေ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ ဟီရိဩတ္တပ္ပ သူတော်ကောင်းတရား ခုနစ်ပါး သဒ္ဓါ အားလုံးသောသတ္တဝါတွေ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်ဆိုတဲ့ မိမိရဲ့ကံ၏အကျိုးကို အားလုံးယုံကြည်နိုင်ကြပါစေ။

ကံ၊ ကံ၏အကျိုးဆိုတာက လူမျိုးနဲ့ဘာသာနဲ့ မဆိုင်ပါဘူး၊ သတ္တဝါ၊ သတ္တဝါတိုင်းမှာ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်၊ တစ်နေ့တာမှာ လူရယ်လုံးဝဖြစ်ပြီးတော့ သေသွားတဲ့ တစ်ဘဝအတွင်း နေ့စဉ်နေ့တိုင်းလှုပ်ရှားနေတာက မနက်မိုးလင်းပြီဆိုကတည်းက စိတ်ကနေကြံစည်တဲ့ မနောကံတွေ ၊ နှုတ်ကနေပြောဆိုတဲ့ဝစီကံတွေ၊ ကိုယ်ကိုယ်တိုင်ပြုလုပ်ကြတဲ့ ကာယကံတွေ၊ အဲဒီကံသုံးကံနဲ့ပဲ တစ်နေ့တစ်နေ့၊ တစ်လတစ်လ၊ တစ်နှစ်တစ်နှစ် အသက်တွေဘဝဆုံးတဲ့အထိလှုပ်ရှားလာခဲ့ကြတယ်။ အဲဒီမှာ အရှုံးနဲ့အမြတ်ကိုပြန်တွက်ကြတယ်၊ မိမိမှာပိုင်ဆိုင်နေတဲ့ မနက်အိပ်ရာထချိန်ကစပြီး ဖြစ်ပေါ်လာတဲ့မနောကံမှာ ကောင်းတဲ့မနောကံရှိတယ်၊ မကောင်းတဲ့မနောကံရှိတယ်၊ မကောင်းတဲ့မနောကံများရင် တစ်နေ့တာအတွက် ဘဝမှာအရှုံးထွက်တာပဲ၊ ကောင်းတဲ့မနောကံတွေ



များရင် တစ်နေ့တာအတွက် အမြတ်ထွက်တာပဲ။ ထို့အတူပဲ ကံကောင်းကြလို့ နှုတ်ကောင်း၊ ပါးစပ်ကောင်းလေးတွေရကြတယ်။ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေးဆိုတဲ့ စကားအရ မနက်မိုးလင်းကနေ ညအိပ်ရာဝင်ချိန်ကာလအထိ ကောင်းတဲ့ဝစီကံ၊ မကောင်းတဲ့ဝစီကံတွေ ဘယ်လောက်သုံးမိသလဲဆိုတာ မိမိကိုယ်ကို နေ့စဉ်နေ့တိုင်းသုံးသပ်ကြည့်မိမယ်ဆိုရင် မကောင်းတဲ့ဝစီကံတွေဟာ ကိုယ့်မှာစည်းမဲ့ကမ်းမဲ့ မလိုတဲ့နေရာသုံးမိမယ်ဆိုရင် တစ်နေ့တာအတွက် အရှုံးထွက်တယ်၊ ကံကောင်းထောက်မလို့ လူ့ဘဝ၊ လူ့လောကရောက်လာပြီးတော့ သွားနိုင်၊ လာနိုင်၊ စားနိုင်၊ သောက်နိုင်တဲ့ ရရှိနေတဲ့နှုတ်ကို ကောင်းတဲ့ကာယကံ၊ ကောင်းတဲ့ဝစီကံဆိုတဲ့ မှန်မှန်ကန်ကန်ပြောဆိုခြင်း၊ မုသားမပြောခြင်း၊ ကုန်းတိုက်မပြောခြင်း၊ ကြမ်းတမ်းတဲ့စကားတွေမပြောဘဲ ကောင်းသောစကားကိုသာပြောဆိုမယ်ဆိုရင် ဒီနေ့တစ်နေ့တာအတွက် လူ့ဘဝမှာ ငါတို့ကံကောင်းလို့၊ အမေမွေးလို့ ကံပစ်ချလိုက်လို့ ပါးစပ်ကောင်း၊ နှုတ်ကောင်းလေးတွေရတဲ့အခါ ဒါကနေ ဒီတစ်နေ့တာအတွက် အမြတ်ထွက်သွားတာပဲ။ မသုံးတတ်လို့ကတော့ ဖြစ်ရင် ကံကောင်းလို့၊ အမေမွေးလိုက်လို့ ကောင်းကောင်းမွန်မွန်ရလာတဲ့အခိုက်၊ မပြောတတ်ရင် အပါယ်ကိုရောက်နိုင်တယ်။ နောက်ကာယကံ၊ အတိတ်ကပြုလုပ်ခဲ့တဲ့ ကောင်းမှုကံစေတနာကြောင့် ဆွံ့အ၊ နားမကြားမဖြစ်ဘဲ ခြေအကောင်း၊ လက်အကောင်း၊ မျက်စိအကောင်း၊ နားအကောင်း အကုန်လုံးကောင်းမွန်တယ်ဖြစ်တာက ကံအကောင်းတစ်မျိုး၊ ကောင်းတဲ့ကံရလာတဲ့အချိန်မှာ ကာယကံမှုတွေကို မနက်မိုးလင်းကနေ မိုးချုပ်အထိ ကာယကံမှုတွေနဲ့ မိမိတို့နေ့စဉ်နေ့တိုင်း မဆင်မခြင်ပြုလုပ်နေမယ်ဆိုရင် တစ်နေ့တာအတွက် မိမိဘဝမှာဆိုးကျိုးတွေရလိမ့်မယ်။ တန်ဖိုးရှိတဲ့ဘဝကြီးကို ဆိုးကျိုးတွေမဖြစ်ဘဲနဲ့ အမြဲတမ်း ကာယကံမှုကလည်း ခြေတွေ၊ လက်တွေလှုပ်နိုင်သမျှ ကိုယ်မှတစ်ပါး ကိုယ်ကအစပြုတဲ့ အားလုံးသတ္တဝါတွေ ကာယကံကြောင့် အားလုံးအစစအရာရာ အဆင်ပြေပါစေ၊ အမေမွေးတဲ့လက်က နိဗ္ဗာန်ထိအောင်ပို့နိုင်တာ ဒီလက်၊ ဒီခြေပါပဲ။ အပါယ်ထိတောင် ဆင်းတာလည်း ဒီလက်၊ ဒီခြေပါပဲ။ ဒါတွေ အကောင်းဆုံးဖြစ်အောင် ယနေ့နှစ်သစ်ကူးတဲ့အချိန်ကစပြီး တစ်သက်တာမှာ ကောင်းတဲ့ကာယကံ ဆောင်ရွက်နိုင်ကြပါစေ၊ ဆောင်လည်း ဆောင်ရွက်ကြပါ။ ဆောင်ရွက်မှသာလျှင် တန်ဖိုးရှိတဲ့ လူ့ဘဝ၊ လူ့လောကကြီးက မိမိဘဝအတွက်အမြတ်ထွက်မှာပါ။

သဒ္ဓါဆိုတဲ့ တရားနဲ့ မိမိကံ၏ကံအကျိုးကို ယုံကြည်စွာဖြင့် ကောင်းတဲ့စကားတွေ၊ ကောင်းတဲ့စိတ်တွေမွေးနိုင်ကြပါစေ၊ ကောင်းတဲ့အပြောတွေပြောနိုင်ကြပါစေ၊ ကောင်းတဲ့ဝစီကံတွေနဲ့ အချိန်သုံးပြီးကုန်ဆုံးကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ ထို့အတူပဲ သတ္တဝါတိုင်း၊ သတ္တဝါတိုင်း အားလုံးမကောင်းတဲ့စိတ်တွေ မမွေးကြပါနဲ့၊ မကောင်းတဲ့အပြောတွေ မပြောမိအောင်ရှောင်ကြဉ်ကြပါစေ၊ မကောင်းတဲ့ကာယကံတွေ မပြုမိကြပါစေနဲ့ တိုက်တွန်းနှိုးဆော်ပါတယ်၊ သဒ္ဓါဆိုတဲ့ကံ ကံ၏အကျိုးကို ယုံကြည်စွာဖြင့် အားလုံးကျင့်သုံးနိုင်ကြပါစေလို့ ဆန္ဒပြုဆုတောင်းမေတ္တာပို့သပါတယ်။

သီလတွေဆောက်တည်ကြပါ။ သီလဆောက်တည်ကြတဲ့အခါ သတ္တဝါ၊ သတ္တဝါတိုင်းရဲ့ လူ့ဘဝတစ်ခုလုံးရဲ့တန်ကြေးကိုကြည့်ရင် သီလပါပဲ၊ ငါးပါးသီလထဲမှာ တစ်ခုကျိုးပေါက်နေရင် လူ့ဘဝတန်ဖိုးမရှိတော့ဘူး၊ ငါးပါးသီလကို တတ်နိုင်သလောက် ကြိုးစားပြီး ထိန်းသိမ်းသွားမယ်ဆိုရင် ယခုဘဝ အတိတ်ကံမည်မျှမကောင်းပါစေ၊ သီလရဲ့ အကျိုးတရားကြောင့် သံသရာမှာ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာတိုင်အောင် ကောင်းကျိုးချမ်းသာရရှိမယ်လို့ ယုံကြည်တဲ့ သီလတရားတွေ စောင့်ရှောက်ထိန်းသိမ်းနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

မည်သည့်ဘာသာဝင်ဖြစ်ဖြစ် ဘာသာရေးနဲ့ပတ်သက်ပြီးတော့ ဗဟုသုတပြည့်ပြည့်စုံစုံရှိကြပါစေ၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်ဆိုတဲ့ အသိတရားတွေရှိပြီးတော့ အားလုံးကျင့်သုံးနိုင်ကြပါစေ။

ကောင်းတာ၊ မကောင်းတာတွေဆို နားလည်ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ အသိပညာတွေရှိသွားမယ်ဆိုရင် မကောင်းတာတွေမှာရှောင်ပြီး ကောင်းတာတွေလုပ်သွားမယ်ဆိုရင် လောကကြီးတစ်ခုလုံး ကောင်းကျိုးချမ်းသာတွေရရှိကြပါတယ်။ သတ္တဝါတိုင်း မည်သူမျှ မကောင်းတာကို မလိုချင်ကြပါဘူး၊ ကောင်းတာတွေကိုကြားချင်မြင်ချင်ကြတာပါ၊ ကောင်းတဲ့အရာတွေကို နှစ်သက်သလို မိမိတို့ကိုယ်တိုင်လည်း အစစအရာရာ နှစ်ကုန်ကနေစပြီး နှစ်သစ်ကူးသွားတဲ့အချိန်မှာ ရာသက်ပန် ကောင်းတဲ့အနေအထား ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

မြန်မာနိုင်ငံနှင့်တကွ တစ်ကမ္ဘာလုံးရှိ အားလုံးသော လူသားတွေ ကျန်းမာချမ်းသာအသက်ရှည်ပါစေ။

လူသားတွေအကျိုးပြုတဲ့ရာသီဥတုလည်းမှန်ပါစေ။

တိုင်းပြည်တိုင်းမှာ အုပ်ချုပ်နေတဲ့မင်းကောင်းမင်းမြတ်များ၊ တိုင်းပြည်ကိုငြိမ်းချမ်းအောင်အုပ်ချုပ်နိုင်သလို ယနေ့မြန်မာနိုင်ငံနှင့်တကွ တစ်ကမ္ဘာလုံးရှိ မင်းအစိုးရအပေါင်းတို့ တိုင်းပြည်ကို အေးချမ်းသာယာအောင် အုပ်ချုပ်နိုင်ကြပါစေ၊ တိုင်းသူပြည်သားများကိုလည်း ရင်ဝယ်သားကဲ့သို့စောင့်ရှောက်ပြီး အစစအရာရာဆောင်ရွက်နိုင်ကြပါစေ။

တိုင်းသူပြည်သားများကလည်း မင်းနဲ့ပြည်သူအတူလက်တွဲပြီးတော့ အပြန်အလှန်ကျေးဇူးတရားသိပြီးတော့ ပြည်သူများကလည်း တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရအပေါ်မှာ မိဘသဖွယ်အားကိုးပြီး တိုင်းပြည်အုပ်ချုပ်ကြတဲ့ မင်းအစိုးရများကလည်း တိုင်းသူပြည်သားတွေအပေါ် ရင်မှာမွေးသော သားသမီးကဲ့သို့ စောင့်ရှောက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

မင်းနဲ့ပြည်သူ၊ ပြည်သူနဲ့မင်း အပြန်အလှန်မေတ္တာတရား၊ မုဒိတာတရား၊ ကရုဏာတရားတွေပွားများဖို့ဆိုရင် ယနေ့ ဘုန်းကြီးတို့ တန်ဖိုးရှိတဲ့လူ့ဘဝလေးက တစ်ဘဝ၊ တစ်ခဏ အသက်ရှည်စွာနေရပါစေ၊ တန်ဖိုးရှိတဲ့ လူ့ဘဝကြီးဖြစ်ပြီး ဤပြုရတဲ့စေတနာ၊ မေတ္တာ၊ သဒ္ဓါတရား၊ ကောင်းမှုတွေကြောင့် ဒီဘဝမှာလည်း အေးချမ်းသာယာ၍ နောင်သံသရာမှာလည်း ရောဂါခပ်သိမ်းကင်းငြိမ်းပြီးတော့ အပါယ်လေးပါးကလွတ်ပြီး ကောင်းကျိုးချမ်းသာ ခံစားစံစားနိုင်ကြပါစေ။ ။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# New Year greetings for 1388 Myanmar Era extended by President of the Republic of the Union of Myanmar Agga Maha Thray Sithu Agga Maha Thiri Thudhamma U Min Aung Hlaing to the esteemed national brethren

**Esteemed national brethren,**

On the auspicious occasion of the Myanmar New Year, filled with blessings and grace, I would first like to extend my heartfelt greetings and loving-kindness to all citizens and national brethren residing throughout the Republic of the Union of Myanmar as well as Myanmar nationals living abroad and people around the world. May you all be free from dangers and harm, and may you be blessed with both physical and mental well-being.

Today marks the transition into the Myanmar Era year 1388. As such, just as we, together with the people, have overcome the difficulties and challenges encountered in the past year, I am confident that in this New Year as well, we will successfully move forward with unity, diligence, perseverance, and unwavering strength. In order for the nation to continue advancing along the path of a multi-party democratic system, we have been able to hold a free and fair general election with dignity and success, in line with our original objectives. I would like to respectfully place on record that this achievement was made possible through the active and whole-hearted participation of voters who cherish multi-party democracy.

On this special occasion of the New Year, the new democratic government and Hluttaws desired by the people have come back into operation, marking the opening of a new chapter for a renewed democratic nation. Therefore, starting from this New Year, the new government I lead will strive to successfully implement the aspirations of all ethnic national brethren and the people, promote socio-economic development, achieve durable peace, and advance national development. As the Head of State, I would like to affirm that, in accordance with the provisions of the Constitution and in keeping with my solemn pledge, I will faithfully prioritize and serve the interests of the nation and all its people above all else.



President of the Republic of the Union of Myanmar Agga Maha Thray Sithu Agga Maha Thiri Thudhamma U Min Aung Hlaing extends New Year greetings.

In building a future democratic nation and advancing the country's modern development, ensuring national stability, ending internal armed conflicts, and achieving durable peace are of utmost importance. With regard to the peace process, our government has consistently given serious attention in line with the provisions of the 2008 Constitution and the agreements contained in the Nationwide Ceasefire Agreement (NCA). However, the goal of peace still remains distant due to ongoing conflicts that should not have occurred. Therefore, taking into consideration the losses and damage the country has suffered as a result of armed conflicts, I would like to strongly urge all terrorist armed groups opposing the State to abandon the path of armed struggle and resolve political issues through political means along the political path, for the sake of national stability, peace, and development. Our government will always keep the door to peace open and will continue striving to end armed conflicts and achieve durable peace. At the same time, we will continue to uphold and safeguard the Our Three Main National Causes as a national responsibility.

Alongside the building of peace, we will also strive to achieve economic development, which is a key need of the country. Given our nation's population, traditions and customs, geographical conditions, and natural resources, it is necessary to systematically carry out agricultural and livestock activities and increase production. Based on this, by promoting and supporting micro, small, and medium-sized enterprises (MSMEs) that rely on agricultural and livestock products, and by enhancing the production sector to meet domestic consumption needs as well as enable exports, I would like to emphasize that development can be achieved from the individual level up to the national level.

**Esteemed national brethren,**

For national development and stability, the most essential requirement is the advancement of knowledge and skills among all our ethnic peoples. It is evident from the current situation that it is difficult for a nation with a low level of knowledge to progress and move forward. Therefore, students and young people who are the future strength of the nation must be well-rounded, possessing the five strengths: education, good health and fitness, strong moral character, and sound values. Only then will the future of the country be able to undergo significant transformation and development under the leadership of capable and virtuous youth. It is also crucial for every individual, and the nation as a whole, to be both physically and mentally healthy, and to possess sound judgment and rational thinking. We, the government, will continue to enhance the fundamental sectors of education and healthcare. Therefore, I would like to strongly urge parents, teachers, and all responsible persons to nurture today's youth to become well-rounded individuals—excelling not only in skills but also in knowledge—so that they can become reliable pillars for the future.

Another important point is that we must remain vigilant and carefully assess the dangers posed by internal and external influences and destructive elements that seek to undermine national unity in various ways and bring harm to the country. These factors are the root cause of the acts of destruction and violent unrest occurring in the nation today. With the conviction that **"the nation's strength lies within,"** all our ethnic peoples must work together to build the country with patriotism, love for the nation and its people, and a strong Union spirit. Therefore, I would like to urge everyone to uphold the spirit of unity expressed in the sayings, **"No matter who tries to divide us, we will not be divided; we will always remain united,"** and **"Though water may be cut, it cannot truly be separated,"** and to work together in harmony and solidarity to build a peaceful and beautiful new nation.

**Esteemed national brethren,**

With the New Year bringing new hopes, I would like to urge all of us to learn from the bitter experiences of the past and move forward together in unity toward a peaceful and prosperous new nation. As the saying goes, **"Unity is strength,"** and I firmly believe that if we remain united, we will be able to overcome and succeed in the face

See Page - 19►►

►► From Page - 18

of any challenge. Therefore, I would like to emphasize that the participation and cooperation of all citizens—our ethnic brethren—are of utmost importance for the future of the nation, and I deeply value and place great hope in this collective effort.

In conclusion, starting from this Myanmar New Year Day, I would like to extend my New Year wishes to all citizens and ethnic brethren residing within Myanmar, as well as Myanmar nationals living abroad. May you continue your journey in harmony and with loving-kindness for the development of the nation. May you be able to further strive for the benefit of your country, your people, and your religion, and may you be free from all dangers and harm.

Thank you all.

# More than 1,000 acres of groundnut harvested in Tamu District

TAMU April 18

According to the District Agriculture Department, local farmers from Tamu District of Sagaing Region have harvested more than 1,000 acres of groundnut so far.

During the winter cropping season in Tamu District, a total of 3,244 acres of groundnut were cultivated. Harvesting of the groundnut fields began in January this year. As of today, 120 acres have been harvested in Myothit Township, 370 acres in Tamu Township, and 857 acres in Khampak Town, bringing the total harvested area to 1,347 acres, with an average yield of 62.74 baskets per acre.

"During the winter cropping season in Tamu District, about 3,244 acres of groundnut were cultivated. At present, harvesting of these groundnut fields is underway. As of today, more than 1,000 acres have already been harvested. Groundnut cultivation has been successful. As an oilseed crop, it is in a good condition, and groundnut cultivation has been increasing year by year," said U Hla Myint, Head of the District Agriculture Department in Tamu District.

In Tamu District, about one and a half baskets of seeds per acre are required for groundnut cultivation. The cultivation cost—including seeds, labour charges, fertilizers, and pesticides—amounts to more than Ks-200,000 per acre, and an average yield of over 50 baskets per acre can be obtained.

Officials from the Township Agriculture Department have also conducted field inspections, monitoring, and record-keeping in groundnut fields to ensure successful crop growth, prevent pest and disease infestations, and keep fields free from weeds.

**SK**

# Locals harvest all winter butter beans in Kyaukmyaung Sub-Township

KYAUKMYAUNG April 18

All butter beans planted during the winter crops planting season in Kyaukmyaung Sub-Township, Shwebo District, Sagaing Region have been harvested, according to the statistics of the Department of Agriculture for Kyaukmyaung Sub-Township.

Kyaukmyaung Sub-Township has been able to plant up to 1,015 acres of butter beans during the winter crops planting season, and the fields of the planted butter beans have been harvested since January this year. So far, 100 percent of the acres have been harvested, with an output of 18.80 baskets per acre.

"Butter beans are planted in the winter. The cultivation is successful. Butter beans cultivation is profitable. Butter beans are grown because it is sold at a good price, so we are planting it with great enthusiasm," said Daw Khin Win, head of the Department of Agriculture for Kyaukmyaung Sub-Township.

In Kyaukmyaung Sub-Township, local farmers are growing only butter beans during the rainy season this year, while some farmers are growing mixed crops to earn extra income. **SMK**

# All plantations of lablab bean reaped in Sagaing Township

SAGAING April 18

All sown acreage of lablab bean has been harvested in Sagaing Township of Sagaing Region, according to the Township Agriculture Department.

In Sagaing Township, a total of 3,525 acres of lablab bean were cultivated during the winter cropping season. Harvesting of the planted lablab bean fields began in January this year, and 100 percent of the cultivated acreage has now been harvested, with an average yield of 16.57 baskets per acre, according to reports.

"During the winter cropping season in Sagaing Township, 3,525 acres of lablab bean were cultivated. At present, all of the planted acreage has been completely harvested. To ensure good yield and quality of the pulse crop, we cooperated with farmers by providing quality and pure seeds, agricultural inputs, and post-harvest technology support," said U Myo Thant Aung, Township Officer of the Department of Agriculture in Sagaing Township.

In Sagaing Township, the Township Department of Agriculture has also carried out awareness and extension activities to help farmers expand lablab bean cultivation areas, improve crop yields, adopt Good Agricultural Practices (GAP), and use quality and high-yield seed varieties.

Crops cultivated using Good Agricultural Practices (GAP) generally have better quality than those grown using other methods, obtain higher market prices, and can be sold not only in the domestic market but also exported to international markets due to their higher quality. As a result, farmers who adopt these methods are expected to gain greater economic benefits.

**SK**

# All onion plantations reaped in Htigyaing Township

HTIGYAING April 18

Statistics of Htigyaing Township Agriculture Department stated that local farmers harvested all plantations of onion in Htigyaing Township of Sagaing Region.

During the winter cropping season in Htigyaing Township, a total of 1,028 acres of onion were cultivated. Harvesting of the onion fields began in January this year, and as of today, 100 percent of the cultivated area has been harvested, with an average yield of more than 5,000 viss per acre.

"During the winter cropping season in Htigyaing Township, 1,028 acres of onions were cultivated. At present, harvesting of all the cultivated fields has been completed. The cultivated area exceeded the initial target. We have also helped connect farmers with markets so that onions can obtain good prices," said U Ko Ko Aung, Head of the Township Agriculture Department in Htigyaing.

The Township Agriculture Department has been assisting onion farmers in the township by facilitating market linkages to help them obtain better prices, providing technical guidance on long-term storage of onions, and supporting cultivation using Good Agricultural Practices (GAP) to ensure better quality onion production.



Onion farmers reported that the cultivation cost is around Ks-1.8 million per acre, while the average yield per acre is about 5,000 viss.

In Sagaing Region, onions are widely cultivated. The townships with the largest onion cultivation areas include Monywa, Yinmabin, ChaungU, Shwebo, and Myinmu.

**SMK**

# Iran restricts Strait of Hormuz passage again, accuses US of 'piracy'




TEHRAN April 18

The Iranian military has once again closed free passage through the strategic Strait of Hormuz, citing what it described as US 'piracy.'

On Friday, Tehran initially declared the waterway completely open for commercial vessels for the remaining period of the ten-day ceasefire between Israel and Lebanon, prompting a fall in oil prices on hopes of de-escalation.

However, while US President Donald Trump praised the news, he said that the US blockade of Iranian ports "will remain in full force" until a peace deal is reached.

According to multiple media reports, the US has presented several demands to Iran, including the handing over of its enriched uranium stockpile. While Trump claimed that Tehran had "agreed to everything," Iranian Foreign Ministry spokesman Esmaeil Baghaei reiterated that the Islamic Republic would not give up the stockpile, which he described as "as sacred as Iranian soil."

**RT**

# Iran's supreme leader says navy ready to inflict "new bitter defeats" on enemies

TEHRAN April 18

Iran's Supreme Leader Mojtaba Khamenei said on Saturday the country's navy is ready to inflict "new bitter defeats" on the United States and Israel, according to the official news agency IRNA.

He made the remarks in a message on the occasion of Iran's Army Day, which falls on April 18, while praising the Iranian army for its fight against the "enemies."

Khamenei said during the recent 40-day war, Iran's army has been "courageously" defending the country's soil in tandem with other Iranian armed forces against the United States and Israel, exposing their "weakness and humiliation" to the world.

He added as the army's drones "thunderously" hit the U.S. and Israeli targets, "its brave Navy is ready to give the enemies the bitter taste of new defeats."

On February 28, Israel and the United States launched joint attacks on Tehran and several other Iranian cities, killing Iran's then Supreme Leader Ali Khamenei, along with senior military commanders and civilians. Iran responded with waves of missile and drone strikes targeting Israel and U.S. assets in the Middle East and tightened control over the Strait of Hormuz by denying safe passage to vessels belonging to or affiliated with Israel and the United States.

A two-week ceasefire was announced between the warring parties on April 8, which was followed by peace talks between the Iranian and U.S. delegations in Pakistan's capital Islamabad.

Citing anonymous Iranian sources, CNN reported Friday that a new round of U.S.-Iran talks will be held on Monday in Pakistan.

This came as Iran's Deputy Foreign Minister Saeed Khatibzadeh said on Saturday no date has been set yet for the second round of the negotiations, according to the Iranian Students' News Agency.

He made the remarks in an address to reporters on the sidelines of the Antalya Diplomacy Forum, which kicked off in the Turkish city on Friday, adding that although progress has been made in reaching an agreement in the negotiations with the United States, obstacles still remain.

The deputy foreign minister emphasized that Iran accepts no special condition outside the framework of international law, and will fulfill its obligations exactly within that framework.

**Xinhua**

# French soldier killed in attack in south Lebanon

PARIS April 18

A French soldier was killed and three others wounded in an attack on the United Nations Interim Force in Lebanon (UNIFIL) in southern Lebanon on Saturday, French President Emmanuel Macron said.

The deceased served with the 17th Parachute Engineer Regiment, and the three wounded have been evacuated, Macron said on social media X.

"The nation bows with respect and extends its support to the families of our soldiers and to all our military personnel committed to peace in Lebanon," Macron said.

All indications suggest that Hezbollah is responsible for the attack, the French president added. France demands that the Lebanese authorities immediately arrest the perpetrators and assume their responsibilities alongside UNIFIL, Macron stressed.

**Xinhua**

# Israel launches strikes on Lebanon after ceasefire takes effect

MOSCOW April 18

Israel has carried out several strikes on southern Lebanon since the ceasefire agreement came into effect, the Israel Defence Forces (IDF) said on Saturday.

"Since the ceasefire came into effect, IDF soldiers south of the Yellow Line in southern Lebanon have identified in several incidents in which terrorists violated the ceasefire understandings by approaching from north of the Yellow Line toward IDF soldiers, posing an immediate threat. Following their identification, and in order to remove the threat, the Israeli Air Force, together with ground forces, conducted precise strikes against the terrorists," the IDF said on Telegram.



US President Donald Trump said on Thursday that Lebanese President Joseph Aoun and Israeli Prime Minister Benjamin Netanyahu agreed to a 10-day ceasefire starting 21:00 GMT in an effort to achieve peace. Netanyahu said the Israeli army would control a 10-kilometer-deep buffer zone in southern Lebanon and that he did not intend to comply with any of the demands of Hezbollah.

On Friday, Lebanese news agency NNA reported that Israel struck a settlement in southern Lebanon, once again violating the ceasefire.

**Sputnik**

## 6.1-magnitude quake hits Kermadec Islands Region -- GFZ

HONG KONG April 18

An earthquake with a magnitude of 6.1 jolted the Kermadec Islands Region at 10:47:55 GMT on Saturday, the GFZ German Research Center for Geosciences said.

The epicenter, with a depth of 10.0 km, was initially determined to be at 31.99 degrees south latitude and 177.88 degrees west longitude.

**Xinhua**

## New round of U.S.-Iran talks to be held in Pakistan: media

WASHINGTON April 18

A new round of U.S.-Iran talks will be held on Monday in Pakistan, CNN reported Friday, citing anonymous Iranian sources.

U.S. and Iranian delegations are expected to arrive in Pakistan this weekend, said the report, noting that the U.S. side hasn't confirmed talks are scheduled.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 48 Reported speech 2

**C** **say** and **tell**

If you say who somebody is talking to, use **tell**:

- Rachel **told me** that you were in hospital. (not Rachel said me)
- What did you **tell the police**? (not say the police)

Otherwise use **say**:

- Rachel **said** that you were in hospital.
  (not Rachel told that …)
- What did you **say**?

You can **'say** something **to** somebody':

- Anna said goodbye to me and left . (not Anna said me goodbye)
- What did you **say to** the police?




**D** We say **'tell** somebody **to** …' and 'ask somebody **to** …' .

Compare direct and reported speech:

- direct — **'Drink** plenty of water,' the doctor said to me.
  reported — The doctor **told me to drink** plenty of water.
- direct — **'Don't work** too hard,' I said to Joe.
  reported — **I told Joe not to work** too hard.
- direct — 'Can you help me, please,' Jackie said to me.
  reported — Jackie **asked me to help** her.


You can also say 'Somebody **said (not) to** do something':

- Paul **said not to worry** about him. (but not Paul said me)

Reported speech 1 — Unit 47 Reported questions — Unit 50B

## Exercises

**48.1** Here are some things that Sarah said to you earlier:





**But later Sarah says something different to you. What do you say?**

| | Sarah | You |
|---|---|---|
| 1 | Dave works very hard. | But you said he was lazy. |
| 2 | Let's have fish for dinner. | But ………… |
| 3 | I'm going to buy a car. | ………… |
| 4 | Jane is always short of money. | ………… |
| 5 | My sister lives in Paris. | ………… |
| 6 | I think New York is a great place. | ………… |
| 7 | Let's go out tomorrow evening. | ………… |
| 8 | I've never spoken to Jane. | ………… |

Raymond Murphy

# ကင်ဆာနဲ့တခြားရောဂါတွေကို လက္ခဏာမပြခင် ကြိုသိနိုင်မယ့် သွေးစစ်ဆေးမှုအသစ်



UCLA တက္ကသိုလ်မှ သုတေသီတွေဟာ ကင်ဆာရောဂါအမျိုးမျိုး၊ အသည်းရောဂါနဲ့ ကိုယ်တွင်းအင်္ဂါချို့ယွင်းမှုတွေကို ရောဂါလက္ခဏာမပြခင်ကတည်းက ကြိုတင်သိရှိနိုင်မယ့် MethylScan ဆိုတဲ့ ရိုးရှင်းပြီး ဈေးသက်သာတဲ့ သွေးစစ်ဆေးမှုနည်းလမ်းအသစ်တစ်ခုကို ဖော်ထုတ်လိုက်ပါတယ်။ ဒီစစ်ဆေးမှုဟာ သွေးထဲမှာ စီးဆင်းနေတဲ့ DNA အပိုင်းအစတွေကို ခွဲခြမ်းစိတ်ဖြာပြီး ရောဂါတွေကို စောစောစီးစီးသိနိုင်အောင် ကူညီပေးမှာဖြစ်ပါတယ်။

MethylScan နည်းပညာဟာ ကလာပ်စည်းတွေသေဆုံးသွားတဲ့အခါ သွေးထဲကို ရောက်လာတဲ့ cell-free DNA (cfDNA) တွေကို လေ့လာတာပါ။ ခန္ဓာကိုယ်ထဲက အင်္ဂါတိုင်းဟာ DNA အပိုင်းအစတွေကို စွန့်ထုတ်လေ့ရှိလို့ ဒါတွေကိုစစ်ဆေးကြည့်ရုံနဲ့ ခန္ဓာကိုယ်ရဲ့ ကျန်းမာရေးအခြေအနေကိုသိနိုင်ပါတယ်။ အရင်ကသုံးတဲ့ အရည်တို့၊ အသားစတို့ယူပြီးစစ်ဆေးတဲ့ နည်းလမ်းတွေကဈေးကြီးပေမယ့်အခု MethylScan ကတော့ မလိုအပ်တဲ့နောက်ခံ DNA အပိုင်းအစတွေကို ဖယ်ရှားပေးနိုင်လို့ ကုန်ကျစရိတ်ကို အများကြီး လျှော့ချပေးနိုင်ပါတယ်။

သုတေသီတွေဟာ လူပေါင်း ၁၀၆၁ ဦးရဲ့ သွေးနမူနာတွေကို ဒီနည်းလမ်းနဲ့စမ်းသပ်စစ်ဆေးရာမှာ ကင်ဆာရောဂါရှာဖွေနိုင်စွမ်း ၆၃ ရာခိုင်နှုန်းရှိကာ ရောဂါနုတဲ့အဆင့်မှာတောင် ၅၅ ရာခိုင်နှုန်းအထိတိကျပြီး ရောဂါခွဲခြားနိုင်မှုမှာလည်း ၈၅ ရာခိုင်နှုန်းတိကျပါတယ်။ **Ref: STD**

**ကိုထက်**


# ကိုလက်စထရောမြင့်မားတဲ့ မျိုးရိုးလိုက်ရောဂါကို ထိရောက်စွာကုသနိုင်မယ့် နည်းလမ်းအသစ်

သွေးအတွင်းကိုလက်စထရောမြင့်မားစေတဲ့ မျိုးရိုးလိုက်ရောဂါ(FH)ကို ကုသရာမှာ အရင်ထက်ထိရောက်မယ့် နည်းလမ်းအသစ်တစ်ခုကို သုတေသီတွေကစမ်းသပ်အောင်မြင်ခဲ့ပါတယ်။ အဲဒီနည်းလမ်းဟာ ကိုလက်စထရောတွေကို ခန္ဓာကိုယ်ထဲက နေဖယ်ရှားဖို့ကြိုးစားမယ့်အစား ကိုလက်စထရောထုတ်လုပ်မှုကိုပါ အစကတည်းက လျှော့ချပေးမယ့် နည်းလမ်းဖြစ်ပါတယ်။

ပုံမှန်အားဖြင့် ခန္ဓာကိုယ်ရှိမကောင်းတဲ့ ကိုလက်စထရောတွေကို အသည်းကနေ ဖယ်ရှားပေးရပါတယ်။ ဒါပေမဲ့ FH ရောဂါရှိသူတွေမှာမျိုးရိုးဗီဇကြောင့် ဒီလိုမျိုးဖယ်ရှားတဲ့စနစ်က ပျက်စီးနေတတ်ပါတယ်။ ဒါကြောင့်သွေးထဲမှာ ကိုလက်စထရောတွေ စုပုံလာပြီး အန္တရာယ်ဖြစ်စေတဲ့နှလုံးရောဂါတွေ ဖြစ်လာရတာပါ။

South Carolina ဆေးတက္ကသိုလ်မှ သုတေသီတွေဟာ apoB လို့ခေါ်တဲ့ ပရိုတင်းတစ်မျိုးကိုပစ်မှတ်ထားပြီး စမ်းသပ်ခဲ့ကြပါတယ်။ ဒီပရိုတင်းဟာ ကိုလက်စထရောအမှုန်အမွှားလေးတွေ ဖြစ်လာဖို့အတွက် အဓိကကျောရိုးဖြစ်လို့ သူ့ကိုထိန်းချုပ်နိုင်ရင် သွေးထဲမှာ ကိုလက်စထရောနည်းသွားမှာဖြစ်ပါတယ်။ အထူးခြားဆုံးကတော့ သုတေသီတွေက လူသားအသည်းကလာပ်စည်းထည့်သွင်းထားတဲ့ "Avatar" ကြွက်တွေနဲ့ပါ စမ်းသပ်နိုင်ခဲ့တာပါ။ ဒီနည်းလမ်းဟာ ဖယ်ရှားတဲ့စနစ်ပျက်စီးနေလို့ ကုသရခက်ခဲတဲ့လူနာတွေအတွက် မျှော်လင့်ချက်သစ် ဖြစ်လာနိုင်ပါတယ်။ **Ref: STD**

**ကိုထက်**



# EV များအတွက် လမ်းမပေါ်မှာမောင်းနှင်ရင်းအားသွင်းနိုင်မယ့် စွမ်းဆောင်ရည်မြင့် ကြိုးမဲ့အားသွင်းစနစ်



လျှပ်စစ်စွမ်းအင်သုံးကား (EV) တွေကို အားသွင်းကြိုးတပ်စရာမလိုဘဲ ရပ်ထားတဲ့အချိန်မှာ ၉၅ ရာခိုင်နှုန်းနဲ့ မောင်းနေချိန်မှာ ၉၀ ရာခိုင်နှုန်းအထိ စွမ်းဆောင်ရည်ရှိတဲ့ ကြိုးမဲ့အားသွင်းစနစ်အသစ်တစ်ခု ပေါ်ထွက်လာပါတယ်။ ဂျာမနီနိုင်ငံ Stuttgart တက္ကသိုလ်မှ သုတေသီတွေဟာ ပုံမှန်အားသွင်းကြိုးတွေနဲ့ ရင်ပေါင်တန်းနိုင်တဲ့အထိ စွမ်းဆောင်ရည်မြင့်တဲ့ အခုလိုနည်းပညာကိုဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒီစနစ်က သံလိုက်စက်ကွင်းပြောင်းလဲမှုနိယာမကို အသုံးပြုထားတာပါ။ ကွိုင်တစ်ခုထဲကိုလျှပ်စစ်စီးခိုင်းပြီး သံလိုက်စက်ကွင်းဖြစ်ပေါ်စေကာ အနားမှာရှိတဲ့ဒုတိယကွိုင်တစ်ခုဆီကို လျှပ်စစ်ဓာတ်အားကူးပြောင်းပေးပို့တာဖြစ်ပါတယ်။ အရင်ကဒီလိုကြားထဲလေဟာနယ်ရှိနေရင် စွမ်းဆောင်ရည်ကျဆင်းတတ်ပေမယ့် အခုတော့အဆင့်မြင့်ထိန်းချုပ်စနစ်တွေသုံးပြီး စွမ်းဆောင်ရည်အမြင့်ဆုံးရအောင် လုပ်ဆောင်နိုင်ခဲ့တာပါ။

ဒီနည်းပညာရဲ့ထူးခြားချက်တွေက ကားမောင်းနေရင်းနဲ့အလိုအလျောက် အားသွင်းနိုင်ခြင်း၊ ကားထဲကစွမ်းအင်တွေကို ဓာတ်အားလိုင်းထဲပြန်ပို့နိုင်ခြင်း၊ အားသွင်းကြိုးတွေ ရှုပ်ယှက်ခတ်နေတာမျိုးမရှိတော့တဲ့အပြင် ကြိုးတွေကြောင့်ဖြစ်တဲ့ပြဿနာတွေကိုလည်း လျှော့ချနိုင်ခြင်းတို့ဖြစ်တယ်လို့ ဆိုပါတယ်။ **Ref: IE**

**ကိုထက်**

# အမေရိကန်လေတပ်က လေသူရဲတိုက်ရိုက်ထိန်းချုပ်စရာမလိုတဲ့ Anduril ရဲ့ တိုက်ခိုက်ရေးဒရုန်းကို စမ်းသပ်



အမေရိကန်တပ်မတော်က လေသူရဲရဲ့ တိုက်ရိုက်ထိန်းချုပ်မောင်းနှင်စရာမလိုဘဲ သူ့အလိုအလျောက်ပျံသန်းနိုင်တဲ့ Anduril ကုမ္ပဏီထုတ်ဂျက်အင်ဂျင်တပ်တိုက်ခိုက်ရေးဒရုန်းအသစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ပါတယ်။ အခုစမ်းသပ်မှုမှာ အမေရိကန်လေတပ်သားတွေဟာ Anduril Industries ရဲ့ YFQ-44A ရှေ့ပြေးပုံစံကို အသုံးပြုခဲ့ကြတာပါ။ အရင်က ဒရုန်းတွေဟာ မြေပြင်မှ လေသူရဲက အဆက်မပြတ်ထိန်းချုပ်ရတာမျိုးရှိခဲ့ပေမယ့်အခုစနစ်မှာတော့ နောက်ကွယ်ကနေ ထိန်းချုပ်မောင်းနှင်နေတဲ့ အော်ပရေတာမရှိဘူးလို့ ကုမ္ပဏီရဲ့အင်ဂျင်နီယာပိုင်းဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Jason Levin က ပြောပါတယ်။

အော်ပရေတာတွေက လပ်တော့သုံးပြီး မစ်ရှင်အစီအစဉ်ကို ထည့်သွင်းပေးရုံနဲ့ ဒရုန်းဟာ လမ်းကြောင်းအတိုင်း သူ့အလိုအလျောက် ပျံတက်တာ၊ ပျံသန်းတာနဲ့ တာဝန်ထမ်းဆောင်တာတွေကို လုပ်သွားမှာဖြစ်ပါတယ်။ ဒီစမ်းသပ်မှုရဲ့ ထူးခြားမှုက သာမန်လေတပ်သားဟာ ရက်အနည်းငယ်မျှသာသင်တန်းတက်ရုံနဲ့ ဒီဒရုန်းကိုအစအဆုံးကိုင်တွယ်သွားနိုင်ခဲ့တာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ရက်ပေါင်း ၂၉၅ ရက်ဆက်တိုက်တာဝန်ထမ်းဆောင်ပြီး အကြာဆုံး စစ်ဆင်ရေးတာဝန်စံချိန်တင်လိုက်တဲ့ USS Gerald R. Ford



အမေရိကန်ရေတပ်ရဲ့ USS Gerald R. Ford လေယာဉ်တင်သင်္ဘောဟာ ပင်လယ်ပြင်ထဲ ရက်ပေါင်း ၂၉၅ ရက် ဆက်တိုက်တာဝန်ထမ်းဆောင်ပြီးနောက် ဗီယက်နမ်စစ်ပွဲနောက်ပိုင်း အရှည်ကြာဆုံးစစ်ဆင်ရေးတာဝန်ထမ်းဆောင်မှုအဖြစ် စံချိန်တင်လိုက်နိုင်ပါတယ်။ ဒါဟာ ၂၀၂၀ ပြည့်နှစ်က USS Abraham Lincoln တင်ထားတဲ့ ၂၉၄ ရက်စံချိန်ကို ကျော်ဖြတ်နိုင်တာဖြစ်ပြီး ခေတ်သစ်ရေတပ်သားတွေအပေါ် စစ်ဆင်ရေးဖိအားတွေ ဘယ်လောက်များလာသလဲဆိုတာကို ပြသနေတာပါ။

ဒီသင်္ဘောကြီးဟာ ၂၀၂၅ ခုနှစ် ဇွန်လ ၂၄ ရက်ကတည်းက ဗာဂျီးနီးယားပြည်နယ်မှ စတင်ထွက်ခွာလာတာဖြစ်ပြီး မြောက်ပင်လယ်၊ မြေထဲပင်လယ်နဲ့ ပင်လယ်နီတို့အထိ ဒေသအနှံ့မှာ တာဝန်ထမ်းဆောင်ခဲ့တာပါ။ သင်္ဘောပေါ်မှာ တပ်ဖွဲ့ဝင်ပေါင်း ၄၅၀၀ ခန့်လိုက်ပါလာပြီး NATO မဟာမိတ်နိုင်ငံတွေနဲ့လည်း ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေလုပ်ခဲ့ပါတယ်။ တာဝန်ထမ်းဆောင်နေစဉ်၂၀၂၅ ခုနှစ် အောက်တိုဘာလမှာ ဗင်နီဇွဲလားသမ္မတကို ပစ်မှတ်ထားတဲ့ စစ်ဆင်ရေးမှာပါဝင်ခဲ့သလို မတ်လမှာလည်း အီရန်ပဋိပက္ခတွေကြောင့် ပင်လယ်နီထဲအထိ သွားရောက်ခဲ့ရပါတယ်။ ဒါဟာ တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ကျန်းမာရေးကို ထိခိုက်စေတယ်လို့ အထက်လွှတ်တော်အမတ်တစ်ဦးကပြောထားပါတယ်။ **Ref: IE**

**ကိုထက်**

# ထိုင်းနိုင်ငံ၌ Melioidosis ရောဂါကူးစက်မှု မြင့်တက်လာသဖြင့် ပြည်သူများ သတိပြုရန် အစိုးရတိုက်တွန်း

**ဘန်ကောက်၊ ကျန်းမာရေး**

ထိုင်းနိုင်ငံ၌ Melioidosis ရောဂါကူးစက်မှုမြင့်တက်လာနေခြင်းကို အစိုးရက အနီးကပ်စောင့်ကြည့်လျက်ရှိရာ ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဧပြီလ ၁၆ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရောဂါကူးစက်ခံရသူ ၇၃၂ ဦးရှိကာ သေဆုံးသူ ၂၃ ဦး ရှိပြီဖြစ်ကြောင်း အစိုးရ၏ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဧပြီလ ၁၈ ရက်တွင် ပြောသည်။

ထိုရောဂါသည် မြေကြီးနှင့် ရေထဲတွင်ရှိသော ဗက်တီးရီးယားကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ခန္ဓာကိုယ်အတွင်းသို့ ဒဏ်ရာများမှ တစ်ဆင့်သော်လည်းကောင်း၊ ဖုန်မှုန့်များကို ရှူရှိုက်မိခြင်း သို့မဟုတ် မသန့်ရှင်းသောရေ သောက်သုံးမိခြင်းတို့မှတစ်ဆင့်သော်လည်း ကောင်း ဝင်ရောက်နိုင်သောကြောင့် ပြည်သူများအနေဖြင့် သတိပြုရန် အဆိုပါတာဝန်ရှိသူက တိုက်တွန်းထားသည်။

ရောဂါပိုးကူးစက်ခံရသူအနေဖြင့် ဖျားခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် ရင်ဘတ်အောင့်ခြင်းမှသည် အနာစိမ်းများဖြစ်ပေါ်ခြင်းအထိ ဖြစ်နိုင်ပြီး ဗက်တီးရီးယားသည် သွေးထဲသို့ ရောက်ရှိသွားပါက ရောဂါပိုမိုပြင်းထန်လာပြီး အသက်အန္တရာယ်ထိခိုက်နိုင်ကြောင်းသိရသည်။

**Ref: Xinhua**

# အီရန်က ဟော်မုရေလက်ကြားမှ သင်္ဘောများဖြတ်သန်းခွင့်ကို တစ်ဖန်ပြန်လည်ကန့်သတ်




**တီဟီရန်၊ စစ်ရေး**

အီရန်က ဧပြီလ ၁၈ ရက်တွင် ဟော်မုရေလက်ကြားမှနေ၍ သင်္ဘောများဖြတ်သန်းခွင့်ကို တစ်ဖန်ပြန်လည်ကန့်သတ်လိုက်ပြီး အမေရိကန်၏ပိတ်ဆို့မှုလုပ်ရပ်သည် ပင်လယ်ဓားပြဆန်ကြောင်း စွပ်စွဲပြောဆိုလိုက်သည်ဟုသိရသည်။

အစ္စရေးနှင့် လက်ဘနွန်အစိုးရတို့ကြား ဆယ်ရက်ကြာ အပစ်အခတ်ရပ်စဲရေးကာလအတွင်း ကုန်သွယ်ရေးသင်္ဘောများကို ဟော်မုရေလက်ကြားမှ လွတ်လပ်စွာဖြတ်သန်းခွင့်ပြုမည်ဟု အီရန်ဘက်က ဧပြီလ ၁၇ ရက်တွင် ကနဦးထုတ်ပြန်ပြီးနောက် ရေနံဈေးနှုန်းကျဆင်းလာသည်ကိုတွေ့ရသည်။

သို့သော် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်မရမချင်း အီရန်ဆိပ်ကမ်းများကို ဆက်လက်ပိတ်ဆို့ထားမည်ဖြစ်ကြောင်း ပြောပြီးနောက် အီရန်ဘက်က ဟော်မုရေလက်ကြားကို ပြန်ပိတ်လိုက်ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်သည် အီရန်၏သန့်စင်ပြီး ယူရေနီယံများကို လွှဲပြောင်းပေးရန်အပါအဝင်တောင်းဆိုချက်များစွာတောင်းဆိုထားသည်။ ထို့နောက် အီရန်ဘက်က အရာအားလုံးကို သဘောတူကြောင်း ထရမ့်ကပြောထားသော်လည်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူကမူ အဆိုပါယူရေနီယံများသည် အီရန်၏မြေပြင်ကဲ့သို့ပင် မြင့်မြတ်သဖြင့် လက်လွှတ်မည်မဟုတ်ကြောင်း အတည်ပြုပြောသည်။ အလားတူ အမေရိကန်နှင့် အီရန်တို့ကြား နောက်တစ်ကြိမ် ဆွေးနွေးပွဲလုပ်ဆောင်ရန် ရက်သတ်မှတ်ထားခြင်းမရှိသေးကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

**Ref: RT**

# အစ္စရေးက နယ်မြေများ ထပ်မံသိမ်းပိုက်နိုင်ရန် လုံခြုံရေးကို အကြောင်းပြနေဟုဆို

**အန်ကာရာ၊ နိုင်ငံရေး**

အစ္စရေးအစိုးရသည် ဒေသတွင်းနယ်မြေအသစ်များ ထပ်မံသိမ်းပိုက်နိုင်ရန်လုံခြုံရေးကိုအကြောင်းပြကာ အကာအကွယ်ယူပြီး အသုံးချနေခြင်းဖြစ်ကြောင်း တူကီယဲတာဝန်ရှိသူများက ဧပြီလ ၁၈ ရက်တွင် အပြစ်တင်ဝေဖန်လိုက်သည်။ အစ္စရေး၏လုပ်ရပ်များသည် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ရှေးရှုခြင်းမဟုတ်ဘဲ နယ်မြေချဲ့ထွင်ရေး အစီအစဉ်ကိုသာ ဖော်ဆောင်ခြင်းဖြစ်ကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောထားခြင်းဖြစ်သည်။

ထို့ပြင် အစ္စရေးအနေဖြင့် ၎င်း၏လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို အကြောင်းပြ၍ ပါလက်စတိုင်းနယ်မြေအတွင်း အခြေချနေထိုင်မှုများကို တိုးမြှင့်လုပ်ဆောင်နေခြင်းမှာ နိုင်ငံတကာဥပဒေများကို ချိုးဖောက်ရာရောက်ကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အစ္စရေး၏မူဝါဒများသည်အရှေ့အလယ်ပိုင်းဒေသတွင် ပဋိပက္ခများကို ပိုမိုဆိုးရွားစေကာ ငြိမ်းချမ်းရေးကို အဟန့်အတားဖြစ်စေသည်ဟု တူကီယဲဘက်က ရှုမြင်ထားသည်။

**Ref: ST**

# NATO တပ်ဖွဲ့က လိုအပ်ချိန်တွင် အသုံးမဝင်ကြောင်း ဒေါ်နယ်ထရမ့်ပြော

**ဝါရှင်တန်၊ စစ်ရေး**

NATO တပ်ဖွဲ့သည် အမှန်တကယ်လိုအပ်ချိန်တွင် အသုံးမဝင်သည့်အဖွဲ့ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဝေဖန်လိုက်ပြီး ဟော်မုရေလက်ကြားအရေးတွင် အမေရိကန်အနေဖြင့် NATO ၏အကူအညီကိုမလိုအပ်ကြောင်း ဧပြီလ ၁၇ ရက်တွင် ပြောသည်။

အီရန်နှင့် စစ်ဖြစ်နေစဉ်အတွင်း ဥရောပမဟာမိတ်များက ပါဝင်ကူညီခြင်းမရှိသည့်အပေါ် ထရမ့်က ရက်သတ္တပတ်ပေါင်းများစွာ ပြင်းပြင်းထန်ထန်ဝေဖန်ပြီး ယင်းအကျိုးဆက်ကြောင့် အမေရိကန်အနေဖြင့် စစ်ရေးမဟာမိတ်အဖွဲ့မှ နုတ်ထွက်သွားနိုင်သည်ဟုလည်း အရိပ်အမြွက်ပြောထားသည်။ NATO တပ်ဖွဲ့ဝင် ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့သည် ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ကို ကာကွယ်ရန် နိုင်ငံစုံစစ်ဆင်ရေးစတင်မည်ဟုပြောထားသည်။

**Ref: RT**

# ထိုင်းနိုင်ငံက ၂၀၇၀ ပြည့်နှစ်အရောက်တွင် ဆာဟာရသဲကန္တာရကဲ့သို့ အလွန်အမင်းပူပြင်းလာနိုင်



**ဘန်ကောက်၊ ရာသီဥတု**

ထိုင်းနိုင်ငံသည် ၂၀၇၀ ပြည့်နှစ်တွင် ဆာဟာရသဲကန္တာရကဲ့သို့ အလွန်အမင်းပူပြင်းသည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ရနိုင်ကြောင်း ဧပြီလ ၁၈ ရက်တွင်ထုတ်ပြန်သည့် ရာသီဥတုဆိုင်ရာ သုတေသနအသစ်များကဖော်ပြထားသည်။

ထို့ပြင် ယင်းအချိန်တွင်ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာ့နေရာအသီးသီးရှိအပူချိန်သည် လူသားမျိုးနွယ်စု သမိုင်းအဆက်ဆက်ရှင်သန်နေထိုင်နိုင်ခဲ့သော အပူချိန်ထက် ကျော်လွန်သည့်အခြေအနေသို့ ရောက်ရှိလာနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထားသည်။

သမိုင်းတစ်လျှောက်တွင်လူသားတို့သည် ပျမ်းမျှနှစ်စဉ်အပူချိန် ၁၁ ဒီဂရီစင်တီဂရိတ်မှ ၁၅ ဒီဂရီစင်တီဂရိတ်အတွင်းရှိ လူသားတို့ ရှင်သန်ရာ ရာသီဥတုနယ်ပယ်အတွင်း၌သာ အခြေချနေထိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ပျမ်းမျှနှစ်စဉ်အပူချိန် ၂၉ ဒီဂရီစင်တီဂရိတ် ထက်ကျော်လွန်ပါက လူသားများရှင်သန်နေထိုင်ရန် ခက်ခဲလာမည်ဖြစ်သည်။

လက်ရှိတွင် ထိုကဲ့သို့ အလွန်ပူပြင်းသော အခြေအနေမျိုးကို ကမ္ဘာ့မြေမျက်နှာပြင်၏ သုည ဒသမ ၈ ရာခိုင်နှုန်းဖြစ်သော ဆာဟာရဒေသများတွင်သာ အဓိကတွေ့ရှိရသော်လည်း နောင်တစ်ချိန်တွင် ထိုင်းနိုင်ငံအပါအဝင် အခြားဒေသများသို့ ကူးစက်လာနိုင်မည်ဖြစ်သည်။ လက်ရှိထိုင်းနိုင်ငံ၏ ပျမ်းမျှနှစ်စဉ်အပူချိန်မှာ ၂၆ ဒီဂရီစင်တီဂရိတ်အထိရှိနေပြီဖြစ်ကြောင်းသိရသည်။

**Ref: ST**

# ဩစတြေးလျနှင့် ဂျပန်တို့က ဒေါ်လာဘီလီယံများစွာတန်ဖိုးရှိ စစ်သင်္ဘောအရောင်းအဝယ်စာချုပ်ကို လက်မှတ်ရေးထိုး

**ဆစ်ဒနီ၊ စစ်ရေး**

ဂျပန်နိုင်ငံသည် ဩစတြေးလျရေတပ်အတွက် ခေတ်မီကိုယ်ပျောက်ဖရီးဂိတ်စစ်သင်္ဘောများရောင်းချပေးမည့် ဒေါ်လာဘီလီယံများစွာတန်ဖိုးရှိ အရောင်းအဝယ်စာချုပ်ကို နှစ်နိုင်ငံတာဝန်ရှိသူများက ဧပြီလ ၁၈ ရက်တွင် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်းသိရသည်။ ယခုသဘောတူညီချက်က ဩစတြေးလျ၏ဝေးလံခေါင်ဖျားဒေသများတွင် တိုက်စွမ်းအားကိုမြှင့်တင်နိုင်ရန် စစ်ရေးအင်အားတည်ဆောက်မှုတစ်ခုဖြစ်သည်။

ပြီးခဲ့သည့်နှစ်တွင် စတင်ကြေညာသည့် အဆိုပါစီမံကိန်းအရ ဩစတြေးလျသည် လာမည့် ၁၀ နှစ်အတွင်း ကိုယ်ပျောက်ဖရီးဂိတ်စစ်သင်္ဘောအုပ်ကို ပိုင်ဆိုင်နိုင်စေရေးအတွက်အမေရိကန်ဒေါ်လာ ၆ ဘီလီယံပေးချေရမည်ဖြစ်သည်။ ယခုသဘောတူညီချက်သည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဂျပန်နိုင်ငံ၏ အကြီးမားဆုံးကာကွယ်ရေးဆိုင်ရာ ပို့ကုန်သဘောတူညီချက်များထဲမှ တစ်ခုလည်းဖြစ်သည်။

ဩစတြေးလျသည် လာမည့်ဆယ်စုနှစ်အတွင်း ပင်မစစ်သင်္ဘောအရေအတွက်ကို ၁၁ စင်းမှ ၂၆ စင်းအထိတိုးမြှင့်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ဩစတြေးလျကဝယ်ယူမည့် မိုဂါမီအတန်းအစားစစ်သင်္ဘောများသည် အဆင့်မြင့်လက်နက်များစွာတပ်ဆင်ထားသည့် ကိုယ်ပျောက်ဖရီးဂိတ်များဖြစ်ကြောင်းသိရသည်။

**Ref: AGC**



# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများ၏ မြန်မာ့နှစ်သစ်ကူး ဆုတောင်းစကားသံများ

**ဦးဝဏ္ဏ(ဗုဒ္ဓဘာသာ)**
**ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ**
**ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးမင်္ဂလာပါခင်ဗျား။

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကုန်ဆုံးပြီး ၁၃၈၈ ခုနှစ်ကို ကူးပြောင်းရောက်ရှိလာတဲ့ မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူးမင်္ဂလာ အခါသမယနေ့ ဖြစ်ပါတယ်။ ယနေ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူနိုင်ငံသားများ၊ တိုင်းရင်းသားများနှင့် ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများဖြင့် ပြည့်စုံကြလျက် အေးချမ်းသာယာပြီး ပြီးပြည့်စုံသော ကောင်းကျိုးလိုအင်ဆန္ဒများ ရရှိခံစားပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သပါတယ်ခင်ဗျာ။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးက နိုင်ငံအကျိုးပြုလုပ်ငန်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အခါအားလျော်စွာ ဒေသမရွေး ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးမှသည် ငြိမ်းချမ်းရေးဆီသို့၊ ငြိမ်းချမ်းရေးမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဆိုသည့်ဆောင်ပုဒ်အတိုင်း ကျွန်တော်တို့အပါအဝင် နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အမိမြေပေါ်တွင် မွေးဖွားကြီးပြင်းလာကြသော ဘာသာမတူ၊ လူမျိုးမတူ၊ မတူကွဲပြားသည့် မြန်မာနိုင်ငံသားများ ဖြစ်ကြသည့်အလျောက် တစ်ဦး၏ဘာသာတရားကို တစ်ဦးက လေးစားကြပြီး အပြန်အလှန် ရိုင်းပင်း ကူညီကြလျက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံကာ ချစ်ကြည်ရင်းနှီးစွာ ဒီမိုကရေစီအစိုးရသစ်၏ ဦးဆောင်မှုအောက်တွင် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဝိုင်းဝန်းသယ်ပိုးကြပါစို့လို့ တိုက်တွန်းရင်း မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေ


ဦးဝဏ္ဏ

ကြောင်း ထပ်လောင်းဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

**ဦးကျော်ဇင်လတ်(ဟိန္ဒူဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ**
**ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ။

၁၃၈၇ ခုနှစ်ကုန်ဆုံးပြီး ၁၃၈၈ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူကမ္ဘာသားအားလုံး ဘေးဘယာဝေးကွာ၍ကျန်းမာချမ်းသာပြီး အေးချမ်းသာယာပါစေကြောင်း ဟိန္ဒူဘာသာဝင်များကိုယ်စား ကျွန်တော် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြပြီးဘာသာမတူ၊ လူမျိုးမတူ၊ ကိုးကွယ်ရာ မတူပေမယ့်လည်း ညီအစ်ကိုမောင်နှမစိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကို အခြေခံလျက် တစ်ဦးနှင့်တစ်ဦး မေတ္တာတရားရှေ့ထားပြီး ချစ်ချစ်ခင်ခင်အေးချမ်းစွာနေထိုင်လာတဲ့ မြန်မာနိုင်ငံတော်ကြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျွန်တော်တို့ ဟိန္ဒူဘာသာဝင်များကလည်း ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။


ဦးကျော်ဇင်လတ်

အခုလိုနှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးအခါသမယမှာ မကောင်းမှု အညစ်အကြေးများအားလုံး ဆေးကြောသန့်စင်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဝိုင်းဝန်းကူညီသယ်ပိုးထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ အားလုံးနှစ်သစ်မှာ လိုအင်ဆန္ဒပြည့်ဝကြပါစေ။

**ဦးဗိုလ်ဗိုလ်မောင်(အစ္စလာမ်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ**
**ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် တန်ခူးလကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးအတွက် အင်မတန်တန်ဖိုးကြီးမားဂုဏ်ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသည့် နှစ်သစ်မင်္ဂလာအချိန်ခါပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ အစ္စလာမ်ဘာသာ ဒုတိယဥက္ကဋ္ဌအနေဖြင့် မဟာသင်္ကြန်နှစ်သစ်ကူးအခါသမယတွင် ဆုမွန်ကောင်းတောင်းခွင့်ရရှိခြင်းကို အထူးဂုဏ်ယူဝမ်းမြောက်မိပါတယ်။

လုပ်ရပ်တိုင်းသည်ပြုလုပ်သူ၏စိတ်ထားပေါ်မှာပဲ မူတည်တာဖြစ်သည့်အတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးဆိုသည်မှာ အင်မတန်ယဉ်ကျေးသိမ်မွေ့ပြီး ချစ်စရာကောင်းပါတယ်။


ဦးဗိုလ်ဗိုလ်မောင်

အစ္စလာမ်ဘာသာအရလည်း လူသားတို့သည် မေတ္တာတရား၊ သည်းခံမှု၊ ခွင့်လွှတ်နားလည်ခြင်းနှင့် ညီညွတ်ရေးတို့ကို အခြေခံ၍ အချင်းချင်းကူညီထောက်ပံ့ကာ နေထိုင်ကြရန် သင်ကြားထားပါတယ်။ ကုရ်အာန်ကျမ်းတော်တွင်လည်း အလ္လာဟ်အရှင်မြတ်သည် တရားမျှတမှု၊ ကောင်းမှုကုသိုလ်နှင့် ဆွေမျိုးမိတ်ဆွေများအား ကူညီထောက်ပံ့ခြင်းတို့ကို လုပ်ဆောင်ရန် သတ်မှတ်ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံတော်ကြီး ဆန်ရေစပါးများ ပေါများပြီး သယံဇာတများပေါကြွယ်ဝပါစေ။ နိုင်ငံတော်ကြီး ကမ္ဘာမှာ နေလိုလလို တောက်ပ၊ နိုင်ငံသူနိုင်ငံသားများအားလုံး အေးချမ်းပျော်ရွှင်ပြီး စီးပွားလာဘ်လာဘများဖွံ့ဖြိုးတိုးတက်၍ အောင်မြင်မှုများစွာ ရရှိခံစားနိုင်ကြပါစေ၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာပါစေ၊ အမှန်တကယ်ကိုယ်ချင်းစာတရားများရှိကြပြီး ကိုယ်ကျင့်တရားများ ကောင်းမွန်၍ အကုသိုလ်များမှ ရှောင်နိုင်ကြပါစေ။

**ဒေါက်တာတူးတူး(ခရစ်ယာန်ဘာသာ)**
**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ**
**ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

ယနေ့ဟာ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကုန်ဆုံးပြီး ၁၃၈၈ ခုနှစ်ကိုရောက်ရှိလာတဲ့ မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူးအခါသမယနေ့ဖြစ်ပါတယ်။

မြန်မာလူမျိုးတို့ရဲ့ နှစ်ဟောင်းကြွေပျောက် နှစ်သစ်ရောက်သည့် အခါသမယမှာ


ဒေါက်တာတူးတူး

တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ နိုင်ငံသူနိုင်ငံသားများ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး မင်္ဂလာနှစ်သစ်ဖြစ်ပါစေလို့ ခရစ်ယာန်ဘာသာဝင်များကိုယ်စား ကျွန်တော် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

အမိမြန်မာနိုင်ငံတော်ကြီးရဲ့ အလံတော်အောက်မှာ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအတွင်း အမုန်းစကား၊ အမုန်းတရားများပယ်ပျောက်၍ ငြိမ်းချမ်းပျော်ရွှင်စွာ အတူယှဉ်တွဲနေထိုင်ကြပြီး နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းပါဝင်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

ထို့အတူ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့ အမိမြန်မာနိုင်ငံတော်အတွင်းမှာနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ကမ္ဘာသူကမ္ဘာသားများအားလုံး အန္တရာယ်အပေါင်းမှကင်းဝေးပြီး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ မိသားစုအကျိုး၊ နိုင်ငံအကျိုး၊ ဘာသာ၊ သာသနာအကျိုးကို ရွက်သယ်ပိုးနိုင်ကြပါစေ၊ ကိုးကွယ်ရာဘာသာကြီးလေးရပ်၏ တူညီသောသစ္စာတရား၊ မေတ္တာတရားများဖြင့် ကြိုဆိုကြပါလို့ နှစ်သစ်ကူးဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

# စီးပွားရေးလုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိသူများ၏ နှစ်သစ်မင်္ဂလာ ဆုတောင်းစကားသံများ

**ဦးကံညွန့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်)**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်သစ်ကူးအခါသမယမှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသူနိုင်ငံသားများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကို မင်္ဂလာနှစ်သစ်ဖြစ်ပါစေလို့ ဦးစွာမေတ္တာပို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျာ။

ပြည်သူ့ကိုယ်စား ကျွန်တော်တို့ အခုမြန်မာနိုင်ငံတစ်ဝန်းလုံး မဲပေးခဲ့ကြလို့ ကျွန်တော်တို့တိုင်းပြည်မှာ ပြည်သူ့အကျိုး


ဦးကံညွန့်

သယ်ပိုးကြမည့်လွှတ်တော်အသီးသီးလည်း ပေါ်ပေါက်လို့လာခဲ့ပါပြီ။ ပြည်ထောင်စု


ဦးနန္ဒကျော်

လွှတ်တော်က ရွေးချယ်ပေးလိုက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့


ဦးမျိုးမြင့်

သမ္မတကြီး ဦးမင်းအောင်လှိုင်ဦးဆောင်တဲ့ ဒီမိုကရေစီအစိုးရအဖွဲ့ကြီးလည်း ပေါ်ပေါက်


ဦးမောင်မောင်ဆန်း

လို့ လာခဲ့တဲ့အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းသာအားရ

**စာမျက်နှာ ၂၅ သို့** ●

# ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်မှ ထင်ရှားကျော်ကြားသောအနုပညာရှင်များ၏ နှစ်သစ်ဆုတောင်းစကားသံများ

**အလင်္ကာကျော်စွာစည်သူ အကယ်ဒမီကြည်စိုးထွန်း(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**

ရွက်ဟောင်းများကြွေ၍ ရွက်သစ်များ ဝေပြီး နှစ်ဟောင်းကုန်လို့ နှစ်သစ်သို့ ရောက်ခဲ့ပါပြီ။ အဟောင်းအသစ် အဖြစ် အပျက် နိယာမအတိုင်း နှစ်သစ်ကူးချိန်ကို ရောက်လာတဲ့အခါ အမုန်းစကားများ ပပျောက်ပြီး ချစ်ခြင်းမေတ္တာတရားများ ထွန်းကားကြပါစေ။

အပြဲအကွဲများပပျောက်ပြီး စည်းလုံး ညီညွတ်ခြင်းများ ထွန်းကားကြပါစေ။ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံသားအပေါင်း လက်တွဲဆောင်ရွက်နိုင်ကြပါစေ။

နှစ်ပေါင်း ၁၀၆ နှစ်တိုင်အောင် ညီညီညွတ်ညွတ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ရုပ်ရှင်ချစ်ပြည်သူများကို ဖျော်ဖြေပညာပေးနိုင်ခဲ့တဲ့ မြန်မာ့ရုပ်ရှင်လောကကြီး အစွန့်ရှည်ကြာပါစေကြောင်း မြန်မာ့နှစ်သစ်အခါသမယမှာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ဦးလွင်မြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတ အစည်းအရုံး)**

နှစ်ဟောင်းကုန်လို့ နှစ်သစ်အခါ ပြန်ဆုံကြတဲ့ မင်္ဂလာရှိတဲ့နှစ်သစ်မှာ အေးချမ်းတဲ့ အတာရေနဲ့အတူ ကမ္ဘာပေါ်မှာရှိတဲ့ လူသားအားလုံး၊ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး အပူကင်းလို့ အေးချမ်းသာယာကြပါစေ။ လောဘ၊ ဒေါသ၊ မာန်မာနတွေနဲ့ အမုန်းတရားတွေကင်းစင်ပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဆုတောင်းမေတ္တာပို့သပါတယ်။

မင်္ဂလာရှိတဲ့ နှစ်သစ်အချိန်အခါမှာ ကမ္ဘာသူ ကမ္ဘာသားအားလုံးနဲ့အတူ နိုင်ငံသူနိုင်ငံသားအားလုံး အနုပညာရှင်လောကသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း ကောင်းခြင်းမင်္ဂလာ အဖြာဖြာနှင့်ပြည့်စုံပြီး နိုင်ငံတော်အတွက် အားသစ်၊ မာန်သစ်ဖြင့် အားလုံးပါဝင်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ တိုင်းရင်းသားညီအစ်ကိုအားလုံး နိုင်ငံတော်၊ ပြည်သူနှင့် အတူ ချစ်ခြင်းမေတ္တာများပြည့်ဝပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာလည်း ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်ကြပါစေ။ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် ဆွေမျိုးသားရင်းများ ဖြစ်ကြတဲ့ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ စာပေ စတဲ့ ပညာရှင်များအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး မိမိတို့၏ အနုပညာစွမ်းအားဖြင့် နိုင်ငံနှင့် အများပြည်သူအတွက် လက်တွဲဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါတယ်။



ဦးကြည်စိုးထွန်း



ဦးလွင်မြင့်



ဦးအောင်တင်ဝင်း



ဦးအောင်လွင်



ပန်းချီစိုးမိုး



ဒေါ်နွဲ့နွဲ့စန်း

**အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်း (နာယက၊ မြန်မာနိုင်ငံသဘင် အစည်းအရုံး(ဗဟို))**

မြန်မာ့နှစ်သစ်ကူးအခါသမယ မင်္ဂလာအချိန်အခါမှာ ပြည်သူပြည်သားအပေါင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ လန်းဖြာကြပါစေ၊ ဝမ်းသာကြပါစေလို့ မေတ္တာများ ပို့သပါတယ်။ ကျွန်တော်တို့ အနုပညာရှင်များကလည်း ပြည်သူကိုချစ်ပြီး ပြည်သူကလည်း အနုပညာရှင်များကို ချစ်ခင်မြတ်နိုးတဲ့အတွက် မေတ္တာအသွားအပြန် အထားမှန်ကြပြီး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေကြောင်း နှစ်သစ်မေတ္တာ ပို့သအပ်ပါတယ်။

**အကယ်ဒမီ ဦးအောင်လွင် (ရုပ်ရှင်သရုပ်ဆောင်)**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်ကို ကူးပြောင်းတဲ့ မြန်မာ့နှစ်သစ်အခါသမယမှာ မြန်မာနိုင်ငံသူနိုင်ငံသားအပေါင်းနဲ့ ကမ္ဘာသူ ကမ္ဘာသားအပေါင်းရင်ဆိုင်နေရတဲ့ အခက်အခဲများ ကင်းလွတ်ကြပါစေ။ စားဝတ်နေရေး အဆင်ပြေကြပါစေ။ နှစ်သစ်မင်္ဂလာမှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

ရုပ်ရှင်လောကသားတွေထဲမှာ အသက်ကြီးတဲ့ အနုပညာရှင်များဟာ အခက်အခဲများ ရှိကြပါတယ်။ ဒါကြောင့် ရုပ်ရှင်အစည်းအရုံးက တတ်အားသရွေ့ ဆန်၊ ဆီ၊ ဆား လှူဒါန်းနေတာကြောင့် နှစ်ဆန်းမှာ လှူဒါန်းဖို့ ရည်ရွယ်ထားပါတယ်။ ရုပ်ရှင်လောကသားများ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းပြီး ပြည့်စုံကြပါစေ၊ ကမ္ဘာသူ ကမ္ဘာသားအပေါင်းနှင့် မြန်မာပြည်သူအပေါင်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။

**အလင်္ကာကျော်စွာ အကယ်ဒမီ ပန်းချီစိုးမိုး (ရုပ်ရှင်ဒါရိုက်တာ)**

မြန်မာ့နှစ်သစ်ကူးနှင့်အတူ အေးမြသော အတာရေပက်ဖျန်းရင်း စိတ်သစ်ကိုယ်သစ်ဖြင့် ကျန်းမာ၊ ချမ်းသာ၊ ဝမ်းသာစရာအပေါင်းနှင့် ပြည့်စုံပြီး ကောင်းမွန်သော လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝပါစေ၊ ဘေးဒုက္ခအပေါင်းမှ ကင်းဝေးပြီး သာသနာ၊ ဘာသာနှင့် နိုင်ငံ၏ ကောင်းကျိုး များကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ပဏာမဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အများဆန္ဒနှင့်အညီ မြန်မာတစ်နိုင်ငံလုံး ရွေးကောက်ပွဲကြီး အောင်မြင်အေးချမ်းစွာ ပြီးစီးခဲ့ပြီးတော့ လွှတ်တော်အဆင့်ဆင့်၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတအပါအဝင် အစဉ်နုပျိုနေသော တပ်မတော်ကြီးနှင့် ဝန်ကြီးအဖွဲ့များ၊ အုပ်ချုပ်မှုအဆင့်ဆင့်တို့ကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာအကြီးအကဲများ၏ သမ္မတကြီးအပေါ် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ နေ့စဉ်ပေးပို့မှုအပေါ် ဝမ်းသာပီတိဖြစ်မိပါတယ်။ တိုင်းရင်းသားမိဘညီအစ်ကို အပေါင်းနှင့် ပြည်သူများတောင့်တမျှော်မှန်းခဲ့သည့် စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဖြောင့်တန်းစွာ ချီတက်နိုင်ရန် တရားသတိ၊ ပညာအသိအမြင်၊ ဖြူစင်သော ဆန္ဒများဖြင့် အထောက်အပံ့ပြုစေပြီး အဖျက်ကိုရှောင်၊ အပြုကိုဆောင်ပြီး ခေတ်မီတိုးတက်သော နိုင်ငံသစ်ဆီသို့ ချီတက်ကြပါစို့ဟု စေတနာမေတ္တာများစွာဖြင့် ဆန္ဒပြုပါတယ်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြကုန်သော တိုင်းရင်းသားအပေါင်းနှင့်နိုင်ငံသားအပေါင်း ကောင်းမွန်သော လိုအင်ဆန္ဒများ ပြည့်ဝကြပါစေ၊ ကမ္ဘာသူကမ္ဘာသားအပေါင်း ငြိမ်းချမ်းကြပါစေကြောင်း နှစ်သစ်ဆုတောင်းပို့သအပ်ပါတယ်။

**အကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်း (ရုပ်ရှင်သရုပ်ဆောင်)**

ဒီအချိန်မှာ ကမ္ဘာကြီး တောင့်တနေမှာက အေးချမ်းသာယာမှုပါပဲ၊ ဒါကြောင့် ကပ်ကြီးသုံးပါးမှ ကင်းလွတ်ကြပါစေ။ မြန်မာ့နှစ်သစ်အခါသမယကစပြီး မြန်မာပြည်ကြီး အေးချမ်းပြီလို့ ယူဆပါတယ်။ ပြည်သူပြည်သားများနဲ့ ရုပ်ရှင်လောကသားအပေါင်း အကျပ်အတည်းအပေါင်းမှ လွတ်ကင်းချမ်းသာပြီး စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ကြပါစေ။ ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာပြည်သူပြည်သားအပေါင်း ကျန်းမာခြင်း၊ ချမ်းသာခြင်းနဲ့ ပြီးပြည့်စုံပြီး နှစ်သစ်မင်္ဂလာမှာ လူသစ်၊ စိတ်သစ်နဲ့ နိုင်ငံအကျိုး၊ လူမျိုးအကျိုးကို ထမ်းပိုးဆောင်ရွက်နိုင်ကြပါစေလို့ နှစ်သစ်ဆုမွန်စကားပါးအပ်ပါတယ်။

**သတင်း-သစ္စာ(MNA)၊ဓာတ်ပုံ-ဇွဲမာန်**

---

● စာမျက်နှာ ၂၄ မှအဆက်

ပျော်ရွှင်ရပြီး ယခုပြည်သူက ရွေးချယ်လိုက်သော ပြည်သူ့အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ကျွန်တော်တို့ MSME အသေးစား၊ အလတ်စားလုပ်ငန်းများ ပိုမိုဖြစ်ထွန်းကာ ပြည်တွင်းထုတ်ကုန်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမည့် အချိန်အခါကောင်းလည်းဖြစ်သည့်အတွက် အားလုံးဝမ်းသာကြောင်း ပြောကြားလိုပါတယ်။ ယခုလက်ရှိ တစ်ကမ္ဘာလုံး ကြုံတွေ့နေရသော စက်သုံးဆီပြဿနာကိုလည်း မကြာမီအချိန်အတွင်း နိုင်ငံတော်သမ္မတကြီးနဲ့ အစိုးရအဖွဲ့က ဖြေရှင်းနိုင်ရန် ကြိုးစားနေချိန်မှာ ကျွန်တော်တို့ တိုင်းသူပြည်သားများကလည်း နားလည်ပေးပြီး ပူးပေါင်းဆောင်ရွက်ကြပါလို့ အထူးပြောကြားလိုပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းသာယာဖွံ့ ဖြိုး တိုး တက် လာ ပါ လိ မ့် မ ယ် လို့၊ တစ်နိုင်ငံလုံး ယခုနှစ်သစ်မှစ၍ အေးချမ်းသာယာကြပါစေလို့ မေတ္တာရှေ့ထား ဆုမွန်ကောင်း တောင်းပေးလိုက်ရပါတယ်။

**ဦးနန္ဒကျော် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း)**

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။

ယခုသက်တမ်းအတွက် လွှတ်တော်အသီးသီး၊ အစိုးရဌာနအသီးသီးတို့တွင် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်ကြီးများနှင့် ခေါင်းဆောင်များအတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အမိမြန်မာနိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လာစေဖို့ အစွမ်းကုန် ကြိုးစားအားထုတ်ပေးမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ အသင်းအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ကျရာတာဝန်ပံ့ပိုးနိုင်ရန် အသင့်ရှိပါတယ်။ အရှိတရားများ၏ အားနည်းချက်ကို လက်ခံပြင်ဆင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်သော ဘုံအကျိုးစီးပွားဆီ ချစ်ခင်စည်းလုံးစွာ ဖြတ်သန်းနိုင်သော အမိမြန်မာနိုင်ငံတော်ကြီး ဖြစ်တည်လာပါစေ။ မြေနှင့် သယံဇာတအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာအရင်းအမြစ်တို့ကို အားသာချက်ဖြစ်အောင် စုပေါင်းဖော်ထုတ်ပြီး ထည်ဝါသော အနာဂတ်ဆီရောက်ရှိပါစေ။ မြန်မာပြည်သူ၊ ပြည်သားအားလုံးဘေးကင်းအောင်မြင်ပျော်ရွှင်သော မင်္ဂလာနှစ်သစ်ဖြစ်ကြပါစေ။

**ဦးမျိုးမြင့် (ဥက္ကဋ္ဌ၊ MKT Construction Company Ltd.)**

မြန်မာ့နှစ်သစ်ကူး အခါသမယမှစ၍ မြန်မာပြည်သူပြည်သားများ ကမ္ဘာသူကမ္ဘာသားများအားလုံး အေးချမ်းမှု၊ အေးငြိမ်းမှု၊ ပျော်ရွှင်မှုများ ရရှိပါစေ၊ မေတ္တာတရားများပွားများနိုင်ပါစေ၊ ဗြဟ္မစိုရ်တရားများ ထွန်းကားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်ခင်ဗျား။

**ဦးမောင်မောင်ဆန်း(ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း)**

မင်္ဂလာရှိတဲ့ ၁၃၈၈ ခုနှစ် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ၊ ကမ္ဘာသူ ကမ္ဘာသား အားလုံးသော ခုနစ်ရက်သားသမီး သူတော်ကောင်းအပေါင်းတို့ စိတ်သစ်၊ လူသစ်ဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ စီးပွားဥစ္စာရတနာတွေလည်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ကြီးပွားနိုင်ကြပါစေ။ လိုအင်ဆန္ဒများနဲ့လည်း ပြည့်ဝကြပါစေ။ ရောဂါဘယများလည်း ကင်းဝေးကြပါစေ။ မြန်မာနိုင်ငံကြီး အေးချမ်းသာယာပါစေကြောင်း၊ ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

# ပွင့်ဖြူမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနစုပေါင်းငါးလွှတ်ပွဲ ကျင်းပ



ပွင့်ဖြူ ဧပြီ ၁၈

၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူးကုသိုလ်ပြု ဇီဝိတဒါနအဖြစ် စုပေါင်းငါးလွှတ်ပွဲကို ဧပြီလ ၁၇ ရက်က မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အနောက်ပိုင်းရပ်ကွက်အနီး မုန်းချောင်းဘေး၌ ကျင်းပသည်။

အဆိုပါဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲသို့ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စံပယ်လှိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံမြို့မိမြို့ဖများတက်ရောက်ကြပြီး မြို့နယ်ငါးလုပ်ငန်းစခန်းမှ မွေးမြူထားသော ငါးမြစ်ချင်းငါးသားပေါက် အကောင်ရေ ၅၀၀၀ ကို မုန်းချောင်းအတွင်း ဇီဝိတဒါန စုပေါင်းဘေးမဲ့လွှတ်ပေးကြသည်။

ပွင့်ဖြူမြို့နယ်၌ နှစ်စဉ် မြန်မာနှစ်ဆန်း တစ်ရက်နေ့တိုင်း ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို အစဉ်အလာမပျက် ကျင်းပလျက်ရှိသည့်အပြင် နှစ်သစ်ကူးအခါသမယ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးလက်ဒေသများ၌ ဒေသခံပြည်သူများက ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ ဘုရားကျောင်းကန်များသို့သွားရောက်၍ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဘုရားစေတီပုထိုးများ၌ ပန်း၊ ရေချမ်း၊ ဆီမီးများထွန်းညှိ၍ ကုသိုလ်ကောင်းမှုပြုကြခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# သက်သာသောဈေးနှုန်းများဖြင့် ဆန်ရောင်းချမှု အစီအစဉ်များတိုးမြှင့်ဆောင်ရွက်မည်

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဆန်ဈေးနှုန်းများ သင့်တင့်မျှတမှုဖြစ်စေရန် သက်သာသောဈေးနှုန်းများဖြင့် ဆန်ရောင်းချမှုအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် ဆန်စက်များ၌ ဧည့်မထဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀၊ ရက် ၉၀ ဆန်နှင့် တခြားပြည်တွင်းစားဆန်များကို ဆန်အမျိုးအစားနှင့် အရည်အသွေးပေါ်မူတည်၍ တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ မှ ၃၅၀၀ အတွင်း၊ ရှေ့ဝတီပေါ်ဆန်းဆန်များကို ဆန်အမျိုးအစားနှင့် အရည်အသွေးပေါ်မူတည်၍ တစ်ပြည်လျှင် ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ အတွင်း ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်နှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့၌ ၂၄ ပြည် ဧည့်မထဆန်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၊ ရက် ၉၀ ဆန်နှင့် တခြားပြည်တွင်းစားဆန်များကို ဆန်အမျိုးအစားနှင့် အရည်အသွေးပေါ်မူတည်၍ ၂၄ ပြည် ဆန်တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀ မှ ၈၅၀၀၀ အတွင်း၊ ရှေ့ဝတီပေါ်ဆန်းဆန်များကို ဆန်အမျိုးအစားနှင့် အရည်အသွေးပေါ်မူတည်၍ ၂၄ ပြည် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ မှ ၁၄၀၀၀၀ အတွင်း နှုန်းထားများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် စက်မှုဇုန်များ၊ စက်ရုံများ၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေးအသင်းအဖွဲ့/အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအနေဖြင့် ဆန်လိုအပ်ချက်ရှိပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဝါးတန်းကုန်စည်ဒိုင်နှင့် ဘုရင့်နောင်ကုန်စည်ဒိုင်စသည့်အသင်းများ၏ ဖုန်းနံပါတ်များမှတစ်ဆင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

ဖြူဖြူ

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး

ရန်ကုန် ဧပြီ ၁၈

နွေရာသီကာလတွင် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း)မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၁၈ ရက်တွင် (၄၈)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)ယာဉ်မောင်းလေ့ကျင့်ရေးစခန်းကွပ်ကဲမှုရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သင်တန်းကျောင်းဝင်းအတွင်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) ဌာနစုမှူး ဦးမောင်မောင်ညွန့်နှင့် ဝန်ထမ်းများ၊ သင်တန်းဝင်းအတွင်းရှိ ဆိုင်ခန်းများမှ ပိုင်ရှင်၊ တာဝန်ခံ ၃၀ ဦးတို့အား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်း၊ သင်တန်းဝင်းအတွင်းရှိ ဆိုင်ခန်းများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းအောင်နှင့် သန္ဓေတပ်ဖွဲ့ဝင်ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့်အတူ လက်တွေ့ဆောင်ရွက်ကြသည်။

ဒဂုံ(မြောက်ပိုင်း)မြို့နယ် မီးသတ်ဦးစီးဌာနသည် မြို့နယ်အတွင်း မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ပြည်သူများ မီးသတိပြုရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတိပေးနှိုးဆော်ခြင်းနှင့် စစ်ဆေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၄-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၇၃၅ | ၄၉၂၀ | ၄၈၆၀ | ၄၇၇၀ | ၄၉၂၀ | ၄၉၃၅ | ၄၉၈၅ | ၄၈၃၀ | ၄၉၈၅ | ၅၃၀၅ | ၄၈၅၅ | ၅၁၀၅ | ၄၉၅၅ | ၄၉၁၀ | ၄၉၁၀ | ၅၁၂၀ |
| 95 Ron | ၄၉၄၅ | ၅၁၃၅ | ၅၀၇၅ | ၄၉၆၅ | ၅၁၃၅ | ၅၁၄၅ | ၅၂၀၀ | ၅၀၄၅ | ၅၂၀၀ | ၅၅၁၅ | ၅၀၆၅ | ၅၃၂၅ | ၅၁၇၀ | ၅၁၂၅ | ၅၁၂၅ | ၅၃၃၅ |
| HSD (500 ppm) | ၆၄၈၅ | ၆၆၆၅ | ၆၆၀၅ | ၆၅၀၀ | ၆၆၆၅ | ၆၆၇၅ | ၆၇၂၅ | ၆၅၈၀ | - | ၇၀၃၀ | ၆၆၀၀ | ၇၄၅၀ | ၆၇၀၀ | ၆၆၅၅ | ၆၆၅၅ | ၆၈၆၀ |
| HSD (50 ppm) | ၇၇၅၅ | ၇၉၄၀ | ၇၈၈၀ | ၇၇၇၀ | ၇၉၄၅ | ၇၉၅၅ | ၈၀၀၅ | ၇၈၅၀ | ၈၀၀၅ | ၈၃၂၅ | ၇၈၇၅ | ၈၁၀၅ | ၇၉၀၀ | ၇၉၃၀ | ၇၉၃၀ | ၈၁၄၅ |
| HSD (10 ppm) | ၇၇၅၅ | ၇၉၄၀ | ၇၈၈၀ | ၇၇၇၀ | ၇၉၄၅ | ၇၉၅၅ | ၈၀၀၅ | ၇၈၅၀ | | ၈၃၂၅ | ၇၈၇၅ | ၈၁၀၅ | ၇၉၀၀ | ၇၉၃၀ | ၇၉၃၀ | ၈၁၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၉၂ | ၄၆၁၆ |
| 95 Ron | ၄၆၉၉ | ၄၈၂၇ |
| HSD (500 ppm) | ၆၂၀၉ | ၆၃၆၃ |
| HSD (50 ppm) | ၇၄၁၇ | ၇၅၉၆ |
| HSD (10 ppm) | ၇၄၁၇ | ၇၅၉၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၁၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၄-၂၀၂၆(တနင်္ဂနွေနေ့)

၁။ ၀၆:၀၃ တရားတော်

၂။ ၀၆:၅၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့

၃။ ၀၈:၅၀ မောင်မယ်လေးများ သိစေချင်

၄။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း

၅။ ၁၁:၁၀ ပြည်သူ့ကြားကပြည်သူ့စကား

၆။ ၁၃:၁၀ လေးစားအတုယူစံနမူ သူ့ရဲကောင်းများ

၇။ ၁၃:၄၀ ဝေမျှဆွေးနွေး လူငယ့်အရေး

၈။ ၁၄:၁၅ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်း သုံးသပ်ချက်

၉။ ၁၅:၄၀ ဇာတ်လမ်းတို

၁၀။ ၁၇:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

၁၁။ ၁၉:၀၀ **CGTN NATURE(8)**

# ၂၀၂၆ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၏ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှား များ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့် နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

➤ ကျောဖုံးမှအဆက်

ပျဉ်းမနားမြို့နယ်အတွင်း ကျေးရွာများအတွက်စုရပ်နှစ်နေရာ၊ ဇေယျာသီရိမြို့နယ်အတွင်းကျေးရွာများအတွက် စုရပ်နှစ်နေရာ စုစုပေါင်းစုရပ်ခုနစ်နေရာတို့တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသုံးစက်ပစ္စည်းများတွင်အသုံးပြုရန်အတွက် ပြည်တွင်းထုတ် ဒီဇယ်ဆီ စုစုပေါင်း ၄၅၄၂ ဂါလန်အား နွေစပါးနှင့် ဆီထွက်သီးနှံထွန်ယက်စိုက်ပျိုးနေသည့်လယ်ယာမြေလုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ နွေစပါးနှင့် ဆီထွက်သီးနှံထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသောကျေးရွာများသို့ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များ အတွင်းရှိ တောင်သူများအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ထောက်ခံချက်ဖြင့် ပြည်တွင်းထုတ်စက်သုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# ပဲခူးမြို့၌ ဆဋ္ဌမအကြိမ်မြောက် မြန်မာနှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ပွဲကျင်းပ



ပဲခူး ဧပြီ ၁၈

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာနှစ်သစ်ကူး တရားအလှူတော်ဓမ္မသဘင်ပွဲကို ယမန်နေ့ ညပိုင်းက ပဲခူးမြို့ ရုံးကြီးရပ်ကွက် ဆေးရုံလမ်းနှင့် ပြည်တော်သာလမ်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှေ့ရှိ မြန်မာနှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်မဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာများမှ တရားနာပရိသတ်များက ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်စာချဆရာတော် ဘဒ္ဒန္တသုန္ဒရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။


ထို့နောက် ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်စာချဆရာတော် ဘဒ္ဒန္တသုန္ဒရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်က "သိင်္ဂါလောဝါဒသုတ္တန်" တရားခေါင်းစဉ်ဖြင့် ဟောကြားတော်မူပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဓမ္မပူဇာအလှူငွေကျပ်သိန်း ၆၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်းသိရသည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာနှစ်သစ်ကူး တရားအလှူတော်ဓမ္မသဘင်ပွဲကို ဧပြီလ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## မိုးလေဝသ သတင်း




| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၉ | ၃၄ |
| ရှမ်း(မြောက်) | ၂၀ | ၃၅ |
| ရှမ်း(အရှေ့) | ၁၈ | ၃၆ |
| ရှမ်း(တောင်) | ၁၈ | ၃၂ |
| ချင်း | ၁၁ | ၂၇ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၇ |
| စစ်ကိုင်း(အောက်) | ၂၄ | ၄၁ |
| နေပြည်တော် | ၂၆ | ၃၉ |
| မန္တလေး | ၂၉ | ၄၂ |
| မကွေး | ၂၅ | ၄၁ |
| ရခိုင် | ၂၄ | ၃၄ |
| ပဲခူး | ၂၄ | ၄၀ |
| ရန်ကုန် | ၂၅ | ၃၈ |
| ဧရာဝတီ | ၂၄ | ၃၈ |
| ကယား | ၁၉ | ၃၆ |
| ကရင် | ၂၂ | ၃၉ |
| မွန် | ၂၄ | ၃၈ |
| တနင်္သာရီ | ၂၄ | ၃၈ |

# မကွေးမြို့ သစ်တောဈေးတည်ဆောက်မှုလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီး

မကွေး ဧပြီ ၁၈

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်း ပျံကျဈေးသည်များ စနစ်တကျရောင်းချနိုင်ရန် ရည်ရွယ်တည်ဆောက်လျက်ရှိသည့် သစ်တောဈေးတည်ဆောက်မှုလုပ်ငန်းများ လက်ရှိတွင် ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မကွေးမြို့ပေါ်ရှိ အောင်မေတ္တာရပ်ကွက်၊ အောင်စေတနာရပ်ကွက်နှင့် တိုးချဲ့ရပ်ကွက်တို့၌နေထိုင်သော ဒေသခံပြည်သူများ သန့်ရှင်းသပ်ရပ်စွာ ဈေးဝယ်ယူနိုင်ရန်နှင့် ပျံကျဈေးသည်များ စနစ်တကျရောင်းချနိုင်ရန် သစ်တောဈေးကို တည်ဆောက်နေခြင်းဖြစ်သည်။

ဈေးအတွင်း ကုန်ခြောက်ဆိုင်ခန်း ၁၄၀၊ သား/ငါး ဆိုင်ခန်း ၁၂ ခန်းနှင့် ပျံကျ ၈၄ ခန်း ပါရှိပြီး ဈေးအကျယ်အဝန်းမှာ အလျားပေ ၇၂၀၊ အကျယ်ပေ ၁၀၀ ရှိကာ ရေ၊ မီးနှင့်သန့်စင်ခန်းများကို စုံလင်စွာဆောင်ရွက်ပေးထားသည့်အပြင် ဈေးအတွင်း လမ်းမကြီးနှင့်လမ်းသွယ်များကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးထားသည်။

အဆိုပါဈေးတည်ဆောက်မှုလုပ်ငန်းများပြီးစီးပါက အများပြည်သူအနေဖြင့် အခြေခံစားသောက်ကုန်များကို လွယ်လင့်တကူ ဝယ်ယူရောင်းချနိုင်မည့်အပြင် မြို့သန့်ရှင်းသာယာ လှပရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

ဖြူဖြူ

# ဥရောပကလပ်အဆင့်သတ်မှတ်ချက်တွင် ရီးယဲလ်မက်ဒရစ်အသင်းကို ကျော်ဖြတ်ပြီး ဘိုင်ယန်မြူးနစ်အသင်းအဆင့်(၁)နေရာသို့ရောက်ရှိလာ



နီယွန်း ဧပြီ ၁၈

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)က နောက်ဆုံးထုတ်ပြန်ခဲ့သည့် ဥရောပကလပ်အဆင့် သတ်မှတ်ချက်တွင် ရီးယဲလ်မက်ဒရစ်အသင်းကို ကျော်ဖြတ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက အဆင့်(၁) နေရာသို့ရောက်ရှိလာကြောင်း သိရသည်။

အစောပိုင်းက ဥရောပတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုအကြိမ်ရေ အများဆုံးဆွတ်ခူးထားနိုင်သည့် ရီးယဲလ်မက်ဒရစ်အသင်းသည် ဥရောပကလပ်အဆင့်သတ်မှတ်ချက်တွင် အဆင့်(၁)နေရာ၌ ကာလရှည်ရပ်တည်နိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ရလဒ်မတည်ငြိမ်မှုများနှင့်အတူ အောင်မြင်မှုရယူနိုင်ခြင်း မရှိသည့်အတွက် အဆင့်(၂) နေရာသို့ ကျဆင်းခဲ့ရခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဥရောပဘောလုံးအဖွဲ့ချုပ်၏အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရလဒ်ကောင်းများရယူနိုင်ပြီးနောက် ကလပ်အဆင့်သတ်မှတ်ချက်တွင် စုစုပေါင်းရမှတ် ၁၄၆ ဒသမ ၅ မှတ်ဖြင့် အဆင့်(၁)နေရာသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ကလပ်အဆင့်သတ်မှတ်ချက်၌ ရီးယဲလ်မက်ဒရစ်အသင်းက ရမှတ် ၁၄၄ မှတ်ဖြင့် အဆင့်(၂)နေရာသို့ ကျဆင်းခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းနောက်၌ လီဗာပူးအသင်းက ရမှတ် ၁၃၀ ဖြင့် အဆင့်(၃)၊ အင်တာမီလန်အသင်းက တစ်ဆင့်ကျဆင်းပြီး ရမှတ် ၁၂၇ မှတ်ဖြင့် အဆင့်(၄)၊ ပီအက်စ်ဂျီအသင်းက ရမှတ် ၁၂၆ ဒသမ ၅ မှတ်ဖြင့် အဆင့်(၅)၊ မန်စီးတီးအသင်းက တစ်ဆင့်ကျဆင်းပြီး ရမှတ် ၁၂၅ ဒသမ ၅ မှတ်ဖြင့် အဆင့်(၆)၊ အာဆင်နယ်အသင်းက တစ်ဆင့်မြင့်တက်ပြီး ရမှတ် ၁၁၃ ဒသမ ၅ မှတ်ဖြင့် အဆင့် (၇)၊ ဘာစီလိုနာအသင်းက တစ်ဆင့်ကျဆင်းပြီး ရမှတ် ၁၁၃ မှတ်ဖြင့် အဆင့်(၈)၊ လေဗာကူဆင်အသင်းက ရမှတ် ၁၀၅ မှတ်ဖြင့် အဆင့်(၉)နှင့် အက်သလက်တီကိုအသင်းက တစ်ဆင့်မြင့်တက်ကာ ရမှတ် ၁၀၃ မှတ်ဖြင့် အဆင့်(၁၀)နေရာ၌ အသီးသီးရပ်တည်ခဲ့ကြသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ကာ လက်ရှိချန်ပီယံပီအက်စ်ဂျီအသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref;UEFA.Com**

# ဘာစီလိုနာအသင်းက နည်းပြ ဟန်ဆီဖလစ်အား ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

ဘာစီလိုနာ ဧပြီ ၁၈

ဘာစီလိုနာအသင်းက နည်းပြဟန်ဆီဖလစ်အား ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

နည်းပြဟန်ဆီဖလစ်သည် ဘာစီလိုနာအသင်းကို ၂၀၂၄ ခုနှစ်က တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းကို ပထမဆုံးဘောလုံးရာသီတွင်ပင် စပိန်လာလီဂါဖလား၊ စပိန်ကိုပါဒယ်ရေးဖလား၊ စပိန်စူပါဖလား ပြည်တွင်းဆုဖလားသုံးလုံးကို ဆွတ်ခူးပေးနိုင်ခဲ့သည်အထိ အောင်မြင်မှုများရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြဟန်ဆီဖလစ်သည် ယခုဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ကွာတားဖိုင်နယ်အဆင့်မှထွက်ခွာခဲ့ရသော်လည်း စပိန်လာလီဂါပြိုင်ပွဲ၌ ပြိုင်ပွဲပြီးဆုံးရန် ခုနစ်ပွဲအလိုတွင် ရမှတ် ၇၉ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်နေပြီး အဆင့်(၂)နေရာမှ ရီးယဲလ်မက်ဒရစ်အသင်းကို ခုနစ်မှတ်ဖြတ်တောက်နိုင်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ရန် အခြေအနေကောင်းများပိုင်ဆိုင်အောင် စွမ်းဆောင်ပေးထားသည်။ ဘာစီလိုနာအသင်းနှင့် နည်းပြဟန်ဆီဖလစ်တို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref;Goal.com**

# ခရစ္စတယ်ပဲလေ့စ်အသင်းသမိုင်းတစ်လျှောက် ဥရောပအဆင့်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်

လန်ဒန် ဧပြီ ၁၈

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုဘောလုံးရာသီ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ်ကစားသည့် ဖီအိုရင်တီးနားအသင်းနှင့် ပွဲစဉ်တွင် နှစ်ကျော့ပေါင်းရလဒ် ၄ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိပြီးနောက် အသင်းသမိုင်းတစ်လျှောက် ဥရောပအဆင့်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဖီအိုရင်တီးနားအသင်းကို ပထမအကျော့တွင် ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဒုတိယအကျော့တွင် ၂ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်သော်လည်း နှစ်ကျော့ပေါင်းရလဒ် ၄ ဂိုး- ၂ ဂိုးဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အက်ဖ်အေဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ပြီးနောက် ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုဘောလုံးရာသီ ကွန်ဖရင့်လိဂ်ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များအပြီးတွင် အဆင့်(၁၀)နေရာ၌ ရပ်တည်နိုင်သည့်အတွက် ရှုံးထွက်အဆင့်ကစားရပြီး အေအီးကေအသင်းကိုအနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်တွင် ဖီအိုရင်တီးနားအသင်းကိုအနိုင်ရရှိခဲ့သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် ရှက်တာဒိုးနက်အသင်းနှင့်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref;Fotmob**



# လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ကစားသမား ဂါနာချိုအား ပြန်လည်ရောင်းချရန် ချယ်လ်ဆီးအသင်းဆုံးဖြတ်ထား

လန်ဒန် ဧပြီ ၁၈

ချယ်လ်ဆီးအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ တိုက်စစ်ကစားသမား ဂါနာချိုအား ပြန်လည်ရောင်းချရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ဂါနာချိုသည် မန်ယူအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အစောပိုင်းနှစ်များက အသင်းတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း မန်ယူအသင်းနည်းပြဟောင်း အမိုရင်လက်အောက်တွင် ဆက်ဆံရေးတင်းမာမှုများရှိလာပြီး ပွဲကစားခွင့်နည်းပါးလာသည့်အတွက် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ချယ်လ်ဆီးအသင်းထံ စတာလင်ပေါင် သန်း ၄၀ ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဂါနာချိုသည် ချယ်လ်ဆီးအသင်းတွင်လည်း ယခုဘောလုံးရာသီအစောပိုင်းက ပွဲကစားခွင့်များရရှိခဲ့သော်လည်း နောက်ပိုင်းတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသည့်အပြင် နည်းပြ ရိုစင်နီယာ၏ကစားကွက်နှင့်လည်းကိုက်ညီမှုမရှိသည့်အတွက် ပွဲကစားခွင့်များ နည်းပါးလာပြီးနောက် ချယ်လ်ဆီးအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂါနာချိုသည် ချယ်လ်ဆီးအသင်းတွင် ပြိုင်ပွဲစုံ စုစုပေါင်း ၅၁ ပွဲပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ရှစ်ဂိုးသာသွင်းယူနိုင်ပြီး လက်ရှိနည်းပြ ရိုစင်နီယာလက်အောက်တွင် ပွဲကစားခွင့်များသိသိသာသာ လျော့နည်းလာကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လေးပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းကို ပြင်ဆင်လိုနေသည့်အတွက် အသင်းတိုက်စစ်ပိုင်းမှ ဒီလက်နှင့်ဂါနာချိုအား ရောင်းချရန်ဆုံးဖြတ်ထားပြီး ပြောင်းရွှေ့လိုသည့်အသင်းကိုလည်း ရှာဖွေရန် ခွင့်ပြုပေးထားကြောင်း သိရသည်။

**Ref;Football london**

# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ Documentary (သို့) ပညာပေးဇာတ်လမ်းတို (Short Film)၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ Documentary(သို့) ပညာပေးဇာတ်လမ်းတို (Short Film ၂-၃ မိနစ်စာ)၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့်လက်ရာများ ဖိတ်ခေါ်ပါသည်။

(၁) ပြိုင်ပွဲဝင်ရမည့်ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) "မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"
- (ခ) "လွယ်လွယ်နဲ့ရသုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ၊ ဝိုင်းဝန်းကာကွယ် တားဆီးမှ"
- (ဂ) "မူးယစ်ကင်းစင် - တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြ - လုံခြုံလှ"
- (ဃ) "နိုင်ငံ့အနာဂတ်လှပဖို့ မူးယစ်ဆေးကိုအမြစ်ဖြတ်စို့"
- (င) "ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"
- (စ) "အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့၊ အုပ်စုဖွဲ့မှုခင်း တိုက်ဖျက်စို့"

"Break the Cycle. #StopOrganizedCrime" (UN ဆောင်ပုဒ်)

(၂) **ဝတ္ထုတိုနှင့်ဆောင်းပါး** စာမူကို A 4 စာရွက်၏ တစ်ဖက် (စာတစ်မျက်နှာ)တွင်သပ်ရပ်စွာ လက်ရေးမူဖြင့်ရေး၍ မူရင်းနှင့် မိတ္တူပေါင်း ၂ စောင် (သို့မဟုတ်) ကွန်ပျူတာစာစီ၍ ၂ စောင် ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀၀ အတွင်းဖြစ်သည်။ ပြိုင်ပွဲဝင် ဝတ္ထုတွင်ပေးအပ်ထားသော ဆောင်ပုဒ်များကို အကျုံးဝင်ဖော်ဆောင်နိုင်သည့် ဝတ္ထုခေါင်းစဉ်တပ်နိုင်သည်။

(၃) **ကဗျာ** စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း ၂ စောင် ပေးပို့ရမည်။ မြန်မာကဗျာ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ (ပါဒ ၁၀၀ မှ ၂၀၀) အတွင်းရှိရမည်။

(၄) **တေးသီချင်း** သည် မူးယစ်ဆေးဝါးအလွဲသုံးမှုပပျောက်ရေး နှစ်သက်ရာခေါင်းစဉ်ဖြင့် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့်သီဆိုနိုင်သော ကိုယ်ပိုင်သံစဉ်သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ်ထိရောက်ရမည်။ အပြီးသတ်အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ မူရင်း ၁ စောင်ကို ဂီတသင်္ကေတ မူရင်း ၁ စောင်နှင့်အတူ အသံအရည်အသွေးကောင်းမွန်သော သီချင်း CD ခွေတို့ကို ပေးပို့ရမည်။

(၅) **ဓာတ်ပုံ** သည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် အဖြူအမည်းဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး 8'' x 10'' အရွယ် အနည်းဆုံး ၃ ပုံမှ အများဆုံး ၅ ပုံအထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါပြိုင်ပွဲဝင်ပုံများ၏ Original Files များနှင့် 8'' x 12'' ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသော ပုံများသာဖြစ်ရမည်။ Digital အထူးပြုလုပ်ချက်များ ပြုလုပ်ခွင့်မရှိပါ။

(၆) **Documentary (သို့) ပညာပေးဇာတ်လမ်းတို (Short Film)** သည် ၂ မိနစ်မှ ၃ မိနစ်ခန့်အထိရှိပြီး ရဲဝန်ထမ်း၊ ပြည်သူ့အကျိုးပြုလူငယ်လူရွယ်များ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတားဆီးမှုများကိုသိရှိစေရန် ရည်ရွယ်ချက်ပါရှိရမည်။ မိမိကြိုက်နှစ်သက်ရာ ဖုန်း၊ ကင်မရာ၊ ဓာတ်ပုံကင်မရာ၊ ဟန်းဖုန်းတို့ဖြင့် ရိုက်ကူး၍ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ အများပြည်သူတို့ သင်ခန်းစာရစေနိုင်သော နိုင်ငံကိုအကျိုးပြုသော မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပညာပေးအကြောင်းအရာများကို ပေါ်လွင်အောင် ရိုက်ကူးရပါမည်။ မည်သူမဆိုပါဝင်သရုပ်ဆောင်ခွင့်ရှိပြီး လူငယ်များလောကနီတိနှင့် အညီ ကိုယ်ကျင့်တရားကောင်းမွန်စေရန် ရည်ရွယ်ပါသည်။ Artificial Intelligence (AI) နည်းပညာအသုံးပြုခွင့်မရှိပါ။ ဆုရရှိသည့် ပညာပေးဇာတ်လမ်းတို (Short Film) အား အစိုးရပိုင်သတင်းစာများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ MRTV – 4 နှင့် Sky Net အစရှိသော ရုပ်သံသတင်းဌာနများတွင်ထုတ်လွှင့်ပြသသွားပါမည်။

(၇) **ကွန်ပျူတာပိုစတာ** သည် ခေါင်းစဉ်နှင့်ရေးဆွဲမှုထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A 4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းနှင့် ရေးဆွဲသည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းရေးဆွဲခြင်းမပြုရ။ ရေးဆွဲသည့်ပုံတွင် မိမိရွေးချယ်သော ခေါင်းစဉ်အား ပေါ်လွင်အောင် ထည့်သွင်းရေးဆွဲရမည်၊ ကျောဘက် (သို့မဟုတ်) ပိုစတာဒီဇိုင်း၏ညာဘက်အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။ ပိုစတာကို အလျားလိုက် (Landscapes) ရေးဆွဲပေးပို့ရပါမည်။ ပြိုင်ပွဲဝင်များ၏ ကိုယ်တိုင်တွေးခေါ် စဉ်းစားမှုဉာဏ်ရည်ဉာဏ်သွေးနှင့် တီထွင်ဖန်တီးမှုများကို ဦးစားပေးအကဲဖြတ်မည်ဖြစ်သောကြောင့် Artificial Intelligence (AI) ဖြင့် တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ အပြည့်အစုံသော်လည်းကောင်း ပြုလုပ်ထားလျှင် လက်ခံစဉ်းစားမည်မဟုတ်ပါ။

(၈) **ပန်းချီ ကာတွန်း၊ ပိုစတာ** ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ ၃ ဆင့်ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (Grade 5) အထိ အလယ်တန်းအဆင့် (Grade 6 – Grade 9 )နှင့် အထက်တန်းအဆင့် (Grade 10 – Grade 12 ) ဖြစ်ပါသည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလိုပါ။ 15''– 20'' အရွယ် ရေးဆွဲရမည်။ ခဲတံ (သို့မဟုတ်) ရောင်စုံခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၉) **ကွန်ပျူတာပန်းချီ** ပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (Grade 6 – Grade 9 )နှင့် အထက်တန်းအဆင့် (Grade 10 – Grade 12 ) ဖြစ်ပါသည်။ မူလတန်းအဆင့်ကျောင်းသား/ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်လိုပါက အလယ်တန်းအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံ မဖြစ်စေရ။ Software Programme ကို Corel draw၊ Photoshop၊ Claris office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်သည်။ ယှဉ်ပြိုင်သည့်ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၁၀) **ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ** ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူ တစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) **ဓာတ်ပုံ** ပြိုင်ပွဲဝင် တစ်ဦးလျှင် 8'' x 10'' – 8'' x 12'' အတွင်း လက်မအရွယ် Photo Essay အနည်းဆုံး ၃ ပုံမှ အများဆုံး ၅ ပုံ အထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ၅ ကြောင်းခန့်ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် ၁ ဦးလျှင် ဆုကြီး ၁ ဆုနှင့် နှစ်သိမ့်ဆု ၂ ဆု ခံစားခွင့်ရှိသည်။ Documentary (သို့) ပညာပေးဇတ်လမ်းတို (Short Film) ပြိုင်ပွဲတွင် ဇာတ်လမ်းတိုအား အနည်းဆုံး ၂ မိနစ်မှ ၃ မိနစ်ခန့်အထိ ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ မိမိကြိုက်နှစ်သက်ရာ ဖုန်း၊ ကင်မရာ၊ ဓာတ်ပုံကင်မရာတို့ဖြင့် ရိုက်ကူး၍ မည်သူမဆို ပါဝင်သရုပ်ဆောင် ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၂) ပန်းချီ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်များသည် အတန်း အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင့်လျော်သည့်နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၃) ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၂ ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်းဝန်ခံချက် ပူးတွဲပေးပို့ရမည်။

(၁၄) ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်၊ ဆက်သွယ်ရန် ဖုန်းအမှတ်မှာ ၀၁ ၇၅၀၅၂၆၀ ဖြစ်ပါသည်။

(၁၅) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| | | |
|---|---|---|
| (က) | တေးသီချင်း | ၁၁-၅-၂၀၂၆ |
| (ခ) | ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၁၁-၅-၂၀၂၆ |
| (ဂ) | ကွန်ပျူတာပိုစတာ | ၃-၆-၂၀၂၆ |
| (ဃ) | ဓာတ်ပုံ | ၂-၆-၂၀၂၆ |
| (င) | Documentary (သို့) ပညာပေးဇာတ်လမ်းတို (Short Film) | ၃-၆-၂၀၂၆ |
| (စ) | ပန်းချီ၊ ကာတွန်း၊ ပိုစတာ | ၅-၆-၂၀၂၆ |
| (ဆ) | ကွန်ပျူတာပန်းချီ | ၉-၆-၂၀၂၆ |

(၁၆) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ၃ ဆု ရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ ပြိုင်ပွဲတစ်ခုတွင် ဆု ၆ ဆု ချီးမြှင့်မည် ဖြစ်သော်လည်း အရေအတွက်မပြည့်မီပါက အဆင့်မီသူများကိုသာ အကဲဖြတ်အဖွဲ့မှ ရွေးချယ်ပေးပြီး ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၇) ပြိုင်ပွဲဝင် စာမူများ၊ လက်ရာများနှင့် ဇာတ်လမ်းတိုများကို မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ အစီအစဉ်ဖြင့် ပုံနှိပ်ထုတ်ဝေခြင်း၊ မီဒီယာများတွင် ထုတ်လွှင့်ခြင်းများ ဆောင်ရွက်အသုံးပြုသွားမည်ဖြစ်ပါသည်။

(၁၈) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(၁၉) ပြိုင်ပွဲအားလုံးတွင် Artificial Intelligence (AI) ဉာဏ်ရည်တုနည်းပညာဖြင့် တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ အားလုံးသော်လည်းကောင်းအသုံးပြု၍ ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရ။ အဆိုပါနည်းပညာကို အသုံးပြုပြီး ဖန်တီးထားသည့် ပြိုင်ပွဲဝင်လက်ရာများကိုလည်း ပြိုင်ပွဲတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**မှတ်ချက်။** မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသကဲ့သို့ အသိပညာပေးလုပ်ငန်းများအတွက် ပြည်သူအားလုံးမှတက်ကြွစွာပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာ Puma Power International Port Terminal ဆိပ်ကမ်းတွင် ပြည်ပမှ စက်သုံးဆီများ ဝင်ရောက်နေမှု၊ သိုလှောင်ထားရှိမှုနှင့် ဖြန့်ဝေပေးနေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

မော်လမြိုင် ဧပြီ ၁၈

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာ Puma Power International Port Terminal ဆိပ်ကမ်း၌ ပြည်ပမှစက်သုံးဆီများ ဝင်ရောက်မှု၊ သိုလှောင်ထားရှိမှုနှင့်ဖြန့်ဝေပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မွန်ပြည်နယ်ရေနံထွက်ပစ္စည်းထိန်းသိမ်းရေးဌာန ပြည်နယ်ညွှန်ကြားရေးမှူးက ပြည်ပမှစက်သုံးဆီ ဝယ်ယူတင်သွင်းမှု၊ စက်သုံးဆီများသိုလှောင်ထားရှိမှု၊ စက်သုံးဆီများ ဖြန့်ခွဲပေးမှုနှင့် ပြည်ပမှစက်သုံးဆီများ ထပ်မံမှာယူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း စက်သုံးဆီပြတ်လပ်မှုမရှိစေရေးထိန်းသိမ်းဆောင်ရွက်ရန်၊ နွေရာသီရောက်ရှိပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားရှိရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လမ်းများပိုမိုကောင်းမွန်ရေး၊ စက်သုံးဆီအရောင်းဆိုင်များတွင် ဘားကုတ်များဖြင့် စက်သုံးဆီရောင်းချနိုင်ရေးအမြန်ဆုံးဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မိုးရာသီတွင် သီးနှံစိုက်ပျိုးရေးအတွက် လိုအပ်လာမည့် စက်သုံးဆီများကြိုတင်ပြင်ဆင်ထားရှိရေး၊ ဝိုင်းဝန်းအကြံပြုဆွေးနွေးပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် Puma Power International Port Terminal ဆိပ်ကမ်းနှင့် သိုလှောင်ကန်များရှိ စက်သုံးဆီများကို သက်ဆိုင်ရာဆီဖြည့်ပိုက်များမှတစ်ဆင့် ဆီဘောက်ဆာယာဉ်များပေါ်သို့ ဆီဖြည့်ပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မုဒုံမြို့နယ် ဘလောက်ညောင်ဝိုင်းကျေးရွာအနီး အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား

## ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပ

ပဲခူး ဧပြီ ၁၈

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ ၂၀၂၆ခုနှစ် ဧပြီလ ၁၇ ရက် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းအချိန်က ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ ပါဝင်ကုသိုလ်ပြုခဲ့ကြသည်။

ရှေးဦးစွာ ပဲခူးမြို့ ဟံသာဝတီရေးဟောင်းကျုံးရေပြင်၌ ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စိုးစိုးသက်၊ ဥက္ကဋ္ဌဒေါ်စန္ဒာထွေးနှင့် တိုင်းအမှုဆောင်အဖွဲ့များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များသည် တိုင်းဒေသကြီးအဆင့်တာဝန်ရှိသူများနှင့်အတူ ဟံသာဝတီရေးဟောင်းကျုံးရေပြင်အတွင်းသို့ ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါ၊ ငါးခုံးမကြီး စုစုပေါင်းကောင်ရေ ၁၅၀၀၀၀ အား လွှတ်ပေးခဲ့ကြပြီး ငှက်မျိုးစုံ ကောင်ရေ ၁၅၀ ကိုလည်း ကုသိုလ်ပြုလွှတ်ပေးခဲ့ကြကြောင်းသိရှိရသည်။

ထို့နောက် ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးတွင်ပဲခူးမြို့ပေါ်ရပ်ကွက်များမှသက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနားပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စိုးစိုးသက်၊ ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေးနှင့် တိုင်းအမှုဆောင်အဖွဲ့များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက အဘိုးအဘွားများအား ကန်တော့ချီးဖြင့်ရှိခိုးကန်တော့ကြပြီး အလှူငွေနှင့်ကန်တော့ခံပစ္စည်းများအား ပေးအပ်လှူဒါန်းခဲ့ကြရာ အဘိုးအဘွားများကိုယ်စား သပြေကုန်းဘိုးဘွားရိပ်သာမှ အဘွား ဒေါ်ငွေးငွေးမြင့်က ဆုပေးစကားပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ပဲခူးမြို့ပေါ်ရပ်ကွက်နှင့် သပြေကုန်းဘိုးဘွားရိပ်သာမှ အဘိုးအဘွား ၆၉ ဦးအား ပူဇော်ကန်တော့ကြခြင်းဖြစ်ပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၁၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚c | / | ၃၉˚c |
| ရန်ကုန် | ၂၅˚c | / | ၃၈˚c |
| မန္တလေး | ၂၉˚c | / | ၄၂˚c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

### ၁၈-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တင်ဒါအမှတ် - (1) 1T/PROCUREMENT/REINFORCED STEEL BAR/ASTM A615-Grade 60/ 2026-2027(Lot-1)
(2) 1T/PROCUREMENT/REINFORCED STEEL BAR/ASTM A706-Grade 60/ 2026-2027(Lot-2)
(3) 1T/PROCUREMENT/P.C Wire/2026-2027(Lot-3)
(4) 1T/PROCUREMENT/P.C Accessories/2026-2027(Lot-4)
(5) 1T/PROCUREMENT/ELASTOMERIC BEARING/2026-2027(Lot-5)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်မည့် တံတားများတွင်အသုံးပြုရန်အတွက် ASTM A615-Grade 60 သံချောင်းလုံးအရွယ်စုံများ၊ ASTM A706-Grade 60 သံချောင်းလုံးအရွယ်စုံများ၊ P.C Wire၊ P.C Accessories နှင့် Elastomeric Bearing(PC Type, RC Type) တို့အား ရန်ကုန်မြို့ရှိ တံတားဦးစီးဌာန၊ တံတားလေးသိုလှောင်ဝင်းနှင့် ပျဉ်းမပင်စတို(နွယ်ခွေ)သိုလှောင်ဝင်း အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၂၀-၄-၂၀၂၆)ရက်နေ့(ရုံးချိန်အတွင်း)။

၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - (၂၈-၄-၂၀၂၆)ရက်နေ့(ရုံးချိန်အတွင်း)။

၄။ တင်ဒါပုံစံရောင်းချမည့်နေရာ - ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ၊ နေပြည်တော်နှင့်သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ တံတားလေးဝင်း၊ တံတားဦးစီးဌာန၊ ရန်ကုန်။

၅။ (က) သံချောင်းလုံးနမူနာအား Laboratory သို့ နောက်ဆုံးပေးပို့ရမည့်ရက် - (၂၉-၄-၂၀၂၆)ရက်နေ့(ရုံးချိန်အတွင်း)။
(ခ) သံချောင်းလုံးနမူနာများ၏ Laboratory Test Result များနှင့် Tender Document များ နောက်ဆုံးပေးပို့ရမည့်ရက် - (၄-၅-၂၀၂၆)ရက်နေ့(ရုံးချိန်အတွင်း)။

၆။ P.C Wire နှင့် P.C Accessories ၏နမူနာ၊ Mill Certificate နှင့် Tender Document များ နောက်ဆုံးပေးပို့ရမည့်ရက် - (၄-၅-၂၀၂၆)ရက်နေ့(ရုံးချိန်အတွင်း)။

၇။ Elastomeric Bearing(PC Type, RC Type)၏ Mill Certificate နှင့် Tender Document များ နောက်ဆုံးပေးပို့ရမည့်ရက် - (၄-၅-၂၀၂၆)ရက်နေ့(ရုံးချိန်အတွင်း)။

၈။ တင်ဒါဖွင့်မည့်ရက် - (တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်အား အကြောင်းကြားပါမည်။)

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် ၀၉-၂၄၅၀၀၉၂၊ ၀၉-၉၅၅၁၀၈၅၀၀၊ ၀၉-၄၃၀၈၈၁၅၅ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၁၀။ သတ်မှတ်ရက်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊**
**ရုံးအမှတ်(၁၁)၊ နေပြည်တော်**

**မိဘအမည်မှန်**
တာချီလိတ်မြို့၊ ဆန်းမွန်းလိုက်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-3(B) မှ မနှာဟော(ခ) နာမီးဟော၏ဖခင်နှင့်မိခင်အမည်မှန်မှာ ဦးကျုလော၊ ဒေါ်နာဖ ၁၃/မယန(နိုင်)၀၃၇၈၃၄ မှာ အမှန်ဖြစ်ပါကြောင်း။ ဦးကျုလော၊ ဒေါ်နာဖ

**ပျောက်ဆုံးကြောင်း**
နော်အိသဇင်မင်း(ဘ)ဦးမင်းလွင် ၁၄/ဟသတ(နိုင်)၃၇၁၇၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဟေမာမိုး(ဘ)ဦးဇော်မိုးအောင် ၇/ရတန(နိုင်)၁၂၈၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကျော်လင်း(ဘ)ဦးမောင်နီ ၁၁/ပတန(နိုင်)၀၄၇၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(850612)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မထုရာ(ဘ)ဦးလရှန် ၁၃/ကခန(နိုင်)၀၇၉၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အောင်မြင့်ဝင်း(ဘ)ဦးတင်မောင် ၉/မလန(နိုင်)၀၉၉၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂


Myanmar Mobile Money(MMM) ကို
အသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရယူနိုင်ပါပြီ။
Myanmar MOBILE MONEY
anywhere
anytime
anyone
● ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
● ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
● လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း
● E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း
● Internet Bill ပေးဆောင်ခြင်း၊
● Skynet Bill Payment ပေးသွင်းခြင်း၊
● Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
● မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
● E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
● အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊
● လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)ပိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


STARMART Showroom များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင်
ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၃၀၈၆၀၁၈၀
Kha Yae Pin Mart
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၆၇၁၄၄၃၅၅၅
NAN MYAING
RHINO
PRODUCT OF MEC
EXPORT QUALITY
SUGARMEC
TRISTAR


AUNG THITSA OO INSURANCE
အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ထူးခြားသည့်နေ့အပူချိန်များ

၁၈-၄-၂၀၂၆

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြင်းမူ | ၄၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် | ညောင်ဦး | ၄၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | မင်းဘူး | ၄၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် | စစ်ကိုင်း | ၄၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၄၂ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် | မကွေး | ၄၂ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | | | မန္တလေး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းထုတ်ဒီဇယ်ဆီများ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တောင်သူများထံသို့ အထူးသက်သာသောဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချ




နေပြည်တော် ဧပြီ ၁၈

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီတို့နှင့် ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တောင်သူများကို စက်သုံးဆီအခက်အခဲလျော့နည်းသက်သာစေရေးနှင့် ဈေးနှုန်းသက်သာစွာ အလွယ်တကူဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် ဆီထွက်သီးနှံ ထွန်ယက်စိုက်ပျိုးရန်ကျန်ရှိသော ကျေးရွာများသို့ ပြည်တွင်းထုတ် ဒီဇယ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် လက်ငင်းငွေချေစနစ်ဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ယနေ့ ဧပြီလ ၁၈ ရက်တွင် လယ်ဝေးမြို့နယ်အတွင်း ကျေးရွာများအတွက် စုရပ်သုံးနေရာ၊ **စာမျက်နှာ ၂၇ ကော်လံ ၅ ➤**

ထိုင်းနိုင်ငံ၌ Melioidosis ရောဂါကူးစက်မှု မြင့်တက်လာသဖြင့် ပြည်သူများ သတိပြုရန် အစိုးရတိုက်တွန်း

စာ - ၂၃ သို့

အီရန်က ဟော်မုဇ်ရေလက်ကြားမှ သင်္ဘောများ ဖြတ်သန်းခွင့်ကို တစ်ဖန်ပြန်လည်ကန့်သတ်

စာ - ၂၃ သို့

EV များအတွက် လမ်းမပေါ်မှာ မောင်းနှင်ရင်း အားသွင်းနိုင်မယ့် စွမ်းဆောင်ရည်မြင့် ကြိုးမဲ့အားသွင်းစနစ်

စာ - ၂၂ သို့

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ဒေသတစ်ဝိုက်၌ နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၁၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ဒေသတစ်ဝိုက်၌ နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား **စာမျက်နှာ ၁၅ ကော်လံ ၁ ●**



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

